ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ပွားစီးတိုးအောင် အားထုတ်

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအုံဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၇၈ ခုနှစ် တန်ခူးလဆန်း ၁၄ ရက် တနလာနေ့။ Monday, 10 April 2017 (စာစဉ်၂)

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုပြီး ရှေးဟောင်းနန်းတော်ပြတိုက်နှင့် မဟာတံတိုင်းကြီးသို့ သွားရောက်ကြည့်ရှုလေ့လာ

ပေကျင်း ဧပြီ ၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ဦးဆောင်သော အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပေကျင်းမြို့ လင်ကွမ်းကျောင်းတော်စွယ်တော်တိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓ၏လက်ဝဲဘက် အထက်စွယ်တော်မြတ် (Buddha Tooth Relics)အား သွားရောက်ဖူးမြော်ကြသည်။

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် လင်ကွမ်းကျောင်းတော်သို့ ရောက်ရှိကြပြီး လင်ကွမ်းကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ဖူးမြော်ကြည်ညို

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးသည် ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်စံပယ်တော်မူရာ စွယ်တော်တိုက်သို့ ရောက်ရှိကြပြီး ဗုဒ္ဓ၏လက်ဝဲဘက် အထက်စွယ်တော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓ၏လက်ဝဲဘက် အထက်စွယ်တော်မြတ်သည် မြန်မာနိုင်ငံသို့ (၄)ကြိမ်တိုင် ဒေသစာရီကြွချီ၍ ပြည်သူများ၏ ပူဇော်မှုခံယူခဲ့သည်။ ဗုဒ္ဓမြတ်စွယ်တော်သည် မြန်မာနိုင်ငံသို့ ၁၉၅၅ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၉၉၆ ခုနှစ်တွင် တတိယအကြိမ်၊ ၂၀၁၁ ခုနှစ်တွင် စတုတ္ထအကြိမ်အဖြစ် ဒေသစာရီကြွချီအပူဇော်ခံတော်မူခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❋

ပေကျင်းမြို့ရှိ မဟာတံတိုင်းကြီး၌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ရှေးခေတ်ဗိသုကာလက်ရာများကို ကြည့်ရှုလေ့လာကြစဉ်။

ဆရာဇော်ဂျီ နှစ်(၁၁၀)ပြည့် မွေးနေ့အခမ်းအနား ကျင်းပ

စာမျက်နှာ ›› ၂

"အမေ့ကို ချစ်လို့... ပြီးတော့ ဗီဒီယိုထဲက မင်းသားထိုးထားတဲ့ တက်တူးကို ကြိုက်လို့" အတုမြင် အတတ်သင် ဆောင်းပါး

စာမျက်နှာ ›› ၁၆

KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘာဇလာဏ်

ကြေးမုံ

လူငယ်အင်အားဖြင့် နိုင်ငံသစ်တည်ဆောက်

မြန်မာနိုင်ငံရှိလူဦးရေ၏ တစ်ဝက်ခန့်မှာ လူငယ်လူရွယ်များဖြစ်သည်။ ၂၀၁၄ ခုနှစ်က ကောက်ယူခဲ့သော လူဦးရေသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံအတွင်းရှိ အသက်(၃၀)နှစ်အောက် လူငယ်လူရွယ်များသည် နိုင်ငံရှိလူဦးရေစုစုပေါင်း၏ ၅၅ ရာခိုင်နှုန်းအထိရှိနေသည်ဟုသိရပြီး ထိုလူငယ်လူရွယ်များအား ဆီလျော်ကိုက်ညီသည့် လုပ်ကိုင်ဆောင်ရွက်မှုများ ဖန်တီးပေးနိုင်ပါက နိုင်ငံဖွံ့ဖြိုးရေးအတွက် အင်အားတစ်ရပ်ဖြစ်စေသည်။

ယနေ့လူငယ်လူရွယ်များသည် ဟိုယခင်ကလူငယ်များနှင့်မတူ ဉာဏ်ပညာထူးချွန်ထက်မြက်ပြီး ခေတ်နှင့်လိုက်လျောညီထွေစွာဖြင့် တွေးခေါ်မြော်မြင်တတ်သူများဖြစ်သည်။ နည်းပညာတတ်ကျွမ်းကြသူများ ဖြစ်ကြပြီး ခေတ်မီမီ ကမ္ဘာကြည့် ကြည့်တတ်သူများဖြစ်သည်။ အရာရာကို စူးစမ်းလေ့လာတတ်သူများဖြစ်ပြီး လုပ်ချင်ကိုင်ချင်စိတ်ရှိကြသူများဖြစ်သည်။ ထို့ကြောင့် ထိုလူငယ်များအား လမ်းမှားသို့မရောက်စေဘဲ လမ်းမှန်သို့ ပို့ဆောင်ပေးနိုင်ရန်သာ လိုအပ်သည်။

အသက်(၃၀)အောက် လူငယ်လူရွယ်များတွင် ပညာရှာမှီးနေကြသူများရှိသလို အလုပ်အကိုင်နယ်ပယ် အမျိုးမျိုးသို့ရောက်ရှိနေကြသူများ လည်းရှိသည်။ လုပ်ချင်ကိုင်ချင်စိတ်မရှိဘဲ လေလွင့်နေသောလူငယ်များမှာ အနည်းစုသာရှိသည်။ ထိုလူငယ်များအတွက် လိုအပ်ချက်မှာ သင့်လျော်ရာ လမ်းကြောင်းမှန်ပေါ်သို့ ပို့ဆောင်ပေးနိုင်ရန်သာဖြစ်သည်။ လူငယ်များ အတွက် ငွေကြေးအခက်အခဲ၊ ပညာရေးအခက်အခဲများ လူတန်းစားအလွှာ အပေါ်မူတည်၍ ရှိနေသည်။

ယင်းအခြေအနေကိုကျော်လွှားနိုင်ရန် လူငယ်များအတွက် ပံ့ပိုးကူညီ မှုများ၊ အခွင့်အလမ်းကောင်းများ ပေးဝေနိုင်ရမည်။ မှန်ကန်သော အယူ အဆများနှင့် နည်းစနစ်ကျကျတွေးခေါ်နိုင်ရေး၊ တန်ဖိုးရှိသော ဘဝအခြေ အနေများပေါ်တွင် ချောမွေ့လွယ်ကူစွာလျှောက်လှမ်းနိုင်ရန် အရေးကြီး သည်။ ဆန်းသစ်တီထွင်မှုများနှင့် ဘာသာစုံ၊ နယ်ပယ်စုံတွင် အလွှာစုံပါဝင် လာနိုင်ဖို့လည်းလိုသည်။

အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် လူငယ် များအနေဖြင့် မိမိတို့စိတ်ဝင်စားရာ ကဏ္ဍအလိုက် ပါဝင်ကြကာ မတူညီ သောလူမျိုးစု၊ မတူညီသောနေရာဒေသများအလိုက် လူငယ်အချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့လိုသည်။ မတူကွဲပြားသော ဝေလေ့စရိုက်များကို ဖလှယ်ကာ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ချစ်ခင်မှု၊ အပြန်အလှန် ရိုင်းပင်းကူညီမှု၊ အားကျအတုယူမှုများဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုင်းဝန်းကြိုးပမ်းအားထုတ်ကြဖို့လိုမည်။

အဆိုပါအခြေအနေများကိုရည်ရွယ်ကာ နိုင်ငံတည်ဆောက်ခြင်း အခန်းကဏ္ဍတွင် လူငယ်များပါဝင်နိုင်မှု ဆွေးနွေးပွဲကို ယမန်နေ့က မော်လမြိုင်မြို့တွင် ကျင်းပခဲ့ကြောင်းသိရ၍ အဆိုပါလူငယ်လူရွယ်များအား ဝမ်းမြောက်ဝမ်းသာကြိုဆိုရပါသည်။ အဆိုပါဆွေးနွေးပွဲသို့ မော်လမြိုင်မြို့ ရှိ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ လူငယ်အသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

ဤကဲ့သို့ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် လူငယ်အဖွဲ့အစည်းများ တက်တက်ကြွကြွ စုပေါင်းဆွေးနွေးပြီး လူငယ်များဘဝ ဖွံ့ဖြိုးရေးသာမက နိုင်ငံအတွက် အကျိုးရှိရာရှိကြောင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင် သလို အခြားနယ်မြေဒေသများရှိ လူငယ်အဖွဲ့အစည်းများလည်း အလားတူ ဆောင်ရွက်ကြမည်ဆိုပါက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူငယ်အင်အား ၅၅ ရာခိုင်နှုန်းသည် နိုင်ငံနှင့်လူမျိုးအတွက် အကျိုးကျေးဇူးများစွာ ရရှိလာနိုင်မည်ဖြစ်သည်။

နိုင်ငံတော်ကိုတည်ဆောက်ရာတွင် လူငယ်များ၏ အခန်းကဏ္ဍ၊ လူငယ်များ၏အသံ၊ လူငယ်များ၏အင်အားသည် များစွာအရာရောက် ပေသည်။ သမိုင်းအဆက်ဆက် နိုင်ငံတော်ကို ပြုပြင်ပြောင်းလဲတည်ဆောက် ရာတွင် ပံ့ပိုးကူညီမှုနှင့်ဦးဆောင်မှုအခန်းကဏ္ဍများတွင် လူငယ်များအမြဲ ပါဝင်ခဲ့ကြသည်။ လူငယ်များသည် တက်ကြွလှုပ်ရှားမှုနှင့်တီထွင်ဖန်တီး နိုင်မှု၊ တည်ဆောက်နိုင်မှုစွမ်းအားများ မြင့်မားကြသူများဖြစ်သည်။

လူငယ်များအား ၎င်းတို့၏ စိတ်ဝင်စားရာအခန်းကဏ္ဍမှ နိုင်ငံ တည်ဆောက်ရေးတွင် ပါဝင်ကြပြီး အင်အားပြည့်ပေါင်းစည်းအားဖြင့် ပိုင်းဝန်းဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲ ဧကန်အမှန်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံအတွင်း ကြီးမားသည့်အင်အား တစ်ရပ်အဖြစ် တည်ရှိနေသော လူငယ်လူရွယ်များအား စုစည်းပြီး လမ်းကြောင်းမှန်ပေါ်သို့ ပိုင်းဝန်းပို့ဆောင်ပေးကြရန် တိုက်တွန်း ပါသည်။ ။

ဆရာဇော်ဂျီ နှစ်(၁၁၀)ပြည့် မွေးနေ့အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၉

မြန်မာခေတ်ဆန်းစာပေခေတ်ကို ဦးဆောင်ခဲ့သူ တစ်ဦးဖြစ်သည့် စာရေးဆရာကြီး ဇော်ဂျီ၏ နှစ်(၁၁၀) ပြည့်မွေးနေ့အထိမ်းအမှတ် အခမ်း အနားကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သံစေ့ျးရှိ Yangon Book Plaza ၌ ကျင်းပသည်။

ဦးဆောင်ကျင်းပသည့် စာရေး ဆရာမြေမှုန်လွင် (ငါတို့စာပေ)က "ဆရာကြီးဇော်ဂျီက စာပေလောက မှာ ခေတ်ဆန်းစာပေကို ဦးဆောင်ခဲ့ သူဖြစ်ရုံမက ဒဿနစာပေ၊ ဘာသာပြန် စာပေစတဲ့ စာပေတွေကိုလည်း အကောင်းဆုံး ဖော်ကျူးနိုင်သူဖြစ်ပါ တယ်။ ဒီလိုစာပေကျေးဇူးကြီးမားတဲ့ စာရေးဆရာကြီးတွေကို နှောင်းခေတ် လူငယ်တွေ မေ့လျော့နေကြတာ တွေ့ရတယ်။ ဒါတွေကို မမေ့မပျောက် ဘဲ မှတ်တမ်းတင်သိရှိစေလိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီအခမ်းအနားကို ကျင်းပတာပါ"ဟု ပြောသည်။

အခမ်းအနားကို အစီအစဉ်နှစ်ပိုင်း ဖြင့် ကျင်းပခဲ့ရာ ပထမပိုင်းတွင် ဆရာကြီးဇော်ဂျီနှင့် စာပေလုပ်ငန်း များ လုပ်ဆောင်ခဲ့ကြသည့် စာရေး ဆရာကြီးများဖြစ်သော မင်းယုဝေ၊ သစ္စာနီနှင့် ဦးမြင့်ကြိုင်တို့က ဆရာဇော်ဂျီနှင့် ပတ်သက်သည့် အမှတ်တရစကားများ ပြောကြားကြ သည်။ ဒုတိယပိုင်းတွင် အသက် (၁၄) နှစ်မှ (၂၅)နှစ်အတွင်းရှိ လူငယ်များက ဆရာဇော်ဂျီ၏ ကဗျာများကို ရွတ်ဆို ယှဉ်ပြိုင်ကြပြီး အကောင်းဆုံး ရွတ်ဆို နိုင်သူ သုံးဦးတို့အား စာရေးဆရာ မြေမှုန်လွင်က ဆုများချီးမြှင့်သည်။

ဆရာဇော်ဂျီ၏ သမီးကြီးဖြစ်သူ ဒေါက်တာ ခင်မျိုးဟန်က "စာပေ အသိုင်းအဝိုင်းက မမေ့မလျော့နဲ့ အခမ်းအနားကျင်းပပေးတဲ့အတွက် မိသားစုဝင်အနေနဲ့ ဝမ်းသာပါတယ်။ ဖေဖေက ရိုးရိုးသားသားနေထိုင်တာကို နှစ်သက်တယ်။ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ် အပြည့်အဝရှိ တယ်။ တိုင်းရင်းသားစည်းလုံးညီညွတ် ရေးဖော်ဆောင်တဲ့ ကဗျာတွေများစွာ ရေးသားခဲ့သူဖြစ်ပါတယ်"ဟု ပြော သည်။

Yangon Book Plaza တွင် ဆရာဇော်ဂျီ၏စာပေများကို ထုတ်ဝေ သည့် စာပေတိုက်များက ဆရာဇော်ဂျီ ၏စာပေများကို တစ်အုပ်လျှင် ၂၀ ရာခိုင်နှုန်းလျှော့၍ ရောင်းချပေးခဲ့ သည်။

ဆရာဇော်ဂျီသည် ငယ်စဉ် ကတည်းကပင် မြန်မာမှုမြန်မာစာပေ ကို နှံ့စပ်ကျွမ်းကျင်အောင် ဆည်းပူး လေ့လာခဲ့သူတစ်ဦး ဖြစ်သည်။ ၁၉၂၈ ခုနှစ်တွင် နာမည်ကျော် ပိတောက်ပန်း ကဗျာကို ရေးဖွဲ့ခဲ့သည်။ ရှေးဟောင်း ကဗျာများမှ တွေးပုံတွေးနည်း၊ ရေးပုံ ရေးဟန်များကို အခြေခံ၍ အသစ် တီထွင်ကာ ကဗျာပုံစံသစ်ကို ရှာဖွေ လမ်းဖောက်ခဲ့သူ၊ မြန်မာစာပေသမိုင်း သစ်တစ်ရပ် ထူထောင်နိုင်ခဲ့သူတစ်ဦး ဖြစ်သည်။

သတင်း- မြတ်စန္ဒီ
ဓာတ်ပုံ- မွန်မွန်

ထူးချွန်စံပြကျေးရွာဆုရ ကျေးရွာသို့ စွမ်းအားမြင့် မီးပို ၁၀ လုံးနှင့် ဆိုလာမီးအိမ်သုံးစုံ ပေးအပ်

ဆားလင်းကြီး ဧပြီ ၉

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ထူးချွန်စံပြကျေးရွာဆုရ မြင်းခြံဘွားကျေးရွာအား စွမ်းအားမြင့်မီးဖို ၁၀ လုံးနှင့် ဆိုလာမီးအိမ် သုံးစုံ လွှဲပြောင်းပေးအပ်ပွဲကို ဧပြီ ၉ ရက်က ကျေးရွာ အမကကျောင်းတွင် ပြုလုပ် သည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘလွင်ဦး၊ လက်ထောက်ညွှန်မှူး ဦးမြင့်ထွန်းနှင့် ဆားလင်းကြီးမြို့ ဦးစီးအရာရှိ ဦးဆန်းထွန်းဦးတို့က ကျေးရွာသားများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်သီဟ(ဆားလင်းကြီး)

မွန်ပြည်နယ်ရဲတပ်ဖွဲ့နှင့် ကျန်းမာရေးဌာနတို့ပူးပေါင်း၍ သင်္ကြန်အကြိုကာလ ဆေးအရောင်းဆိုင်များ ကွင်းဆင်းစစ်ဆေး

မော်လမြိုင် ဧပြီ ၉

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် ဖွင့်လှစ် ရောင်းချလျက်ရှိသော ဆေးအရောင်းဆိုင်များတွင် တရားမဝင် ကာမစိတ်ကြွ ဆေးဝါးများရောင်းချမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဧပြီ ၇ ရက် နံနက်ပိုင်းမှ ညနေ ၅ နာရီအထိ မွန်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာနမှ ဒေါက်တာ မိမိမိုးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းနယ်မြေ ရဲစခန်းမှ စခန်းမှူး ရဲအုပ်အေးမင်းငြိမ်းနှင့် ဒုရဲအုပ်ဝေဖြိုးအောင် ပါဝင်သော ရဲတပ်ဖွဲ့ဝင်များက နယ်မြေအတွင်းရှိ ဆေးအရောင်းဆိုင်များသို့လည်းကောင်း၊ မုဒွန်နယ်မြေရဲစခန်းမှူး ရဲအုပ်သန်းမြင့်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင် များက စခန်းအပိုင်အတွင်းရှိ ဆေးဆိုင်များသို့လည်းကောင်း၊ ဇေယျာသီရိ နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်စိုးမြင့်၊ဒုတိယရဲအုပ် မျိုးဇော်အောင်နှင့် တပ်ဖွဲ့ဝင်များက အပိုင်စခန်းနယ်မြေအတွင်း ဖွင့်လှစ်ထားရှိသော ဆေးအရောင်း ဆိုင်များသို့လည်းကောင်း၊ မြိုင်သာယာနယ်မြေရဲစခန်းမှူး ရဲအုပ်တင်ထွန်းဦး နှင့် ရဲတပ်ဖွဲ့ဝင်များက ယင်းနယ်မြေအတွင်းရှိ ဆေးအရောင်းဆိုင်များသို့ လည်းကောင်း၊ မြို့မရဲစခန်းနယ်မြေအတွင်းရှိ ဆေးအရောင်းဆိုင်များ အပါအဝင် စုစုပေါင်း ၄၈ ဆိုင်သို့ ကွင်းဆင်းကာ ကာမစိတ်ကြွဆေးပြားများနှင့် အခြားတားမြစ်ဆေးများရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ မော်လမြိုင်ခရိုင်အတွင်းရှိ မုဒုံမြို့နယ်၊ ကျိုက်မရောမြို့နယ်၊ ချောင်းဆုံမြို့နယ်၊ ရေးမြို့နယ်၊ သံဖြူဇရပ်မြို့နယ်တို့တွင် ရဲမှူးများဦးစီးသော တပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ တစ်ပြိုင်တည်း ဆေးအရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေးကာ အသိပညာပေးမှုများ ဆောင်ရွက်ပြီး တားမြစ်ဆေးများ ရောင်းချမှုမပြုလုပ်ရန် မှာကြားခဲ့ကြောင်း သိရသည်။

(၃၀၇)

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလဲ့သင်း၊ ဒေါ်စန္ဒာဝင်း

သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလိ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလွဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

The Mirror Established in 1957
၁၉၅၇ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၄၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၄၁၂၅၊ ၀၆၇-၃၄၁၃၃၀၊ ဖက်စ် ၀၆၇-၃၄၁၃၃၁
ရန်ကုန်နေပြည်တော် - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီအီ/ဌေးရင်း ၀၁-၂၉၁၇၄၅၊ ဖြန့်ဖိုရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၅

ပြည်သူနှင့်အတူ

အပြန်အလှန် အမှီသဟဲပြု

ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ဟာ အပြန်အလှန်ချိတ်ဆက် အမှီသဟဲပြုနေပါတယ်။ ငြိမ်းချမ်းရေးမရရှိဘဲ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ မဖြစ်နိုင်ပါ။ ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ ငြိမ်းချမ်းရေးမတည်မြဲနိုင်ပါ။ ဆင်းရဲနွမ်းပါးမှုကို အမြစ်ပြတ်သုတ်သင်နိုင်ရေးဟာ ဒီနေ့ ကြုံတွေ့နေရတဲ့စိန်ခေါ်မှုအများအပြားကို ဖြေရှင်းနိုင်မယ့်နည်းလမ်းများအနက် တစ်ခုဖြစ်ပါတယ်။

(၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်တွင်ကျရောက်သည့် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂနှစ်ပတ်လည်နေ့သို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

အဂတိတရား(၄)ပါး ကင်းဖို့လို

အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးအတွက် လုပ်တဲ့နေရာမှာလည်း ဒီအဂတိတရား (၄)ပါးကင်းဖို့ လိုပါတယ်။ ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟ။ မကြိုက်လို့ မလုပ်တာတို့၊ ကြိုက်လို့ လုပ်တာတို့၊ ကြောက်လို့လုပ်တာတို့၊ ဒါမှမဟုတ် အသိတရားကင်းမဲ့လို့ လုပ်တာတို့၊ မလုပ်တာတို့ ဒါတွေအားလုံးဟာ အဂတိတရားတွေပါပဲ။ ဒါတွေကနေ ကင်းစင်ဖို့ အစိုးရတစ်ရပ်ဟာ အင်မတန်မှကြိုးစားရပါလိမ့်မယ်။

(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကျေးလက်တောရွာနေလူငယ်များ စကားဝိုင်း ကျင်းပမည်

နေပြည်တော် ဧပြီ ၉

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကျေးလက်တောရွာနေလူငယ်များစကားဝိုင်းကို နေပြည်တော် MICC-2 ၌ ဧပြီ ၁၁ ရက် မွန်းလွဲ ၂နာရီတွင် ကျင်းပသွားမည်ဖြစ်ပါသည်။ ၎င်းအစီအစဉ်ကို မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် Live စတင်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဈေးကွက်ပျိုးရေးထုတ်ကုန်များ နိုင်ငံတကာအဆင့်မီရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် တောင်သူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တောင်သူများဘဝ အကျိုးဖြစ်ထွန်းလာမည်

နေပြည်တော် ဧပြီ ၉

နိုင်ငံတကာအဆင့်မီ ထုတ်ကုန်အရည်အသွေးတိုးမြှင့်နိုင်ရေးနှင့် စျေးကွက်ယှဉ်ပြိုင်နိုင်ရေးတို့အတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် တောင်သူများ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှု၏ အခြေခံကျသော တောင်သူများ၏ ဝင်ငွေနှင့်အကျိုးစီးပွားဖြစ်ထွန်းစေရေးနှင့် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသွားနိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်ကပြောကြားသည်။

ထို့အပြင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ အဓိကစိုက်ပျိုးသီးနှံများ အလိုက် လိုအပ်သောဥပဒေများဆိုင်ရာ သုံးသပ်ပြဋ္ဌာန်းနိုင်ရေးကို လုပ်ငန်းကဏ္ဍများအလိုက် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ သီးနှံများ၏ အဓိကအခြေခံလိုအပ်ချက် သွင်းအားစုဖြစ်သော မျိုးစေ့များ အရည်အသွေးပြည့်မီရန်နှင့် စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်လွန်ကာလအထိ နည်းပညာများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်၊ အဆင့်မီဓာတ်ခွဲခန်းများ ထူထောင်အသုံးပြုနိုင်ရန်နှင့် သုတေသနလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်တို့အတွက် ပြည်တွင်း ပြည်ပ ပညာရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဧပြီ ၈ ရက် မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တွင် မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် သကြားနှင့်ကြံထွက် ပစ္စည်းလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ဒုတိယဝန်ကြီး ဦးလှကျော်က ထိုကဲ့သို့ ဆွေးနွေးပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ တောင်သူတွက်ခြေကိုက်မည့် သီးနှံမျိုးများကို တောင်သူစိတ်ကြိုက် လွတ်လပ်စွာရွေးချယ် စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုပေးထားပြီး ဖြစ်သည်နှင့်အညီ စျေးကွက်လိုအပ်ချက်နှင့် တောင်သူအကျိုးဖြစ်ထွန်းစေမည့် သီးနှံများကို ထိရောက်သော လယ်ယာကုန်ထုတ်လုပ်မှုကန်ထရိုက်စနစ် Contract Farming များ ထူထောင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီး ဦးလှကျော်က လိုအပ်ချက်များ ဖြည့်ဆည်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဧပြီ ၉ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၌ကျင်းပသည့် သား၊ ငါးကဏ္ဍ ဘက်စုံဖွံ့ဖြိုးမှုဆိုင်ရာ တွေ့ဆုံညှိနှိုင်းပွဲသို့ တက်ရောက်၍ သား၊ ငါးကဏ္ဍ ထွက်ကုန်များ အရည်အသွေးမြှင့်တင်ဆောင်ရွက်ရေး၊ ပို့ကုန်တိုးမြှင့်ရေးနှင့် စျေးကွက်တည်ငြိမ်ရေး၊ ခေတ်စနစ်နှင့်လျော်ညီသော မွေးမြူထုတ်လုပ်မှု ဆိုင်ရာဥပဒေများ သုံးသပ်ပြဋ္ဌာန်းနိုင်ရေး၊ ရင်းနှီးမတည်ငြိ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သန်းဦး(လေးမျက်နှာ)**

သဘာဝဘေးကြုံတင်ပြင်ဆင်ရေးလုပ်ငန်းများ ထိရောက်စွာဖော်ဆောင်ပေးနိုင်ရေး ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဧပြီ ၉

သဘာဝဘေးကိုတုံ့ပြန်ရန် အစဉ်အမြဲအသင့်ဖြစ်နေစေရေး၊ သဘာဝဘေးနှင့် ပတ်သက်၍ ဘေးဒဏ်ခံနိုင်စွမ်းရှိသော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်စေရေး၊ ယခင်နှစ် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့မှုများကို သင်ခန်းစာယူ၍ ယခုနှစ်တွင် ကြိုတင်ပြင်ဆင်မှုအပိုင်းကို အလေးထားပြီး ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်စေရေး၊ ပြည်သူ၏ လိုအပ်ချက်များကို သိရှိဖော်ဆောင်ပေးနိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီးသို့ ရောက်ရှိနေသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးသည် ယမန်နေ့ မွန်းလွဲပိုင်းက သာပေါင်းမြို့နယ် မအူပင်ဒေါင့်ကျေးရွာသို့ သွားရောက်၍ အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းတွင် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ရပ်ရွာလူထုနှင့်တွေ့ဆုံ၍ လိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ရေသန့်စက်သုံးလုံးတပ်ဆင်ရန်နှင့် အုတ်ရေတွင်းတူးဖော်ရန် ထောက်ပံ့ငွေများကိုပေးအပ်သည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် သာပေါင်းမြို့နယ် ဘုရားနီကျေးရွာရှိ နန္ဒာရာမကျောင်းတွင် ရပ်ရွာလူထုနှင့်တွေ့ဆုံကာ သဘာဝဘေး ကြိုတင်ကာကွယ်မှုလုပ်ငန်းများတွင် ပြည်သူများအတူတကွ ပါဝင်ကြရန် တိုက်တွန်းပြောကြားပြီး လတ်တလောလိုအပ်ချက်ဖြစ်သော အခြေခံပညာအလယ်တန်းကျောင်းခွဲအတွက် စာသင်ခုံများဝယ်ယူရန် ငွေကျပ် ၁၅ သိန်း၊ ဘုရားနီကျေးရွာနှင့် စစ်ပင်ကွင်းကျေးရွာတို့တွင် ဘက်စုံသုံးအဆောက်အအုံ(School Cum Shelter) တစ်လုံးစီ ဆောက်လုပ်ရန် ငွေကျပ်သိန်း ၂၈၀၀ ကို ထောက်ပံ့ပေးအပ်ပြီး နန္ဒာရာမကျောင်းဆရာတော်အား ဖူးမြော်၍ အလှူငွေကျပ် တစ်သိန်း လှူဒါန်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ဇလွန်မြို့နယ် နန်းတော်ကျွန်း ကျေးရွာသို့ သွားရောက်၍ အဆိုပါကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ရပ်ရွာလူထုနှင့် ကျောင်းသားကျောင်းသူများ သွားလာရေးအခက်အခဲကို ဖြေရှင်းနိုင်ရန် နန်းတော်ကျွန်းကျေးရွာနှင့် အေးရွာ ဆက်သွယ်သော ကွန်ကရစ်လမ်းခင်းခြင်းအတွက် ငွေကျပ်သိန်း ၇၀၊ ရေကြီးကာလတွင် ရေနစ်မြုပ်သည့် သုသာန်နေရာ၌ မီးသင်္ဂြိုဟ်ရာတွင် အသုံးပြုရန် အင်္ဂတေခုံပြုလုပ်နိုင်ရေး ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်ခဲ့သည်။ ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် အပ်ချုပ်သင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ရပ်ရွာလူထု၏ တင်ပြချက်၊ လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခရီးသည်များ၏ လစ်သီယမ်ဓာတ်ခဲငယ်များ လေယာဉ်မီးလောင်မှုကိုဖြစ်စေနိုင်ကြောင်း သတိပေး

ဝါရှင်တန် ဧပြီ ၉

လက်ပ်တော့ကွန်ပျူတာများနှင့် အခြားသော အီလက်ထရွန်နစ်ကိရိယာများအား လေယာဉ်စီးခရီးသည်များက ၎င်းတို့၏ လက်ဆွဲအိတ်အတွင်း ထည့်သွင်းယူဆောင်ခြင်းမပြုဘဲ လေယာဉ်၏ကုန်စည်ခန်းအတွင်းထားရှိမည့် ခရီးဆောင်သေတ္တာအတွင်း ထည့်သွင်းယူဆောင်ရန် ညွှန်ကြားချက်သည် လစ်သီယမ်ဓာတ်ခဲငယ်များမှတစ်ဆင့် လေယာဉ်မီးလောင်မှုကို ဖြစ်ပွားစေဖွယ်ရှိကြောင်း နိုင်ငံတကာဘေးအန္တရာယ်ကင်းရှင်းရေးအေဂျင်စီများက သတိပေးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဧပြီ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

လက်ပ်တော့ကွန်ပျူတာများအပါအဝင် အီလက်ထရွန်နစ်ကိရိယာများအား နိုင်ငံတကာလေကြောင်းခရီးသည်များက ၎င်းတို့နှင့်တစ်ပါတည်း သယ်ဆောင်ခြင်းမပြုရန် အမေရိကန်အစိုးရက နိုင်ငံအကန့်အသတ်ဖြင့် ပိတ်ပင်အမိန့်ထုတ်ပြန်ခဲ့သည်။ ခရီးသည်များသည် ၎င်းတို့၏ လက်ဆွဲအိတ်အတွင်း အီလက်ထရွန်နစ်ကိရိယာများကို ထည့်သွင်းသယ်ဆောင်ခြင်း ပြုလုပ်ခွင့်မရှိတော့သော်လည်း တန်ဆာပြုလုပ်သည့် ခရီးဆောင်သေတ္တာအတွင်း ယင်းကိရိယာများကို ထည့်သွင်းယူဆောင်ခွင့်ရှိသည်။

အီလက်ထရွန်နစ်ကိရိယာများ၏ လစ်သီယမ်ဓာတ်ခဲများသည် ခရီးဆောင်သေတ္တာများအတွင်းရှိနေခြင်းကြောင့် လေယာဉ်၏ ပစ္စည်းတင်ခန်းအတွင်းမှနေ၍ မီးစွဲလောင်သည့် မတော်တဆမှုမျိုးဖြစ်ပေါ်နိုင်ကြောင်း အမေရိကန်လေကြောင်းခရီးစဉ်များပျံသန်းမှု ဘေးကင်းလုံခြုံရေး ဖောင်ဒေးရှင်းက သတိပေးထားသည်။

ရိုက်တာ။

ဆီးရီးယားလေတပ်စခန်းအား အမေရိကန်လေကြောင်းတိုက်ခိုက်မှုအပေါ် ရှင်ဇိုအာဘေးနှင့် ထရန့်တို့ တယ်လီဖုန်းမှတစ်ဆင့်ဆွေးနွေး

တိုကျို ဧပြီ ၉

ဆီးရီးယားလေတပ်စခန်းအား အမေရိကန်နိုင်ငံက ဒုံးကျည်များဖြင့် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းနှင့် ပတ်သက်ပြီး ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အမေရိကန် သမ္မတဒေါ်နယ်ထရန့်တို့သည် တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သတင်းမီဒီယာများက ယနေ့သတင်းထုတ်ပြန်သည်။

ဓာတုလက်နက်များအသုံးပြုမှုကို ဆန့်ကျင်သည့် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့သည့် အဆိုပါလေကြောင်းတိုက်ခိုက်မှုအပေါ် နားလည်သဘောပေါက်ထောက်ခံပါကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။ ယင်းသို့ ဆောင်ရွက်ခဲ့ခြင်းသည် ကမ္ဘာကြီးပြိမ်းချမ်းမှုနှင့် လုံခြုံမှုရှိစေရေးအတွက်သာမက အမေရိကန်နိုင်ငံ၏ မဟာမိတ်နိုင်ငံများအတွက် ခိုင်မာသည့်လုပ်ဆောင်ချက်များကို ပြသခဲ့ခြင်းဖြစ်သည်ဟု ဝန်ကြီးချုပ်က ဆိုသည်။

လေကြောင်းတိုက်ခိုက်မှုဆင်နွှဲရခြင်းသည် အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် အပြစ်မဲ့ဆီးရီးယားပြည်သူများ သေဆုံးခဲ့ရခြင်းအတွက် တုံ့ပြန်သည့်အနေဖြင့် ဆင်နွှဲခဲ့ခြင်းဖြစ်သည်ဟု သမ္မတ ဒေါ်နယ်ထရန့်က ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအား ပြောကြားခဲ့သည်။ ထို့ပြင် ဆီးရီးယားအစိုးရ၏ ဓာတုလက်နက်သုံးစွဲမှုကို တားဆီးဟန့်တားသည့်အနေဖြင့် လေကြောင်းတိုက်ခိုက်မှုဆင်နွှဲခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် သမ္မတထရန့်တို့သည် ၄၅ မိနစ်ခန့် တယ်လီဖုန်းမှတဆင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ မြောက်ကိုရီးယားအရေးနှင့်ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြသည်။ မြောက်ကိုရီးယားအရေးကို ကိုင်တွယ်ဖြေရှင်းရာတွင် အမေရိကန်နှင့် ဂျပန်နိုင်ငံအတွက်သာမက တောင်ကိုရီးယားနိုင်ငံအတွက်ပါ အရေးကြီးကြောင်း သမ္မတနှင့် ဝန်ကြီးချုပ်က ဆိုသည်။

ပေကျင်းသည် ပြဿနာမဖြစ်ပွားရန်ရှောင်ရှားခဲ့သည်ဟု ကြားမြင်ခဲ့သည့်အတွက် မြောက်ကိုရီးယားအရေးကို တရုတ်နိုင်ငံအနေဖြင့် မည်သို့ကိုင်တွယ် ဖြေရှင်းမည်ဆိုသည်ကို ၎င်းအနေဖြင့် စောင့်ကြည့်နေကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက သမ္မတ ထရန့်အား ပြောကြားခဲ့သည်။

အင်နန်အိတ်ချ်ကေ။

အမေရိကန်ရေတပ် တိုက်ခိုက်ရေးအုပ်စုတစ်စုကို ကိုရီးယားကျွန်းဆွယ်အနီးဌ ဖြန့်ကြက်မည်

ဝါရှင်တန် ဧပြီ ၉

အမေရိကန်ရေတပ်မှ တိုက်ခိုက်ရေးအုပ်စုတစ်စုကို ကိုရီးယားကျွန်းဆွယ်အနီး ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်းဆီသို့ ရွှေ့ပြောင်းမည်ဖြစ်ကြောင်း၊ မြောက်ကိုရီးယားက ခေတ်မီဆန်းသစ်သော လက်နက်အစီအစဉ် အကောင်အထည်ဖော်နေခြင်းကို အကြောင်းပြု၍ စိုးရိမ်ပူပန်မှုများ ပေါ်ထွက်နေချိန်တွင် အမေရိကန်က အင်အားပြသသည့်အနေဖြင့် ရေတပ်တိုက်ခိုက်ရေးတပ်ဖွဲ့တစ်ဖွဲ့ကို ကိုရီးယားကျွန်းဆွယ်အနီး ဖြန့်ကြက်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ယခုလအစောပိုင်းက အရည်လောင်စာသုံးစကဒ်ဒုံးကျည်တစ်မျိုးကို မြောက်ကိုရီးယားက စမ်းသပ်ပစ်ခတ်ခဲ့သည်။ သို့ရာတွင် ယင်းဒုံးကျည်မှာ ပျံသန်းနိုင်သည့်အကွာအဝေး၏ တစ်စိတ်တစ်ဒေသ အကွာအဝေးအထိ သာလျှင် ရောက်ရှိနိုင်ခဲ့သည်။

ကားလ်ဗင်ဆင်ဟု အမည်ပေးထားသော တိုက်ခိုက်ရေးအုပ်စု၌ လေယာဉ်တင်သင်္ဘောကြီးတစ်စင်းပါဝင်ပြီး စင်ကာပူမှ ကိုရီးယားကျွန်းဆွယ်သို့ ဦးတည်ရွှေ့လျားမည်ဖြစ်ကြောင်း အမည်မဖော်လိုသူ အမေရိကန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စစ်ရေးအရ မိမိတို့တည်ရှိရန် လိုအပ်သည်ဟု ယူဆရခြင်းကြောင့် ကိုရီးယားကျွန်းဆွယ်အနီးဌ တိုက်ခိုက်ရေးအုပ်စုကို ဖြန့်ကြက်ရခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားနှင့်ပတ်သက်၍ စိုးရိမ်ဖွယ်ရာ လှုပ်ရှားမှုများကို ရည်ညွှန်းလျက် အဆိုပါတာဝန်ရှိသူက ပြောကြားသည်။

တိုက်ခိုက်ရေးအုပ်စုကို မြောက်ဘက်သို့ ခုတ်မောင်းရန် ညွှန်ကြားခဲ့ကြောင်း အမေရိကန်ရေတပ်၏ အမှတ်-၃ ရေတပ်ဌာနချုပ်က ဧပြီ ၈ ရက်တွင် ကြေညာချက်ထုတ်ပြန် ခဲ့သော်လည်း မည်သည့်နေရာသို့ ခုတ်မောင်းသည်ကို အတိအကျဖော်ပြခြင်းမရှိပေ။ ကနဦးတွင် အမေရိကန်စစ်သင်္ဘောများ သြစတြေးလျှနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် စီစဉ်ထားသော်လည်း ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်းတွင် ဖြန့်ကြက်ရန် ညွှန်ကြားခဲ့သည်ဆို၏။

ပြီးခဲ့သည့်ရက်သတ္တပတ်က အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ ဖလော်ရီဒါပြည်နယ်၌ ထိပ်သီးဆွေးနွေးပွဲကျင်းပခဲ့ရာတွင် မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ တရုတ်နိုင်ငံက ယင်း၏သြဇာအရှိန်အဝါကို အသုံးပြု၍ ထိန်းချုပ်ပေးရန် သမ္မတထရန့်က သမ္မတရှီအား တိုက်တွန်းခဲ့သည်။

မြောက်ကိုရီးယားက ယင်း၏နျူကလီးယားနှင့် ဒုံးလက်နက်အစီအစဉ်ကို စွန့်လွှတ်လာစေရေးအတွက် ဖိအားပေးနိုင်မည့်နည်းလမ်းအမျိုးမျိုး မည်သို့ရှိနိုင်သည်ကို သမ္မတထရန့်၏ အမျိုးသားလုံခြုံရေး လက်ထောက်များက လေ့လာသုံးသပ်ခဲ့ကြပြီးဖြစ်သည်။ **ရိုက်တာ။**

မက္ကဆီကိုတပ်မတော်က မူးယစ်ဆေးဝါးတိုက်ဖျက်နေပုံကို ကုလသမဂ္ဂနှင့် အမေရိကန်တာဝန်ရှိသူများအား ပြသ

မက္ကဆီကိုစီးတီး ဧပြီ ၉

မက္ကဆီကိုနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုနှင့် ကုလသမဂ္ဂတို့ မျက်မြင်ကိုယ်တွေ့သိရှိရန်ရေးအတွက် မက္ကဆီကို တပ်မတော်က အမေရိကန်စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများ၊ ကုလသမဂ္ဂတာဝန်ရှိသူများနှင့် သံတမန်များအား လွှန်ခဲ့သည့် ရက်သတ္တပတ်က ဖိတ်ခေါ်ပြသခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဧပြီ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းအများစုကို မက္ကဆီကို တပ်မတော်က ၂၀၀၇ ခုနှစ်တွင် လွှဲပြောင်းတာဝန်ယူခဲ့ပြီးချိန်နောက်ပိုင်း အမေရိကန်နှင့် ကုလသမဂ္ဂတာဝန်ရှိသူများအား ဖိတ်ခေါ်၍ ဘိန်းစိုက်ခင်းများဖျက်ဆီးနေပုံကို ကိုယ်တွေ့မျက်မြင်ထုတ်ဖော်ပြသခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

တပ်မတော်သားများက ဘိန်းခင်းများ ဖျက်ဆီးသည့်လုပ်ငန်းဆောင်ရွက်နေပုံကို အမေရိကန်နှင့် ကုလသမဂ္ဂတာဝန်ရှိသူများအား ဖိတ်ခေါ်ပြသမှု နောက်ထပ်သုံးကြိမ်ပြုလုပ်သွားရန်လည်း မက္ကဆီကိုတပ်မတော်က စီစဉ်ထားသည်ဆို၏။

အာဖဂန်နစ္စတန်၊ ကိုလံဘီယာနှင့် ပီရူးနိုင်ငံတို့က ကုလသမဂ္ဂနှင့်အတူ ဘိန်းစိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ လေ့လာမှုများနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းဆိုင်ရာ ကြိုးပမ်းမှုများတွင် ပူးပေါင်းဆောင်ရွက်နေချိန်တွင် မက္ကဆီကိုနိုင်ငံကလည်း အလားတူပူးပေါင်းဆောင်ရွက်မှု ပြုလုပ်လာခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းအား အရှိန်အဟုန်မြှင့်ဆောင်ရွက်နေပုံကို ပြည်တွင်းနှင့်ပြည်ပ၌ ပိုမိုသိရှိလာခြင်းဖြင့် မက္ကဆီကိုနိုင်ငံ၏ ဂုဏ်သတင်းတိုးတက်ကောင်းမွန်လာမည်ဟု မက္ကဆီကိုတပ်မတော်က မျှော်လင့်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ဘိန်းခင်းဖျက်ဆီးခြင်းနှင့်သက်ဆိုင်နေသော သတင်းအချက်အလက်များ အပြည့်အဝရရှိရေးအတွက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်ပြစ်မှုဆိုင်ရာရုံး(ယူအင်နိ်အိုဒီစီ)က တီထွင်ထုတ်လုပ်ထားသော ကွန်ပျူတာစနစ်ကို မက္ကဆီကိုတပ်မတော်က ယခုနွေရာသီထက်နောက်မကျဘဲ အသုံးပြုရန်လည်း စီစဉ်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ရိုက်တာ။

ပြည်တွင်းရေးရာ

နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပုဒ္ဓဘာသာအသင်းဥက္ကဋ္ဌဆရာတော်နှင့်အဖွဲ့ လာရောက်ဖူးမြော်ကြည်ညို

ရန်ကုန် ဧပြီ ၉

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ လာရောက်ဖူးမြော်ကြည်ညိုကြပြီး ပုဒ္ဓမြတ်စွာသာသနာတော် ကမ္ဘာအနှံ့ထွန်းကားပြန့်ပွားစေရန် ဆုတောင်းမေတ္တာပို့သကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် တရုတ်ပုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ ဆရာတော်ရွယ်ချိန် အမှူးပြုသော ဆရာတော်များက ပုဒ္ဓမြတ်စွာသာသနာတော် ကမ္ဘာအနှံ့ထွန်းကားပြန့်ပွားစေရန် တရုတ်ဘာသာဖြင့် ဆုတောင်းမေတ္တာပို့သကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက တရုတ်ပုဒ္ဓဘာသာအဖွဲ့ဆရာတော်များသည် တရုတ်-မြန်မာ ပုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးနှင့် နှစ်နိုင်ငံချစ်ကြည်မှု ရေရှည်တည်တံ့စေရေး၊ ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်စေရေးဆိုသော ရည်ရွယ်ချက်များဖြင့် လာရောက်ခြင်းဖြစ်သည့်အတွက် လှိုက်လှိုက်လှဲလှဲကြိုဆိုပါကြောင်း။

ပုဒ္ဓသာသနာတော် စည်ပင်ထွန်းကားပြန့်ပွားရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ယခုကဲ့သို့ လာရောက်ဖူးမြော်ကြည်ညိုခြင်း၊ ညှိနှိုင်းဆွေးနွေးတိုင်ပင်ခြင်းသည် ပုဒ္ဓဘုရားရှင် လမ်းညွှန်တော်မူသည့် မဆုတ်ယုတ်ကြောင်း "အပရိဟာနိယ"တရားတော်နှင့် ညီညွတ်လျက်ရှိသဖြင့် နောင်အနာဂတ်ကာလတွင်လည်း ပုဒ္ဓသားတော်များ အချင်းချင်း၊ နှစ်နိုင်ငံလူပုဂ္ဂိုလ်များအချင်းချင်း လက်တွဲညီညွတ်စွာဖြင့် မကြာခဏညှိနှိုင်းဆွေးနွေးဖိတ်ကြားလိုပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ရှေးနှစ်ပေါင်းများစွာကပင် မိတ်ဆွေရင်းချာနိုင်ငံများဖြစ်ကြသည့်အားလျော်စွာ ပုဒ္ဓဘုရားရှင်၏ အဆုံးအမသြဝါဒဖြစ်သော "နှစ်နိုင်ငံလုံးအတွက် ချစ်ကြည်ရင်းနှီးမှုကို ထိခိုက်စေမည့်လုပ်ငန်းများကိုရှောင်ရှား၍ ချစ်ကြည်ရင်းနှီးမှုကို အရှည်တည်တံ့ခိုင်မြဲစေမည့် ကောင်းသောလုပ်ငန်းများကို ဆောင်ရွက်ကြကာ ဖြူစင်သောစိတ်ထားကို အရင်းတည်လျက်ဆောင်ရွက်ကြမည်"ဟု ခိုင်မာသောအဓိဋ္ဌာန်ဖြင့် အတူယှဉ်တွဲနေထိုင်ကြမည်ဆိုပါက နှစ်နိုင်ငံငြိမ်းချမ်းသော အိမ်နီးချင်းချစ်ကြည်ရင်းနှီးမှုသည် ဒေသတွင်းသာမက ကမ္ဘာ့ငြိမ်းချမ်းရေးကိုပင် အထောက်အကူဖြစ်ပေလိမ့်မည်ဟု ပြောကြားလိုပါကြောင်း။

ဆရာတော်တို့နှစ်နိုင်ငံသည် ပုဒ္ဓမြတ်စွယ်တော်ကို အကြောင်းပြု၍ လည်းကောင်း၊ နှစ်နိုင်ငံဆရာတော်များ အပြန်အလှန်ချစ်ကြည်ရေးခရီးများ ကြွရောက်၍ လည်းကောင်း၊ မြန်မာနိုင်ငံရှိ ပုဒ္ဓတက္ကသိုလ်များသို့ စာသင်သားရဟန်းတော်များ စေလွှတ်ပညာသင်ကြားစေခြင်းဖြင့် လည်းကောင်း၊ ခေတ်အဆက်ဆက် နှစ်နိုင်ငံ ပုဒ္ဓသာသနာတော်အခွန့်ရှည်ထွန်းကားပြန့်ပွားစေရေးအတွက် ပူးပေါင်းဆောင်ရွက်လာခဲ့ခြင်းဖြင့် လည်းကောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အခွန့်ရှည်စွာ တည်တံ့ခိုင်မြဲပါစေ၊ ထေရဝါဒပုဒ္ဓဘာသာနှင့် မဟာယာနပုဒ္ဓဘာသာတို့ ပုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားထွန်းကားစေရေး အတွက် အတူလက်တွဲဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် သြဝါဒကထာမြွက်ကြားတော်မူသည်။

ထို့နောက် တရုတ်ပုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ ဆရာတော်က မြန်မာနိုင်ငံသို့ ကြွရောက်သည့်ခရီးစဉ်နှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တာဝန်ရှိသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးအမှူးပြုသော ဆရာတော်၊ သံဃာတော်များနှင့် တရုတ်ပုဒ္ဓဘာသာအသင်းဥက္ကဋ္ဌဆရာတော်နှင့် ဆရာတော်များအား လျှုဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လျှာ်ဒါန်းကြပြီး ဓမ္မလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။ **(သတင်းစဉ်)**

ဘူးသီးတောင်-အင္ဂူမော်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်

ဘူးသီးတောင် ဧပြီ ၉

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုအထူးသီးသန့်ရန်ပုံငွေဖြင့် ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘူးသီးတောင်-အင္ဂူမော်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်လျက်ရှိပြီး ကွန်ကရစ်တံတားတစ်စင်းကို လည်း အကောင်အထည်ဖော် တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းအား ၁၂ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၁ ဒသမ ၄ မိုင်အရှည် ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှု ၉၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း၊ ကွန်ကရစ်တံတားမှာ အကျယ် ၁၄ ပေ၊ အရှည် ၁၅ ပေရှိပြီး လုပ်ငန်းဆောင်ရွက်မှုမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို စိုင်းဒင်အားမာန်ကုမ္ပဏီက ယခုနှစ် မတ် ၄ ရက်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းများကို ငွေကျပ် ၁၈၉ ဒသမ ၄၄ သန်း အကုန်အကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စီမံကိန်းအလုံးစုံပြီးစီးသွားပါက ဘူးသီးတောင်မြို့မှတစ်ဆင့် သပိတ်တောင်၊ ကကျက်ဘက်၊ မောင်နီရွာတို့ကို တစ်ဆက်တစ်စပ်တည်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်ခြင်းကြောင့် ယခင်ကာလများထက် လမ်းပန်းဆက်သွယ်ရေးပိုမိုလျင်မြန်ချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ-ရာမည၊ တင်စိုး

○ မြန်မာမှ

မြန်မာအသင်းသည် ပွဲစကတည်းက ဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း စင်ကာပူ၏ ခံစစ်ကစားပုံကြောင့် ပထမပိုင်းတွင် နှစ်ဂိုးသာသွင်းယူနိုင်ခဲ့သည်။ မြန်မာအသင်းအတွက် ဂိုးများကို ၂၁ မိနစ်တွင် လှယင်ဝင်း၊ မိနစ် ၄၀ တွင် ဝေဝေအောင်တို့က သွင်းယူခဲ့သည်။ဒုတိယပိုင်းတွင် မြန်မာအသင်းက ဂိုးထပ်မံရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး အနိုင်ဂိုးများကို လူစားဝင်ကစားသမားများ ဖြစ်သော ဝင်းသီဂီထွန်းက (၅၈၊ ၈၈) မိနစ်တွင် နှစ်ဂိုး၊ ရီရီဦးက မိနစ် ၇၀တွင်တစ်ဂိုး သွင်းယူခဲ့ကာ ကျန်တစ်ဂိုးကို အသင်းခေါင်းဆောင် ဝေဝေအောင်က ၇၉ မိနစ်တို့တွင် သွင်းယူခဲ့သည်။

မြန်မာအသင်းသည် ခြေစစ်ပွဲအောင်မြင်ရန် အဆုံးအဖြတ်ပွဲအဖြစ် ဧပြီ ၁၁ရက်တွင် ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

(ရဲရင့်ရွှင်း)

● နေပြည်တော်မှ

ဒုတိယပိုင်းအစတွင်လည်း ရတနာပုံအသင်းကသာ ဆက်လက်ဖိကစားနိုင်ခဲ့ပြီး ၅၈ မိနစ်တွင် လှိုင်းဘိုဘို၊ ၆၇ မိနစ်တွင် သက်နိုင်တို့က ဂိုးများထပ်မံသွင်းယူခဲ့သည်။ သုံးဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် နေပြည်တော်အသင်း ပြန်လည်ဖိကစားနိုင်ခဲ့ပြီး မိနစ် ၇၀ တွင် ဘမ်ဘာ၊ ၈၁ မိနစ်တွင် အီဗရာဟင်မ်တို့က ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။

သတင်း - ရှိုင်းထက်ဇော်
ဓာတ်ပုံ - ကိုကိုစိုးညွှန့်

ပန်းချီဆရာကြီး ဦးဘသစ် (၁၀၁)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်ကျင်းပနိုင်ရေး ဆွေးနွေး

ရန်ကုန် ဧပြီ ၉

ပန်းချီဒီဇိုင်း ပညာရှင်ဆရာကြီး ဦးဘသစ်၏ ပန်းချီဒီဇိုင်းပြပွဲနှင့် ဟောပြောပွဲကို ဧပြီ ၂၀ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ နှင်းဆီမြိုင်ပြခန်း၌ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ရုပ်ရှင်သရုပ်ဆောင်၊ ပန်းချီဒီဇိုင်းဆရာကြီး ဦးဘသစ်၏သားသမီးများ နေအိမ်(၅၄)လမ်း ပုဇွန်တောင်မြို့နယ်တွင် ယနေ့ကျင်းပသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ရုပ်ရှင်ဒါရိုက်တာ ဦးကြည်စိုးထွန်း၊ ဆရာမောင်နှင်းမိုး၊ ပန်းချီပိုစတာ ဆရာကြီး ဦးမြဟန်၊ ပန်းချီလှတင်ထွန်း၊ ပန်းချီဦးခိုင်တင်၊ ပန်းချီလှထွက်အောင်၊ တေးရေး ပုဏ္ဏက၊ ပန်းချီနီတွတ်နှင့် ဆရာကြီးဦးဘသစ်၏ သားသမီးများက အမှတ်တရစကားများ၊ အောက်မေ့ဖွယ်ရာများ ပြောကြားခဲ့ကြသည်။

ပြပွဲတွင် ရုပ်ရှင်ဒီဇိုင်း၊ ကြော်ငြာမူရင်းလက်ရာများ၊ မှတ်တမ်းဓာတ်ပုံများ ပြသမည်ဖြစ်ပြီး ဆရာကြီးဦးဘသစ် ပါဝင်သရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်ဇာတ်ကားများကို ထုတ်နုတ်ပြသမည်ဖြစ်သည့်အပြင် ရုပ်ရှင်ပညာရှင်များ၊ စာရေးဆရာများ၊ ပန်းချီဆရာကြီးများကလည်း အမှတ်တရစကားများ ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

အနုပညာ ဂုဏ်ဝင်ပါလော

ထက်ခေါင်

"ဗျို့ . . . . . ကိုဗေဒါကြီး ဘယ်လဲဗျ"

"ဟေ. . မောင်ပွပါလား၊ အေး ငါ ရုပ်ရှင်ဆင်ဆာသွားမလို့ကွ"

"ဟာ အစ်ကိုကလည်း ဒီမိုကရေစီခေတ်ရောက်နေပြီ ဒီဆင်ဆာကြီးက လုပ်တုန်းပဲလား။ မရှိသင့်တော့ဘူးနော်"

"အေးပေါ့ကွာ။ ငါက ပိုတောင်မရှိစေချင်သေး။ ဒါပေမယ့် လိုအပ်နေတဲ့ အခြေအနေ အချိန်အခါမှာတော့ အထိန်းအကျောင်းဆိုတာ ရှိရမှာပဲလေ။ ဒါနဲ့ ငါမသိလို့မေးပါရစေ။ မင်းကဒီမိုကရေစီခေတ်မှာ ဆင်ဆာမရှိသင့်တော့ဘူးလို့ ဘယ်လိုအမြင်နဲ့ ပြောတာတုန်း"

"နိုင်ငံသားတိုင်းသည် မိမိ၏ယုံကြည်ချက် ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ရေးသား ဖြန့်ဝေခွင့်ရှိသည်လို့ အခြေခံဥပဒေက ခွင့်ပြုပေးထားတယ် မဟုတ်လား"

ဥပဒေသဘော

"မင်းပြောတာ မှန်သင့်သလောက်တော့ မှန်တယ်။ အလုံးစုံတော့ မဟုတ်ဘူးကွ။ ဥပဒေသဘောက လိုသလောက် ကောက်နုတ်ဆွဲယူရုံနဲ့ ပြီးပြည့်စုံမှုမရှိဘူး။ စာလုံးတစ်လုံးချင်း ဂယနဏ ဆွဲစပ်ကြည့်မှ အဓိပ္ပာယ်ပြည့်တယ်။ မင်းပြောခဲ့တာက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ (က)မှာ ဖော်ပြထားတာဖြစ်တယ်။ ဒါပေမယ့်ရှေ့မှာ စကားစုတစ်ပိုဒ်ကျန်သေးတယ်။ အဲဒါကိုပါ ဆက်စပ်မှ အနက်ထင်မှာကွ"

"ပြောစမ်းပါဦး၊ အဲဒါတော့ ကျွန်တော်မသိဘူး"

"အဲဒီ ပုဒ်မ ၃၅၄ မှာ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါ အခွင့်အရေးများကို လွတ်လပ်စွာသုံးစွဲဆောင်ရွက်ခွင့်ရှိသည်" တဲ့၊ ဒါက အောက်မှာ ဖော်ပြပြီး လုပ်ခွင့်ပေးထားတာတွေကို ဘောင်ခတ်ထားတဲ့ အချက်ပဲ"

"အော် ဒီလိုလား။ မသိပါဘူးဗျာ။ ကျွန်တော်တို့က ဒီမိုကရေစီရရင် လုပ်ချင်တာလုပ်လို့ရပြီ ထင်နေတာ"

နိုင်ငံသားပီသမှု

"မင်းပြောတာက စည်းလွတ် ဝါးလွတ် ဒီမိုကရေစီကွ၊ စစ်မှန်တဲ့ ဒီမိုကရေစီမှာ ပြည်သူတွေရရှိရမယ့် အခွင့်အရေးတွေ တစ်ပြိုကြီးရှိသလိုပေးဆပ်ရမယ့် တာဝန်ဝတ္တရားတွေကလည်း အများကြီးပဲ။ ဥပမာ - ပြည်သူတစ်ယောက်အတွက် အနိမ့်ဆုံးတာဝန်ဖြစ်တဲ့ နိုင်ငံသားပီသမှု လက္ခဏာက အခွန်မှန်မှန်ကန်ကန်ပေးဆောင်ခြင်း၊ စည်းကမ်းရှိခြင်း၊ တာဝန်သိခြင်း ဆိုတာတွေပေါ့။ စောစောက ပြောခဲ့သလို ဥပဒေထဲက လိုတဲ့စာသားကိုသာ ကောက်နုတ်ပြီး ပြည်သူကိုချယ်လှယ် သွေးထိုးလိုက်တော့ ပြည်သူက အသိအမြင်လွဲသွားရော၊ ငါထင်ရာ ငါပြောခွင့်ရှိတယ်ဆိုပြီး အချင်းချင်းသွေကွဲ စကားပြော၊ ဆဲဆို၊ အော်ဟစ်၊ စွပ်စွဲပုတ်ခတ်မှုတွေလုပ်ဆိုရင် ဒါဟာမှားယွင်းတဲ့ အသိပေးချက်ဖြစ်နေပြီး သိရက်နဲ့လုပ်ရင် ဒါဟာ လူအဖွဲ့အစည်းကို ဖျက်ဆီးမှုဖြစ်တယ်။ တကယ်စေတနာမှန်ရင် သေချာစွာလေ့လာပြီးမှ လူထုကို အမြင်မှန်ရအောင်တင်ပြမှုမျိုးကိုသာ လုပ်ရမှာဖြစ်တယ်။ ဒီလိုအခြေအနေကို ထိန်းသိမ်းဖို့ ဆင်ဆာဆိုတာလိုသကွ"

"ဒါနဲ့ . . . အခု ခင်ဗျားတို့က ဘာတွေကို ဆင်ဆာလုပ်တာလဲ"

"အော် . . ရုပ်ရှင်၊ ဗီဒီယို၊ ဂီတ၊ သာဘင်စတဲ့ ရုပ်သံဆိုင်ရာ ထုတ်လုပ်၊ ဖြန့်ချိမှုအတွက် အများပြည်သူကို မပြသင့်တာတွေ အတုယူမှားစရာတွေ မပါအောင် စီစစ်ပေးတာပေါ့"

"တချို့ကပြောတယ်။ လောကမှာ တကယ်ဖြစ်တဲ့ ဖြစ်ရပ်တွေကို ရိုက်ကြတာ ရေးပြတာ ရေးခွင့်၊ ရိုက်ခွင့် ရှိတယ်ဆိုတဲ့ သဘောထားအပေါ် ရှင်းပါဦး"

ကင်းလွတ်ခွင့်ပေး

"တကယ်ဖြစ်တိုင်း၊ အဖြစ်မှန်တိုင်းကို လူထုရှေ့ချမပြသင့်တာ အများကြီးပဲကွ။ ဒါကြောင့် လောကမှာ လူအဖွဲ့အစည်းမှာ ဒါမျိုးဖြစ်ခဲ့၊ ရှိခဲ့ဖူးတယ်ဆိုတာဟာ ကင်းလွတ်ခွင့်ပေးရမယ့် အခြေအနေမဟုတ်ဘူး"

"အဲဒါတော့ အစ်ကိုတို့ဆင်ဆာက ညစ်တာပေါ့ဗျ။ တကယ်ဖြစ်နေတာတွေကို သင်ခန်းစာယူဖို့ ရိုက်ပြတာ ခွင့်ပြုရမှာပေါ့"

"ကဲကွာ၊ မင်းကိုငါပြောမယ်။ လူပျိုရှိ အပျိုရှိ မင်္ဂလာဆောင်တယ်။ မင်္ဂလာဦးညမောင်နှံပျော်မြူး အချစ်ပလူးပုံကို ကွက်ကွက် ကွင်းကွင်းပြမယ်။ ပြသင့်သလား"

"ဟာ!. . . ဒါတော့ ဘယ်ဖြစ်မလဲဗျ"

"အေး၊ ပြည့်တန်ဆာလုပ်တာတွေ၊ မူးယစ်ဆေးသုံးစွဲနေပုံတွေ၊ ဖဲရိုက်ကြက်တိုက်တာတွေ၊ လူသတ်တာတွေကို အသေးစိတ် ကွက်ကွက်ကွင်းကွင်း နည်းပေးလမ်းပြ ရိုက်ပြသင့်သလား၊ ဖောက်ပြန်တာ၊ အမမှုပြုကျင့်တာ၊ ကလေးသူငယ်တွေအပေါ် ရက်ရက်စက်စက်နှိပ်စက် အနိုင်ကျင့်တာ၊ မသန်စွမ်းတဲ့သူတွေအပေါ် ရက်စက်ယုတ်မာတာ၊ ပျက်ရယ်ပြုတာ၊ လိင်တူချင်းနေတာ ဒါတွေကို အတုမြင် အတတ်သင်ဖြစ်အောင် မင်းအနေနဲ့ ပြသင့်တယ် ထင်လား"

"ဘယ့်နှယ်ဗျာ၊ ကြားရတာနဲ့တောင် အော့နှလုံးနာပါရဲ့၊ ဒါတွေကတော့ ဘယ်ပြသင့်ပါ့မလဲဗျာ၊ မောင်နဲ့နှမ၊ သားနဲ့အမိကြားမှာ မကြားဝံ့ မနာသာ။ ကျွန်တော်တို့ရဲ့ လူမှုဂုဏ်သိက္ခာ ကျဆင်းစေတာပေါ့။"

လူလောကကို တန်ဆာဆင်

"အေး. . ဒါတွေက လူလောကထဲမှာ တကယ်ရှိခဲ့၊ ဖြစ်ခဲ့တဲ့ အမှုအခင်းတွေပဲ။ ဒါပေမယ့် လူထုကို ကွက်ကွက်ကွင်းကွင်း အရှုပ်အသံနဲ့ သရုပ်ဖော်ပြနိမ့်ပြသင့်ဘူးပေါ့။ ဆင်ဆာဆိုတာ ဒါကိုထိန်းညှိပေးတဲ့ အဖွဲ့အစည်းဖြစ်တယ်။ လူ့လောကကို တန်ဆာဆင်ထိန်းကျောင်းထားတဲ့ တရားက နှစ်ပါးပဲရှိတယ်။ ဟိရိနဲ့ ဩတ္တပ္ပတဲ့။ မကောင်းမှုလုပ်ရမှာ (တွေး၊ ကြံရမှာ)ကို ရှက်ခြင်းနဲ့ ကြောက်ခြင်းပဲ။ အဲဒီတရား နှစ်ပါးကွယ်ရင် လူနဲ့တိရစ္ဆာန်ခွဲလို့ မရတော့ဘူး။ ဒါကြောင့် ဒါကိုပဲ လောကပါလတရားလို့ ပြောနိုင်တယ်။ ဒါ့အပြင် မိမိအသိနဲ့ မိမိဆင်ခြင်ကျင့်သုံးကြရတဲ့ နီတိတရား၊ ကျင့်ဝတ်တွေရှိတယ်။ ဥပမာကွာ အမမှုအပြုကျင့်ခံရတဲ့ မိန်းကလေးတစ်ဦးရဲ့ဓာတ်ပုံကို မျက်နှာမှာ အမည်းပိတ်ပြီးမှ ဖော်ပြရမယ်။ လူကုန်ကူးခံရတဲ့ ပုဂ္ဂိုလ်(သားကောင်)များရဲ့ လိပ်စာတွေ၊ ဓာတ်ပုံတွေကို ကာယကံရှင်နဲ့ သက်ဆိုင်သူများရဲ့ ခွင့်ပြုချက်မရဘဲ ဖော်ပြခွင့်၊ ဓာတ်ပုံရိုက်ခွင့်မရှိဘူး။ ကလေးသူငယ်ပုံတွေကို ဖော်ပြခွင့်မရှိဘူးစသဖြင့်ပေါ့။ ဒါစာနယ်ဇင်းသမားတွေ လိုက်နာရမယ့် ကျင့်ဝတ်ပဲ။ မုဒိမ်းမှုကိုရေးတာ အပြာဇာတ်လမ်းရေးတာမဟုတ်ဘူး။ တရားဥပဒေစိုးမိုးမှုအတွက် အထောက်အကူပြု သင်ခန်းစာယူနိုင်အောင် ရေးရမှာဖြစ်တယ်။ အဲဒီလို လူစည်းလူကမ်းမှ မသိဘဲ တစ်တစ်ခွခွ ဖော်ပြနေရင် နစ်နာသူဟာ တစ်ရက်ကနေ နှစ်ရက်၊ သုံးရက်ဖြစ်ပြီး ဘဝပါသေသွားနိုင်တယ်။ အဲဒါကိုယ်ချင်းစာစိတ်၊ စာနာစိတ်နဲ့ ရှုမြင်ကျင့်သုံးရမှာ။"

"အင်း. . အစ်ကိုပြောမှ ကျွန်တော်မသိသေးတာတွေ အများကြီးရှိသေးမှန်း သဘောပေါက်လာတယ်။ ဟုတ်ပါတယ်။ ဒါတွေကိုတော့ တားမြစ်ထိန်းကျောင်းရမှာပေါ့။"

သူနည်း သူဟန် သူပုံစံနဲ့ရှိကြ

"အမှန်တော့ကွာ ဒီမိုကရေစီအပြည့်အဝရတဲ့ နိုင်ငံတွေမှာ အစိုးရဆိုတာရှိမှန်းတောင် မသိဘူးတဲ့။ တစ်နည်းအားဖြင့် အကောင်းဆုံးအစိုးရဆိုတာ ပြည်သူ့ရင်ထဲမှာ အစိုးရရှိမှန်းတောင်မသိသာလောက်အောင်ဖြစ်နေတဲ့ အစိုးရမျိုးပဲတဲ့။ ဒီလိုပဲပေါ့ကွာ။ ငါတို့ဆင်ဆာအဖွဲ့ရှိမှန်းကို မသိသာလောက်အောင် ဖြစ်နေရင် အကောင်းဆုံး ဆင်ဆာအဖွဲ့တည်ရှိမှုပဲလို့ ငါပြောချင်တယ်။ ဒီလိုဖြစ်နေဖို့ အနုပညာဖန်တီးသူတွေရဲ့ ရေချိန်မြင့်နေရမယ်။ အတွေ့အကြုံ၊ အတွေးအမြင်၊ ဗဟုသုတ၊ ဖန်တီးမှု၊ စေတနာ၊ ပညာအားလုံး အရည်အသွေးမြင့်လာရင် ဒီဆင်ဆာက ဘေးကကြည့်နေရုံပဲ ရှိဖို့တောင်မလိုတော့ဘူး။ မင်းပြောခဲ့တယ်မဟုတ်လား။ ဒီမိုကရေစီရပြီ ဆင်ဆာအဖွဲ့ မလိုတော့ဘူးလို့။ အေး! အမေရိကန်လို နိုင်ငံအပါအဝင် နိုင်ငံတိုင်းမှာ ဆင်ဆာဆိုတာ သူနည်းသူဟန် သူပုံစံနဲ့ ရှိနေကြတာချည်းပဲ။ သူတို့တစ်တွေရဲ့ အနုပညာဖန်တီးချက်မြင့်မားလာတဲ့အခါ ဆင်ဆာကရှိမှန်းကို မသိသာလောက်အောင် ဘာဆိုဘာမှ ဝင်လုပ်စရာမရှိတော့လို့ မင်းတို့ ငါတို့လို ဘေးကမြင်ရတဲ့လူပြိန်းတွေက ဒီမိုကရေစီနိုင်ငံမှာ ဆင်ဆာမရှိဘူးလို့ ပြောနေကြတာကွ။"

"ကျွန်တော် အတော့်ကို အတွေးအမြင်အားနည်းခဲ့မှန်း ဝန်ခံပါတယ်။ အဲဒါတွေ ကျွန်တော်မသိဘူး။ ဆက်ပြောပါဦး"

လေ့လာမှုကို ရပ်ပစ်လိုက်လို့မရ

"ငါ့ညီရာ မင်းပဲမဟုတ်ဘူး။ အစ်ကိုအပါအဝင် အားလုံးဟာ အသိတစ်ပဲသားနဲ့ ကိုယ့်ကိုယ်ကိုယ် လူတတ်ကြီး ထင်နေကြသူတွေချည်းပါပဲ။ ဒါလည်း လူသဘာဝပေပဲလေ။ ဘာပဲဖြစ်ဖြစ် တို့တစ်တွေ ဒီထက်ပိုပြီး လေ့လာရမယ်။ ကြီးစားရမယ်ဆိုတာတော့ သေချာတယ်။ တို့တစ်တွေရဲ့ လေ့လာမှုကို ရပ်ပစ်လိုက်လို့မရဘူး။ ကျေနပ်နေလို့ မရဘူး။ ရပ်လိုက်တဲ့နေ့၊ ကျေနပ်နေတဲ့နေ့ဟာ ငါတို့ရဲ့ ကျဆုံးမှုစတင်တဲ့နေ့ပဲကွ။ ကာလာမသုတ္တန်မှာ ပြောသလို ဘယ်သူပြောလို့ဆိုတာတွေနဲ့ ယုံမနေနဲ့ ကိုယ်တိုင်ဆန်းစစ် ဝေဖန်လေ့လာကြရမှာပဲဖြစ်တယ်။ ဥပမာကွာ ဆင်ဆာဆိုတာ (CENSOR- to remove the parts of a book, film, etc. that might offend people or that are considered politically dangerous) ပြည်သူလူထုအတွက် ဒါမှမဟုတ် နိုင်ငံရေးအရ အဆိပ်အတောက်ဖြစ်စေမယ့် အတွေးအမြင် အယူအဆ အပြောအပြတွေ မပါအောင် စာအုပ်တို့ ဖလင်တို့ အခုခေတ်မှာတော့ ရုပ်ရှင်၊ ရုပ်မြင်၊ အသံ၊ စာပေ၊ ရုပ်ပုံ အားလုံး အားလုံးကို ဖြတ်တောက်ပေးခြင်းလို့ပဲ ပြောရလိမ့်မယ်။ ဒီနေရာမှာအချို့က နိုင်ငံရေးဆိုတာ အစိုးရကို ဖားပြောတာလို့ ခပ်ပေါ့ပေါ့ ထင်မြင်ကြတယ်။ တကယ်တော့ နိုင်ငံနဲ့အစိုးရက တခြားစီပဲ။ အစိုးရဆိုတာ (အခုခေတ်မှာတော့) ငါးနှစ်တစ်ကြိမ်ပြောင်းနေမယ်။ ခေတ်စနစ် ရေစီးကြောင်းထဲမှာ အစိုးရတွေ တက်လိုက်၊ ဆင်းလိုက်နဲ့။ ပါလီမန်အစိုးရ၊ အိမ်စောင့်အစိုးရ၊ တော်လှန်ရေးကောင်စီအစိုးရ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရ၊ တပ်မတော်အစိုးရ၊ ဒီမိုကရေစီအစိုးရစသဖြင့် ပြောင်းနေပေမယ့် နိုင်ငံတော်ကတော့ မပြောင်းမလဲတည်ရှိနေတယ်။ အဲဒီနိုင်ငံအတွက် အဆိပ်အတောက်ဖြစ်မယ့်အရာမှန်သမျှကို နိုင်ငံသားတိုင်း တားဆီးကာကွယ်ရမယ်။ အဲဒါဆင်ဆာပဲဖြစ်တယ်။ အခုဆိုရင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးဟာ နိုင်ငံတော်ရဲ့ နိုင်ငံရေးအကျိုးစီးပွားဖြစ်တယ်။ အဲဒါကိုထိခိုက်လာမှ မှန်သမျှ ဆင်ဆာကဖြတ်ရမှာပဲ။ အဲဒါ အစိုးရအကျိုးစီးပွား မဟုတ်ဘူး။ နိုင်ငံရေးအကျိုးစီးပွားဖြစ်တယ်လို့ ခွဲခြားရှုမြင်ကြရမယ်။ ကဲပေါ့ . . လေကန်နေတာနဲ့ ဆင်ဆာနောက်ကျနေဦးမယ်။ သွားမယ်ကွာ။"

"ကျေးဇူးပါ အစ်ကို မနက်ဖြန်တော့ စကားပြန်ဆက်ပေးဦးနော်။ ကောင်းခန်းမှာ ဖြတ်ထားလို့တော့ မရဘူး။ ဖြည်းဖြည်းသွားအစ်ကိုရေ။"

၀၀၀၀

"ဒါနဲ့ မနေ့ကစကားဆက်ပါဦး အစ်ကို။ ဟို . . ဆင်ဆာဟာ နိုင်ငံအကျိုးစီးပွားအတွက် အဆိပ်အတောက်တွေကို ဖြတ်တောက်တယ်ဆိုတာလေး။"

အနက်အဓိပ္ပာယ် ကျယ်ဝန်း

"အင်း . . ဒီကိစ္စ အချိန်ယူပြောရလိမ့်မယ်။ တစ်နေ့က (၁၈-၃-၂၀၁၆) ၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထုုးချွန်ဆုပေးပွဲအခမ်းအနားကို နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သဝဏ်လွှာ ပေးပို့ခဲ့တဲ့အထဲမှာ အတော်လေးပြည့်စုံအောင် ဖော်ပြထားတယ်။ ကျစ်လျစ်သလောက် အနက်အဓိပ္ပာယ် ကျယ်ဝန်းပြည့်ဝတယ်လို့ ခံစားရတယ်။ အနုပညာလောက သားတွေသာ နှလုံးသားနဲ့ဦးနှောက် ပေါင်းစပ်နားထောင် ခံစားကြမယ်ဆိုရင် ဒါက ရိုးရိုးသဝဏ်လွှာမဟုတ်ဘူး။ မဟာတာဝန်အပ်နှင်းမှုကြီးဖြစ်တယ်ဆိုတာ တွေ့ကြရလိမ့်မယ်။"

"ဆိုလှချည်လား အစ်ကို၊ ဘာတွေများ ပြောထားလို့လဲ"

အလွန်လေးနက်

"အေး . . သဝဏ်လွှာထဲမှာ ဒေါ်အောင်ဆန်းစုကြည်က ဒီ၂၁ ရာစုကမ္ဘာကြီးမှာ ရုပ်ရှင်ဇာတ်ကားတွေဟာ ဖျော်ဖြေရေးသက်သက်သာ မဟုတ်တော့ဘဲ နိုင်ငံတွေရဲ့ ဆော့ဖ်ပါဝါ (SOFT POWER) အဖြစ် ရောက်ရှိလာနေပြီ။ ဒါကလည်း ယဉ်ကျေးမှု၊ ဆန်းသစ်မှု၊ တီထွင်ဖန်တီးမှု အဆင့်အတန်းမြင့်မားမှုစတဲ့ ဝိသေသလက္ခဏာတွေကြောင့်ပဲတဲ့။ ဒီနေရာမှာ အနုပညာကို ဆော့ဖ်ပါဝါနဲ့ နှိုင်းယှဉ်ဖော်ကျူးထားတာ အလွန်လေးနက်တယ်။ HARD POWER/SOFT POWER လို့ ပြောနေကြတဲ့ ကြည်းတပ်၊ ရေတပ်၊ လေတပ်၊ အဏုမြူစွမ်းအား၊ လက်နက်ပစ္စည်းကိရိယာစွမ်းအား၊ နိုင်ငံရဲ့ကြွယ်ဝမှု၊ ငွေကြေးပစ္စည်းဥစ္စာ၊ သယံဇာတ ဒါတွေက HARD POWER တွေပေါ့၊ ထိတွေ့ ကိုင်တွယ်နိုင်တယ်။ မြင်တွေ့နိုင်တယ်။ ပမာဏကို ခန့်မှန်းနိုင်တယ်။ အဲပမာဏကို ခန့်မှန်းမြင်သိနိုင်ခြင်း မရှိပေမယ့် တကယ်ကြီးမားတဲ့ အင်အားစုကြီးတစ်ရပ်အဖြစ်ရှိနေတာက SOFT POWER ပဲ။ လူတွေရဲ့ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်၊ ဝံသာနုရက္ခီတတရား၊ မေတ္တာတရား၊ သိမ်မွေ့မှု၊ ယဉ်ကျေးမှုကိုမြတ်နိုးမှု အသိပညာ၊ အတတ်ပညာ ဖန်တီးနိုင်မှု၊ စဉ်းစားတွေးခေါ် မြော်မြင်မှု၊ ဒါတွေဟာ စိတ်ပိုင်းဆိုင်ရာအင်အားစုတွေပဲ။ အဲဒီ အင်အားဟာ ရုပ်ဝတ္ထုအင်အားထက် အဆရာထောင်ကြီးမားတယ်။ ဒါဆိုရင် အနုပညာရှင်တွေဟာ သူတို့ရဲ့ စွမ်းအားကို နိုင်ငံနဲ့လူမျိုးအတွက် ဘယ်လောက်အရေးကြီးပြီး အကြီးအကဲတွေက ဘယ်လောက် အလေးထားတယ်ဆိုတာ ဂုဏ်ယူစွာ ဆင်ခြင်သိသင့်နေပြီ။"

"ဟုတ်တာပေါ့။ အစ်ကို ရှင်းပြမှ ဆော့ဖ်ပါဝါ (SOFT POWER) ဆိုတဲ့ စကားလုံးကို အဓိပ္ပာယ်နက်နက်ရှိုင်းရှိုင်း ခံစားလိုက်ရတယ်။ လေးနက်လိုက်တာနော်။"

လူသမိုင်းနဲ့ ထပ်တူ

"ပြီးတော့ ဆက်ပြောထားသေးတယ်။ ရုပ်ရှင်ဇာတ်ကားတွေ၊ ရုပ်ရှင်ဇာတ်ကားထဲက သရုပ်ဆောင်တွေ၊ အမှုအယာတွေက သက်ဆိုင်ရာ လူအဖွဲ့အစည်းရဲ့ ကြွန်အင်လက္ခဏာတွေကို ကိုယ်စားပြုနေတယ်။ ရုပ်ရှင်တွေက ပြောတဲ့ ယဉ်ကျေးမှုအဆင့်အတန်း၊ သမိုင်းကြောင်း၊ လူမှုတန်ဖိုးတွေက လူသမိုင်းနဲ့ထပ်တူ ကျန်ရစ်နေတာဖြစ်တယ်။ ရုပ်ရှင်ဇာတ်ကားတွေဟာ လူအဖွဲ့အစည်း အထူးသဖြင့် လူငယ်လူရွယ်တွေအပေါ် အထူးဩဇာကြီးမားတာကြောင့် ရုပ်ရှင်လောကသားတွေရဲ့တာဝန် အလွန်ပဲအရေးကြီးတယ်။ ရုပ်ရှင်ဇာတ်ကားတွေထဲက ဇာတ်ကောင်တွေဟာ လူငယ်တွေရဲ့စိတ်ကူးထဲက စံပြပုဂ္ဂိုလ်တွေဖြစ်နေတတ်တယ်. . တဲ့။ ကဲဗျာ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ အဲဒီစကားလုံးတွေနဲ့ ငါတို့လောကမှာ ဖြစ်ပျက်နေတဲ့ အခြေအနေကို ချိန်ထိုးသာကြည့်ပေတော့။ တို့တစ်တွေ ရှေ့ဆက်သွားနေရမှာလား၊ လက်ရှိအခြေအနေကို ပြုပြင်နေရဦးမှာလား။ အဖြေကတော့ ရှင်းနေပြီ။"

"ဟာဗျာ။ ကျွန်တော်ဖြင့် ဆက်နားထောင်ရမှာတောင် မဝံ့မရဲဖြစ်နေပြီ။"

တစ်ပတ် တစ်ကား

"အေးလေကွာ။ အခု တို့မြန်မာ့ရုပ်ရှင် ရုပ်မြင်တွေရဲ့ ဇာတ်လမ်းကျောရိုးတွေ၊ ဇာတ်အိမ်တည်ဆောက်မှုတွေဟာ မည်မျှတာဝေဖန်ရရင် အများစုအနေနဲ့ အလွန်ညံ့ဖျင်းနေတယ်။ ဒါရိုက်တာတွေ၊ ဇာတ်လမ်း ဇာတ်ညွှန်းပညာရှင်တွေ၊ ထုတ်လုပ်သူတွေဟာ စာမဖတ်သူနဲ့ စာဖတ်သူကွာတာနဲ့အမျှ အနုပညာဖန်တီးမှုဟာလည်း ကွာသွားတာပဲ။ တို့ဆီမှာ အများစုက မိမိလုပ်ကိုင်နေတဲ့ လုပ်ငန်းနယ်ပယ်ဆိုင်ရာအနုပညာကို အစဉ်လေ့ကျင့်သင်ယူမှုမရှိဘူး။ စာမဖတ်ဘူး။ မိမိကိုင်တွယ်တဲ့ဘာသာရပ်ကို ကြေညက်အောင် မလေ့လာဘူး။ မေးမြန်းစုံစမ်းခြင်းမပြုဘူး။ ကြိုတင်ပြင်ဆင်မှုမလုပ်ဘူး။ လက်ဖက်ရည်ဆိုင်မှာတွေ့ ဇာတ်လမ်းပြော၊ ရိုက်ကွင်းပေါ်မှာ လက်တန်း ဇာတ်ညွှန်းနဲ့ ဗျာနာ်ဝင်သလို၊ ကြုံသလိုရိုက်၊ သုံးရက်တစ်ကား၊ တစ်ပတ်တစ်ကား ဈေးကွက်ကို စက်နဲ့လှည့်ထုတ်သလို ရိုက်ကူးထုတ်လုပ်။ ဈေးသက်သာရင်ပြီးရော ဇာတ်ကောင်စရိုက် ညီ၊ မညီ၊ နောက်ခံဆက်တင် အပြင်အဆင်၊ အဝတ်အစား၊ ဇာတ်ဝင်အသုံးအဆောင် ခေတ်စနစ်နဲ့ လိုက်၊ မလိုက်၊ အံဝင်၊ မဝင် မစိစစ်၊ ညစ်တီးညစ်ပတ် အောက်ပိုင်းစကားလုံးတွေနဲ့ ဟာသလုပ်၊ မောင်နဲ့နှမ၊ သားနဲ့အမိကြား မြန်မာ့လူ့ဘောင်မှာ ပြောလေ့ဆိုလေ့မရှိတဲ့ အမှုအကျင့်နဲ့ နှစ်ခွစကားလုံးနဲ့ ဟာသလုပ်၊ မအေက သားကို အရက်ခွက်ငဲ့ပေး၊ အမြည်းပြင်ပေး၊ ဖအေက သမီးကိုအရက်ဝယ်ခိုင်း၊ သားကအရက်သောက်ပြီး မိဘကိုဆုံးမ၊ ချစ်ခြင်းမေတ္တာ ဖော်ကျူးတဲ့အနေနဲ့ ပြစရာ အများကြီးရှိတာကို ဝမ်းစာခေါင်းပါးတော့ မိဘဆေးကုဖို့အကြောင်းပြ သမီးကပြည့်တန်ဆာလုပ်ပြီး ငွေရှာကုပေး၊ သားက ခါးပိုက်နှိုက်လို့ ရတဲ့ငွေနဲ့ မိဘကိုထောက်ပံ့၊ မိဘ၊ အစ်ကို၊ မောင်တွေကြားမှာ မိန်းကလေးက ရည်းစားနဲ့ ဖက်ရမ်းနမ်းရှုပ်၊ မိန်းကလေးတစ်ယောက်တွေ့ရင် လူငယ် သုံး၊ လေးယောက်က လူမိုက်ပုံစံနဲ့ အိန္ဒြေမရ ဆွဲကြရမ်းကြ အမမှုပြုဖို့ကြိုးစားကြ၊ ရွာမှာ ဇာတ်အိမ်တည်ရင် အလုပ်မရှိ လက်ကြောမတင်း၊ လူမိုက်ဂုဏ်နဲ့ အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက်၊ မိဘလုပ်စာသုံးဖြုန်း၊ အဲဒီလိုလူကို ရွာက ကွမ်းတောင်ကိုင်ကကြိုက်၊ ဇာတ်လမ်းထဲမှာ ဆိုင်ဆိုင် မဆိုင်ဆိုင် အခြောက်တွေကို ထည့်ရိုက်၊ အခြောက်တွေက နှစ်ခွစကားလုံးတွေ ညစ်ညစ်စုတ်စုတ်တွေ အားပါးတရပြော၊ ဒီလိုဇာတ်ကားမျိုးတွေ ရက်သတ္တပတ်မှာ ၁၅ ကား၊ ကား ၂၀ လောက်ထွက်နေတယ်။ ရိုက်စရာဇာတ်လမ်းတွေ အများကြီးရှိတယ်ဆိုတာ သူတို့မေ့နေကြတယ်။

မြန်မာ့လူ့ဘောင်ရဲ့ ချစ်စရာတွေ၊ မေတ္တာနဲ့ ယှဉ်တဲ့ ခွင့်လွှတ်အနစ်နာခံမှုတွေ၊ ရပ်ရွာ၊ လူမျိုး၊ နိုင်ငံအတွက် စွန့်လွှတ်စွန့်စားမှုတွေ၊ ဆင်းရဲချမ်းသာ အဓိကမထား စိတ်ထားဖြူစင် မြင့်မြတ်သူတွေ၊ ပရဟိတစိတ်နဲ့ ကူညီရိုင်းပင်းမှုတွေ၊ ရိုးသားကြိုးစားပြီး ဘဝကို ရုန်းကန်လှုပ်ရှားမှုတွေ၊ အနှိမ်ခံဘဝကကြိုးစားပြီး အောင်မြင်ကျော်ကြားမှု ရရှိလာတာတွေ . . ဟာကွာ. . . ပြောရရင် ဇာတ်လမ်းတွေရေးလို့ကို မကုန်နိုင်ဘူး။ နိဂုံးမှာတော့ အမှန်တရားက အောင်ပွဲခံရမှာပေါ့။ ရိုးသား ကြိုးစားမှုက အောင်ပန်းဆွတ်ခူးရမှာပေါ့။ စွန့်လွှတ်စွန့်စားသူတွေရဲ့ဂုဏ်ဟာ သမိုင်းထင်ကျန်နေရမှာပေါ့။ နိုင်ငံ လူမျိုးချစ်စိတ်တွေ အမွေထားခဲ့နိုင်ရမှာပေါ့။ အနုပညာတစ်ရပ်ဖန်တီးသူရဲ့ ဗဟုသုတရယ်၊ စေတနာ၁ရယ်၊ ဖန်တီးမှုရယ် ပေါင်းစပ်ပြီး ဒီလိုမျိုးဖော်ထုတ်ကြရမှာပေါ့"။ "အစ်ကိုပြောမှ ကျွန်တော်တို့ အနုပညာရှင်တွေရဲ့ တာဝန်ကို ပိုပြီးသိမြင်လာတယ်။ တကယ် တာဝန်ကြီးတာပဲနော်။ ကျွန်တော်တို့ ရှေ့ကို ခရီးမရောက်နိုင်သေးဘူး။ ပြင်ရဦးမယ်ဆိုတာ သက်သေထူဖို့ မလိုတော့ပါဘူး အစ်ကို။"

(ဆက်လက်ဖော်ပြပါမည်)

တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာသော ဘော်ဆိုင်းဒေသ

ဧပြီလ ၇ ရက်နေ့ ကမ္ဘာ့ကျန်းမာရေးနေ့ကဖြစ်သည်။ မဂ်လာအပေါင်းနှင့်ပြည့်စုံသော ထိုနေ့ရက်တွင် ကလောမြို့နယ်အတွင်းရှိ ဘော်ဆိုင်းဒေသ ဘော်ဆိုင်းမြို့လေးမှာ နံနက်အလင်းရောင်ထွက်သည်နှင့် တိုင်းရင်းသားများအားလုံး ရိုးရာဝတ်စုံများဝတ်ဆင်ကာ ရွှင်လန်းပြုံးပျော်နေကြသည်။ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့် တီးမှုတ်ဖျော်ဖြေနေသည်ကို တွေ့မြင်ရသည်။

ထိုသို့ ပျော်ရွှင်ခြင်း၊ ကြည်နူးခြင်းဖြင့် လူအများစုဝေးနေသည်မှာ များပြားလှသည်။ ဘော်ဆိုင်းမှာ ထိုကဲ့သို့ စည်ကားသည်ကို မတွေ့မြင်ဖူးခဲ့ဟု ဒေသခံ ကိုသန်းအောင်က ပြောပြသည်။ ဒေသခံများက ၎င်းတို့မမျှော်လင့်ထားတဲ့၊ အိပ်မက်ထဲမှာတောင် မစဉ်းစားမိခဲ့တဲ့ အကြောင်းအရာတွေ အခုလက်တွေ့မြင်ရပြီဖြစ်တဲ့အတွက် ဝမ်းသာမဆုံး ဖြစ်နေကြကြောင်း ရှင်းပြသည်။

စာရေးသူလည်း ဒေသခံများကို မှတ်တမ်းဓာတ်ပုံရိုက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံမေးမြန်း၊ ဒေသခံတစ်ဦးနှင့်တွေ့ဆုံ၊ ဘော်ဆိုင်းတိုက်နယ်ဆေးရုံ တာဝန်ကျဆရာဝန်နှင့်လည်းတွေ့ဆုံမေးမြန်းပြီးထွက်အလာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးနှင့် ဧည့်သည်တော်များ ရောက်ရှိလာသည်ကို တွေ့မြင်ရပြီး ပြည်ထောင်စုဝန်ကြီးက ဦးစွာ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရှားပါးမှု ပြဿနာများစွာ ကြုံတွေ့ခံစားခဲ့ကြရတယ်။ ကျန်းမာရေးပြဿနာ၊ ပညာရေးကိစ္စများ အရေးပေါ်ဖြစ်ပေါ်လာပါက အမှတ်(၁)သတ္တုတွင်းသုံးမိုင်းကားများကို အကူအညီတောင်းပြီး ဖြေရှင်းခဲ့ကြတယ်။ ယနေ့အချိန်မှာတော့ အစိုးရ၊ အလှူရှင်၊ သတ္တုတွင်းကုမ္ပဏီများရဲ့ ပူးပေါင်းကူညီမှုကြောင့် ကျေးရွာ ၁၃ ရွာ လျှပ်စစ်မီးရခဲ့ပြီဖြစ်ပါတယ်။ အထူးအားဖြင့် ကျွန်တော်တို့ ဒေသ တစ်ခုလုံး ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်အောင် အဓိကပံ့ပိုးကူညီပေးခဲ့သူကတော့ ကမ္ဘောဇာဏ်လီမိတက်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနဲ့ သမီးဖြစ်သူ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းတို့ ညီအစ်မတစ်စုပဲ ဖြစ်ပါတယ်။ ဘော်ဆိုင်း-ဟဲဟိုးကတ္တရာလမ်းကို အလှူရှင်မိသားစုက အစိုးရနဲ့ပူးပေါင်းပံ့ပိုးကူညီပေးမှုကြောင့် သာယာဖြောင့်ဖြူးစွာ သွားလာနိုင်ခဲ့

ဘော်ဆိုင်းမြို့တွင် ဖွင့်လှစ်သော (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ။

ဆောက်လုပ်လျှဒါန်းခဲ့သည့် စျေးသစ်ကိုဖွင့်လှစ်ပေးကာ မီးသတ်အဆောက်အအုံသစ်ကိုလည်း ဆက်လက်ဖွင့်လှစ်ပေးခဲ့သည်။

ဘော်ဆိုင်း(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်လှစ်

နောက်ဆုံးဖွင့်လှစ်ပေးသည့် ဘော်ဆိုင်း(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်လှစ်ပွဲ ခမ်းနားစွာကျင်းပပုံကို ဒေသခံအများအပြား တက်ရောက်အားပေးသည့် မြင်ကွင်းမှာ မမေ့နိုင်ဘဲရှိလှသည်။ ဆေးရုံဖွင့်ပွဲအပြီး ဒေသခံများက ဆေးရုံကြီးကို အဖွဲ့လိုက် တစ်ခန်းဝင်၊ တစ်ခန်းထွက် လေ့လာနေသည်မှာ စာရေးသူပင် မနေနိုင်ဘဲ ၎င်းတို့နောက်မှ လိုက်ကြည့်မိခဲ့သည်။

ထိုသို့လိုက်ကြည့်ရာတွင် ဘော်ဆိုင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် တွေ့ဆုံခဲ့ရာ ၎င်းက "ကျွန်တော်တို့ ဘော်ဆိုင်းဒေသဟာ ဟဲဟိုးမြို့မြောက်ဘက် ၁၉ မိုင်ခန့်အကွာမှာတည်ရှိပြီး ဧရိယာစတုရန်းမိုင်ပေါင်း ၄၈ မိုင်၊ ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်ပေ ၄၃၇၀ မှာ တည်ရှိပါတယ်။ ကျေးရွာပေါင်း ၂၅ ရွာနဲ့ ဖွဲ့စည်းထားပြီး လူဦးရေ ၁၅၀၀၀ ခန့် နေထိုင်ပါတယ်။ ဓနု၊ ပအိုဝ်း၊ တောင်ရိုး စတဲ့ တိုင်းရင်းသားလူမျိုး ၈၅ ရာခိုင်နှုန်းခန့် နေထိုင်ကြကာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားပြီး အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။ ဒါ့အပြင် ရွေးယခင်ကတည်းက ခဲ၊ သတ္တုများ တူးဖော်ထုတ်လုပ်ကြပါတယ်။ လွန်ခဲ့သော ဆယ်စုနှစ်သုံးစုလောက် အလွန်ကာလက ဘော်ဆိုင်းဒေသဟာ အင်မတန်ဖွံ့ဖြိုးမှုနည်းခဲ့တဲ့ ဒေသပါ။ ပါပြီ။ အထူးအားဖြင့် သောက်သုံးရေရှားပါးခက်ခဲတဲ့ ကျွန်တော်တို့ဒေသကို အဝိစိတွင်းပေါင်းများစွာ တူးပေးပြီး အိမ်တိုင်ရာရောက် ရေရရှိအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ မိုးရွာရင် ဗွက်ထူ၊ နေပူရင် ဖုန်တထောင်းထောင်းနဲ့ ခနော်ခနဲ့နဲ့ မသပ်မရပ်မြင်နေရတဲ့ ဘော်ဆိုင်းစျေးကြီးကို ယခုအခါ ခေတ်မီစျေးသစ်ကြီးဖြစ်အောင် လျှဒါန်းပေးတဲ့အတွက် စျေးသူ၊ စျေးသားတွေရင်ထဲမှာ ကြည်နူးဝမ်းသာနေကြတာကို တွေ့နိုင်ပါတယ်။ အထူးသဖြင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း မိသားစုက ဘော်ဆိုင်းတိုက်နယ်ဆေးရုံသစ်ကြီးကို ဆောက်လုပ်လျှဒါန်းပေးခဲ့ခြင်းဟာ အလှူရှင်များရဲ့ စိတ်စေတနာသဒ္ဓါတရားထက်သန်မှုကြောင့်ဆိုတာ ပေါ်လွင်နေပါတယ်။ အခုကျွန်တော်တို့ဒေသမှာ အမှန်တကယ်လိုအပ်နေတဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို စိတ်ချမ်းမြေ့စွာနဲ့ ကုသမှု ခံယူနိုင်တော့မှာဖြစ်ပါတယ်"ဟု ရှင်းလင်းပြောပြသွားသည်။

အရင်တုန်းကမပြည့်စုံ

ထို့အတူ ဘော်ဆိုင်းရပ်မိရပ်ဖ ဦးတင့်လွင်ကလည်း "ကျွန်တော်ဘော်ဆိုင်းမှာ နေလာတာ နှစ် ၆၀ ကျော်ပါပြီ။ အဖေ အမေကလည်း ဒီနယ်သားတွေပါပဲ။ ကျွန်တော်တို့ နေထိုင်စဉ် ကာလတစ်လျှောက် အခြေအနေတွေကို အတိုဆုံးရှင်းပြပါမယ်။ ဘော်ဆိုင်းဒေသမှာနေထိုင်ကြတဲ့ တိုင်းရင်းသားတွေဟာ အရင်တုန်းက မပြည့်စုံကြပါဘူး။ အစစအရာရာအခက်အခဲတွေ မျိုးစုံပါပဲ။ ဟိုယခင် မဆလ ခေတ်တုန်းက လူဦးရေကနည်းသေးတယ်။ သဘာဝကလည်း သိပ်မပျက်သေးချိန်ဆိုတော့ နွေရာသီရောက်ရင် ရေကိုချွေတာသုံးရင် လောက်ငပါသေးတယ်။ အဲဒီရေကလည်း မိုးတွင်းကာလမှာ စုဆောင်းထားတဲ့ရေပါပဲ။ အဝိစိတွင်းဆိုလို့ တစ်တွင်းမှမရှိပါဘူး။ နည်းမျိုးစုံနဲ့ ရေသန့်ရရှိဖို့အတွက် တူးဖော်ပေမယ့် သတ္တုထွက်ဒေသဆိုတော့ မြေအောက်မှာသတ္တုကြောတွေ၊ ကျောက်ဆောင်တွေပဲ ရှိတော့ ရေမထွက်ပါဘူး။ နိုင်ငံခြားအဖွဲ့အစည်းတွေလည်းလာပြီး တူးကြတယ်။ မအောင်မြင်ပါဘူး။ ရေရှားလာတာတော့ ၁၀ စုနှစ်လောက်ရှိပါပြီ။ နွေရာသီရောက်တိုင်း စိမ့်ရေထွက်တဲ့နေရာတွေမှာသွားပြီး ရေခပ်ရတယ်။ တစ်ခါတလေ တစ်နေကုန်တယ်။ ရာသီဥတုကလည်း တစ်နှစ်ထက်တစ်နှစ်ဆိုးလာတော့ ရေရှားတာကလည်း တစ်နှစ်ထက်တစ်နှစ် ပိုဆိုးလာခဲ့တယ်။ ရေဒုက္ခရောက်တဲ့အချိန် နှစ်တိုင်းဆရာ(ကမ္ဘောဇာဏ်လီမိတက်-ဥက္ကဋ္ဌ)က ရေကားတွေနဲ့ ရေပေးပါတယ်။ ကျန်တဲ့ဌာနဆိုင်ရာ၊ ပရဟိတအဖွဲ့အစည်းတွေကလည်း လာရောက်ကူညီပြီး ရေဖြန့်ဝေပေးခဲ့တဲ့အတွက် လောက်ငစွာသုံးနိုင်ကြတယ်။

ဒေသခံတွေအုံ့ဩမဆုံး

အဲဒီအချိန်မှာ ဆရာက ရေတွင်း(အဝိစိတွင်း)တွေ တူးဖော်မယ့် ခေတ်မီစက်ကြီးတွေကို အဝိုးရဆီကအကူအညီတောင်း၊ ဆရာကငွေအားစိုက်ထုတ်ပြီး ၂၀၁၄ ခုနှစ်က စတင်တူးခဲ့ပါတယ်။ တူးခါစကဆိုရင် ဒေသခံပြည်သူတွေက ဆရာတော့ ငွေတွေကုန်တော့မှာပဲ။ ရေမထွက်နိုင်တဲ့နေရာကို ရေလာတူးနေတယ်ဆိုပြီး အားလုံးက စောင့်ကြည့်ခဲ့ကြတယ်။ ဒါပေမယ့် စတူးတဲ့တွင်းကနေ ရေစထွက်လာတော့ ကျွန်တော်တို့ဒေသခံတွေ အုံ့ဩဆုံးပေါ့ဗျာ။ နောက်တစ်တွင်း ထပ်တူးတော့လည်း ရေထွက်တာပဲ။ အဲဒီလိုနဲ့ ရေတွင်းများစွာတူးခဲ့ပြီး ရေထွက်အားလည်း အလွန်ကောင်းတယ်။ ထွက်လာတဲ့ ရေတွေကို ပိုက်တွေသွယ်တန်း ရေတိုင်တွေလုပ်ပေးပါတယ်။ ကိုယ့်အိမ်ရှေ့မှာကိုယ် ရေထွက်ခံလို့ရပါပြီ။ အဲဒီလို ရေအတွက်အဆင်ပြေသွားသလို အခုကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက ဘော်ဆိုင်းတိုက်နယ်ဆေးရုံနဲ့ စျေးသစ်ကြီးကို တည်ဆောက်လျှဒါန်းပေးတာ သိရတယ်။ ကျွန်တော်တို့ ဒေသခံတွေ အလွန်ကိုကျေးဇူးတင်တယ်။ မမျှော်လင့်ခဲ့တဲ့အရာတွေ မျက်ဝါးထင်ထင် တွေ့လိုက်ရတယ်။ နောက် ၁၀ စုနှစ်လောက်ကြာရင်တော့ ကျွန်တော်တို့ဘော်ဆိုင်းဒေသက တိုင်းရင်းသားလူငယ်တွေဟာ ကျန်းမာချမ်းသာစွာနဲ့ ပညာရေးကို ကြိုးစားသင်ယူပြီး ရိုးသားကြိုးစားသွားမယ်ဆိုရင် နောင်တစ်ချိန်မှာ ဆရာ့လို နိုင်ငံ့အကျိုးသယ်ပိုးတဲ့ သားကောင်း၊ သမီးကောင်းရတနာတွေ ပေါ်ထွက်လာဦးမှာ မလွဲပါဘူးလို့ ပြောချင်ပါတယ်"ဟု ဆိုသည်။

အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်

ရပ်မိရပ်ဖ ဦးတင့်လွင်

လက်ထောက်ဆရာဝန် နော်မိုးဇင်မာလင်း

ဆေးရုံအဆောက်အအုံနှင့် ပတ်ဝန်းကျင်သာယာလှပရေးအတွက် သစ်ပင်ပန်းမန်စိုက်ပျိုးခြင်း၊ လိုအပ်သော ဆေးရုံသုံးစက်ကိရိယာပစ္စည်းများ၊ ဆေးဝါးများ၊ လူနာတင်ယာဉ်များနှင့် ဆေးရုံဝန်ထမ်းများ နေထိုင်ရန် ဝန်ထမ်းအိမ်ရာများကို ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက လျှဒါန်းထားခြင်းဖြစ်ကြောင်း သိရသည်။ ပုံမှန်အားဖြင့် တိုက်နယ်ဆေးရုံများတွင် ဖွဲ့စည်းပုံအရမပါရှိသော သွားဆေးခန်းကို ယင်းဆေးရုံတွင် ထည့်သွင်းဖွင့်လှစ်ထားခြင်းမှာလည်း အဆိုပါဆေးရုံ၏ ထူးခြားချက်တစ်ခုပင်ဖြစ်သည်။

ဆက်လက်ဖြည့်ဆည်း

"လောလောဆယ် ဒီဆေးရုံမှာ ဆရာဝန်အပါအဝင် ဆေးရုံဝန်ထမ်း စုစုပေါင်း ငါးဦးနဲ့ ကုသစောင့်ရှောက်မှုတွေ လုပ်ပေးနေတယ်။ တကယ်တော့ စုစုပေါင်းဝန်ထမ်းအင်အား ၁၉ ဦးထိ ချထားပေးဖို့ စီစဉ်ပြီးသားပါ။ လိုအပ်နေတဲ့ ဝန်ထမ်းအင်အားကိုလည်း ဆက်လက်ဖြည့်ဆည်းပေးသွားဖို့ ညွှန်ကြားချက်တွေ ရရှိထားပါတယ်"ဟု ဘော်ဆိုင်းတိုက်နယ်ဆေးရုံမှ လက်ထောက်ဆရာဝန် နော်မိုးဇင်မာလင်းက ပြောသည်။

ဆက်လက်၍ "အရင်ကဆိုရင် ဒီရွာမှာ ကျန်းမာရေးဆေးပေးခန်းတစ်ခုပဲရှိတယ်။ သာမန် ဖျားနာလူနာနဲ့ မွေးလူနာတွေကိုပဲ ကုသပေးနိုင်ခဲ့တာပါ။ အခုတော့ ဒီဆေးရုံဖွင့်လှစ်လိုက်တဲ့အတွက် သာမန်ရောဂါသည်တွေ အပြင် အရေးပေါ်လူနာတွေကိုလည်း ကုသပေးနိုင်တော့မှာပါ။ မလိုအပ်ဘဲ အခြားမြို့နယ်တွေမှာ သွားရောက်ကုသဖို့ မလိုတော့ပါဘူး။ အခုလို ဆေးရုံဖွင့်လှစ်ပြီးတဲ့ နောက်ပိုင်းမှာတော့ ဆေးရုံကို ပိုးသတ်တဲ့အပိုင်းတွေလုပ်မယ်။ စက်ပစ္စည်းတွေစုံတာနဲ့ လူနာတွေကို စတင်လက်ခံကုသပေးတော့မှာပါ" ၎င်းက ဆက်လက်ပြောပြသည်။

တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာ

စာရေးသူလည်း ဘော်ဆိုင်းဒေသ၏ ယခင်အခြေအနေ၊ ယခုအခြေအနေများကို ဒေသခံများ၏ ရှင်းလင်းပြောဆိုမှုအရ သဘောပေါက်ခဲ့သည်။ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာသော ဘော်ဆိုင်းဒေသသည် နှစ်ကာလမကြာမီတွင် ဖွံ့ဖြိုးတိုးတက်လာသည့် ဒေသတစ်ခုအဖြစ် ဝံ့ကြွားနိုင်တော့မည်ဟု သုံးသပ်မိပါတော့သည်။

သဝင်းဆောင်းပါး-အောင်ထွန်း

သင်္ကြန်မတိုင်ခင်ကာလ ဂေါဝိန်ဆိပ်တွင် သွင်းကုန်နည်းပြီး ပို့ကုန်များနေ

မန္တလေး ဧပြီ ၉

မန္တလေးမြို့သို့ ကုန်စည်များသယ်ယူပို့ဆောင်မှုတွင် ကုန်းလမ်းရေလမ်းတို့ကို အဓိကထား သယ်ယူပို့ဆောင်လေ့ရှိသည်။ ရေလမ်းဖြင့် မြန်မာနိုင်ငံ နေရာအနှံ့အပြားသို့ ကုန်စည်များကို တင်ပို့လေ့ရှိသည်။ ထိုသို့တင်ပို့ရာတွင် ဂေါဝိန်ဆိပ်၊ ချော်ဆိပ်၊ ပေပင်ဆိပ်၊ မရမ်းခြီဆိပ်နှင့် အခြားကုန်တင်ဆိပ်ကမ်းများကို ဒေသအလိုက် ကုန်ပစ္စည်းအလိုက်တင်ပို့လေ့ရှိကြသည်။ သင်္ကြန်မတိုင်ခင်ကာလ ဂေါဝိန်ဆိပ်တွင် သွင်းကုန်နည်းပြီး ပို့ကုန်များပြားလျက်ရှိကြောင်း သိရသည်။

သွင်းကုန်များတွင် အထည်အလိပ်များ အများစုတင်သွင်းပြီး တရုတ်နိုင်ငံမှ တင်သွင်းမှုပိုများသည်။ ပို့ကုန်အနေဖြင့် ဆန်ကိုအဓိကထားပြီး ပို့ဆောင်လျက်ရှိသည်။ ဆန်များကို ဗန်းမော်သို့တင်ပို့ပြီး ဗန်းမော်မှတစ်ဆင့် တရုတ်ပြည်အတွင်း တင်သွင်းကြသည်။ ဂေါဝိန်ဆိပ်တွင် လုပ်သားအဖွဲ့နှင့် လုပ်သားခေါင်းဆောင် (လှည်းခေါင်း) ၅၀ ကျော်ရှိသည်။ အဖွဲ့တစ်ဖွဲ့လျှင် လုပ်သား၂၀ ကျော်ရှိသည်။ လက်ရှိကာလတွင် ကုန်တင်၊ ကုန်ချလုပ်သားတစ်ဦးလျှင် ငွေကျပ်တစ်သောင်းကျော်ရရှိကြောင်း လုပ်သားခေါင်းဆောင်တစ်ဦးထံမှ သိရသည်။

ရောဝတီမြစ်ဆိပ်ကမ်းများတွင် ဂေါဝိန်ဆိပ်သည် လူသုံးကုန်ပစ္စည်းများစွာကို အားထားသယ်ဆောင်သော ဆိပ်ကမ်းဖြစ်ပြီး အများစုသော ကုန်စည်များကို ထိုဆိပ်ကမ်းမှသယ်ကြသည်။ မန္တလေးမြို့အတွက် ရောဝတီမြစ်ဆိပ်ကမ်းများသည် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးလေ့ရှိသည်။ လက်ရှိကာလတွင် ရောဝတီမြစ်အတွင်း ရေအနည်းငယ်တိုးလာသည့်အတွက် ကုန်များကို သယ်ယူ၊ တင်ချမှုအတွက် ကမ်းနှင့်သင့်တော်သောအနေအထား ရှိနေသည်။ ကုန်တင်၊ ကုန်ချမှုများလည်း မြန်ဆန်မှုရှိလာသည်။ သင်္ကြန်မတိုင်မီ ဂေါဝိန်ဆိပ်တွင် သွင်းကုန်ထက် ပို့ကုန်များတင်ချရမှု များပြားလျက်ရှိကြောင်း သိရသည်။

(တိမ်တမန်)

ပေကျင်းမြို့ရှိ ဗုဒ္ဓ၏ လက်ဝဲဘက် အထက်စွယ်တော်မြတ်အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ဖူးမြော်ကြည်ညိုစဉ်။

✱ ရှေ့ပုံးမှ

ဗုဒ္ဓမြတ်စွယ်တော်သည် ပေကျင်းမြို့ လင်ကွမ်းကျောင်းတော် စွယ်တော်တိုက်အတွင်း တင့်တယ်သပ္ပာယ်စွာ စံတော်မူလျက်ရှိပြီး ရွှေပလ္လင်နှင့် ရတနာခုနစ်သွယ် စီခြယ်ထားသည့် ကြုတ်တော်အတွင်း မူလအတိုင်း ဖူးမြော်ကြည်ညိုနိုင်ရန် စီစဉ်ထားသည်။

ရှေးဟောင်းနန်းတော်ပြတိုက်

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ပေကျင်းမြို့ရှိ ရှေးဟောင်းနန်းတော်ပြတိုက် (Forbidden City)သို့ရောက်ရှိကြပြီး ရှေးဟောင်း တရုတ်ဗိသုကာပညာရပ်များ၊ တရုတ်နိုးရာလက်မှုပညာများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ရှေးဟောင်းနန်းတော်ကြီးသည် ပေကျင်းမြို့၏ မြို့လယ်တွင်တည်ရှိပြီး တရုတ်မင်မင်းဆက် (ခရစ်သက္ကရာဇ်-၁၄၂၀)မှ မန်ချူး ချင်မင်းဆက် (ခရစ်သက္ကရာဇ်-၁၉၁၂) ထိတိုင်အောင် တရုတ်ဧကရာဇ်မင်းများ နှစ်ပေါင်း ၅၀၀ နီးပါးခန့်စိုးစံခဲ့သော နန်းတော်ဖြစ်သည်။ ရှေးဟောင်းနန်းတော်ကြီးတွင် အဆောင်ပေါင်း ၉၈၀ ရှိပြီး ၁၄၀၆ ခုနှစ်မှ ၁၄၂၀ ခုနှစ်အထိ ၁၄ နှစ်တိုင် တည်ဆောက်ခဲ့ရသည်။ ရှေးဟောင်းနန်းတော်ကို ၂၆ ပေအမြင့်ရှိသော မြို့ရိုးဖြင့်ဝန်းရံထားပြီး ၁၇၁ ပေ ကျယ်ဝန်းသော မုခ်တံခါးများဖြင့် ခိုင်ခံ့စွာဆောက်လုပ်ထားသည်။ မင်းဆက်ပေါင်း ၂၄ ဆက်(မင်မင်းဆက်-၁၄ ဆက်နှင့် ချင်မင်းဆက် ၁၀ ဆက်) နန်းစိုက်အုပ်ချုပ်ခဲ့သည့်နေရာဖြစ်ပြီး ရှေးဟောင်းနန်းတော်ကို ၁၉၂၅ ခုနှစ်တွင် ပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် အစိုးရက ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ရှေးဟောင်းနန်းတော်ပြတိုက်တွင် မင်မင်းဆက်မှ ချင်မင်းဆက်တိုင်အောင် ခေတ်အဆက်ဆက် မင်းဧကရာဇ်နှင့် တော်ဝင်မိသားစုများ အသုံးပြုခဲ့သော နန်းစဉ် ရတနာများ၊ နန်းတွင်းအသုံးအဆောင်များ၊ ကြွေထည်များ၊ ပန်းချီကားများ၊ ကြေးထည်ပစ္စည်းများ၊ ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော အသုံးအဆောင်များကို စုံလင်စွာပြသထားသည်။ တရုတ်ရိုးရာ ဗိသုကာပညာရပ်များဖြင့် တည်ဆောက်ထားသော အဆိုပါ နန်းတော်ကြီးသည် ၁၉၈၇ ခုနှစ်တွင် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ နေရာတစ်ခုအဖြစ် သတ်မှတ်ခံခဲ့ရပြီး ကမ္ဘာပေါ်တွင် သစ်သားဖြင့်ပြုလုပ်သော အကြီးဆုံး ရှေးဟောင်းအဆောက်အအုံအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ရှေးဟောင်းနန်းတော်ပြတိုက်သို့ နှစ်စဉ်လာရောက်ကြည့်ရှုလေ့လာသူပေါင်း ၁၄ သန်းကျော်ရှိပြီး ကမ္ဘာပေါ်တွင် ခရီးသွားဧည့်သည်အများဆုံး လာရောက်လေ့လာသည့် နေရာတစ်ခုအဖြစ် စံချိန်တင်ထားကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ပေကျင်းမြို့ရှိ **စာမျက်နှာ ၉ သို့ »»**

ပေကျင်းမြို့ရှိ ရှေးဟောင်းနန်းတော်ပြတိုက်၌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ရှေးဟောင်း ဗိသုကာပညာရပ်များနှင့် ရိုးရာလက်မှုပညာများကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။

ပေကျင်းမြို့ရှိ မြန်မာသံရုံး၌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် သံရုံးဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပေကျင်းမြို့ရှိ ကျောက်ယုထိုင် နိုင်ငံတော် ဧည့်ဂေဟာ၌ Huawei ကုမ္ပဏီမှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံစဉ်။

ပြည်တွင်းရေးရာ

»»စာမျက်နှာ ၈ မှ

မဟာတံတိုင်းကြီး(Great Wall)သို့ ရောက်ရှိကြပြီး ရှေးခေတ်ဗိသုကာလက်ရာများကို ကြည့်ရှုလေ့လာကြသည်။

ကမ္ဘာကျော်မဟာတံတိုင်း

တရုတ်နိုင်ငံရှိ ကမ္ဘာကျော်မဟာတံတိုင်းကြီး(Great Wall)သည် ကမ္ဘာ့အံ့ဖွယ် ခုနစ်ခုထဲမှ တစ်ခုဖြစ်သည်။ ထို့ပြင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဒေသဖြစ်ပြီး နှစ်စဉ်ခရီးသွားသည့်သည် အများအပြား လာရောက်လည်ပတ်သည့် နေရာတစ်ခုဖြစ်သည်။

မဟာတံတိုင်းကြီးကို တရုတ်အင်ပါယာ၏ မြောက်ဘက်နယ်စပ် ကျူးကျော်ရန်ကို ကာကွယ်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး သဲကန္တာရ၊ တောအထပ်ထပ်နှင့် တောင်အသွယ်သွယ်ကို ခက်ခဲစွာကျော်ဖြတ်ဖောက်လုပ်ခဲ့သည်။ လူသားတို့ ဖန်တီးတည်ဆောက်ခဲ့သော အဆောက်အအုံများထဲတွင် အရှည်လျားဆုံးဖြစ်သည်။ ခရစ်နှစ် ၂၂၁ ခုနှစ်တွင် နန်းတက်သော ချင်စွပ်ဘုရင်လက်ထက်တွင် မဟာတံတိုင်း(Great Wall)ကို အရှည် ကီလိုမီတာ ၅၀၀၀ ကျော်အထိ တိုးချဲ့တည်ဆောက်ခဲ့သည်။ ထို့နောက် ချောင်ခေတ်၊ မင်ခေတ်မင်းဆက်များက မဟာတံတိုင်းအား အဆက်မပြတ်ပြုပြင်ခြင်းနှင့် တိုးချဲ့တည်ဆောက်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ယနေ့တိုင် မပျက်စီးဘဲ ထိန်းသိမ်းထားနိုင်သည့် မဟာတံတိုင်းကြီး၏ အစိတ်အပိုင်းအများစုသည် ၁၄ ရာစု မင်မင်းဆက် လက်ထက်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ပေကျင်းမြို့ မြန်မာသံရုံးသို့ ရောက်ရှိကြပြီး သံရုံးဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဝန်ထမ်းမိသားစုများ၏ ပညာရေး၊ ကျန်းမာရေး၊ နေထိုင်ရေးကိစ္စရပ်များကို မေးမြန်းဆွေးနွေးသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် Huawei ကုမ္ပဏီမှ တာဝန်ရှိသူများအား ခေတ္တတည်းခိုသည့် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံသည်။

မင်းသုဝဏ်နှင့်တရုတ်ပြည်ရေစက်

ယင်းနောက် နိုင်ငံတော်သမ္မတသည် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ ကျင်းပသည့် "မင်းသုဝဏ်နှင့်တရုတ်ပြည်ရေစက်"စာအုပ် ဖြန့်ချိထုတ်ဝေသည့် အခမ်းအနားသို့ တက်ရောက်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါစာအုပ်ကို တရုတ်-မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေထားပြီး စာအုပ်ထဲတွင် ဆရာကြီးမင်းသုဝဏ်ရေးသားထားသည့် တရုတ်ပြည်ခရီးစဉ်ဆောင်းပါးများ၊ ဆရာကြီးမင်းသုဝဏ် ဘာသာပြန်ခဲ့သော တရုတ်စာပေလက်ရာများနှင့် မြန်မာ့ယဉ်ကျေးမှုအကြောင်းအရာများ ပါဝင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပေကျင်းမြို့ရှိ လင်ကွမ်းကျောင်းတော်၌ လင်ကွမ်းကျောင်းတိုက်ဆရာတော်အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းစဉ်။

"မင်းသုဝဏ်နှင့် တရုတ်ပြည်ရေစက်"စာအုပ် ဖြန့်ချိထုတ်ဝေသည့် အခမ်းအနား၌ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

ဒုတိယသမ္မတ ဦးမြင့်ဆွေ ဖိုးကျားဆင်စခန်း၌ လှည့်လည်ကြည့်ရှုစဉ်။

✱ ပဲခူးရိုးမမှ

ရှေးဦးစွာ ဒုတိယသမ္မတသည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် စိုင်းရသစ်တောကြိုးပိုင်းရှိ ကျွန်းသစ်စေ့ထုတ် ဧရိယာ ၁၅ ဧကစိုက်ခင်းအား ကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယသမ္မတအား ဖိုးကျားဆင်စခန်း၌ သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က နိုင်ငံတစ်ဝန်း နှစ်အလိုက် သစ်တောထိန်းသိမ်းထားမှု၊ ပြုစုပျိုးထောင်နေမှု၊ တန်ဖိုးမြင့် သစ်တောထွက်ကုန်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက သစ်တောများ ထိန်းသိမ်းခြင်းနှင့် စိုက်ပျိုးခြင်းသည် ရာသီဥတုမျှတမှုကို ထိရောက်စွာ အထောက်အကူပြုပါကြောင်း၊ ပဲခူးရိုးမအပါအဝင် နိုင်ငံတစ်ဝန်းရှိ သစ်တောများ ရေရှည်တည်တံ့နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက စီမံချက်ချမှတ်ဆောင်ရွက်နေသည်မှာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို ကာကွယ်ရန်ဖြစ်ပါကြောင်း၊ သစ်တောဦးစီးဌာနအနေဖြင့် ကြိုးပိုင်းသစ်တောများမှ သစ်ခိုးထုတ်ယူနေမှုများ ယခုထက်ပိုမိုတားဆီးကာကွယ်ထိန်းသိမ်းသွားရန် လိုအပ်သည့်အပြင် သစ်တောစိုက်ခင်းများကို စီမံချက်ပါအတိုင်း အပြည့်အဝပြုစုပျိုးထောင် စိုက်ပျိုးသွားရန် လိုအပ်ပါကြောင်း။

ထို့ပြင် ပဲခူးရိုးမအတွင်းရှိ ရှားပါးတိရစ္ဆာန်များနှင့် ဆင်များကို ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်ပါကြောင်း၊ ယခုစီမံချက်ပါ ပျိုးပင်များကို ရှင်သန်အောင်မြင်သည်အထိ တာဝန်ရှိသူများက စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပဲခူးရိုးမ သစ်ထုတ်လုပ်မှု ရပ်နားထားချိန်တွင် သဘာဝအခြေခံ တောတွင်းခရီးသွားလုပ်ငန်းများကို ဖော်ထုတ်သွားရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ၀ါးအခြေခံဒေသထွက်ကုန် လက်မှုပစ္စည်းများ ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းထက် လျော့မသွားရအောင် ဒေသခံပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းကို ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်အထိ ၁၀ နှစ်စီမံကိန်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါစီမံကိန်းအရ နိုင်ငံတော်အစီအစဉ်ဖြင့် သစ်တောစိုက်ခင်း ဧကပေါင်း ၃၅၂၄၃၈ ဧက၊ ပုဂ္ဂလိက သစ်တောစိုက်ခင်း ဧကပေါင်း ၂၈၅၁၀၄ ဧက တည်ထောင်စိုက်ပျိုးခြင်း၊ သစ်ထုတ်လုပ်ရေးသဘာဝတောများတွင် မမ္မတာမျိုးဆက်ခြင်း အထောက်အကူပြုလုပ်ငန်းအတွက် ဧက ၈၁၈၅၃၈ ဧက ဆောင်ရွက်ခြင်း၊ အပူပိုင်းဒေသရှိ သဘာဝတော ဧက ၅၀၀၀၀၀ ကို ထိန်းသိမ်းခြင်း၊ ဒေသခံပြည်သူများအတွက် အစုအဖွဲ့ပိုင်သစ်တော ၇၇၀၃၃၂ ဧက တည်ထောင်ခြင်း၊ သစ်တောနယ်မြေ ၁၆၁၆၀ စတုရန်းမိုင်၊ နိုင်ငံဧရိယာ၏ ၆ ဒသမ ၁၉ ရာခိုင်နှုန်း တိုးချဲ့ဖွဲ့စည်းပြီး နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို သစ်တောမြေအဖြစ် ဖွဲ့စည်းခြင်းတို့ကို မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် ရေတာရှည်မြို့နယ် ရိုးမကြိုးပြင်ကာကွယ်တောရှိ ဧက ၃၀၀ ပုဂ္ဂလိကပိုင် ကျွန်းစိုက်ခင်းအတွင်း အောင်မြင်ဖြစ်ထွန်းနေသည့် ငါးနှစ်သားအရွယ် ကျွန်းပင်ပေါက်များကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ရိုးမကြိုးပြင်ကာကွယ်တောရှိ မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းပါ စိုက်ခင်းအမှတ်(၂/၂၀၁၇)၌ ကျွန်းပင် သုံးသိန်း ပျိုးထောင်နေမှုနှင့် စိုက်ပျိုးရန်မြေနေရာပြင်ဆင်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ပျိုးပင်များ စိုက်ပျိုးပြီးစီးပါက မီးဘေးအပါအဝင် ပျက်စီးဆုံးရှုံးမှုများ မဖြစ်အောင် စနစ်တကျ ကာကွယ်စောင့်ရှောက်သွားရန်နှင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သရေခေတ္တရာ ပျူယဉ်ကျေးမှုအမွေအနှစ် နယ်မြေပြတိုက်သို့ ရောက်ရှိပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပျူခေတ်လက်ရာ အသုံးအဆောင်ပစ္စည်းများ၊ ရဟန္တာဂူဘုရားနှင့် ဘောဘောကြီးစေတီတို့ကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်-ပြည် ကားလမ်းဘေး မိုင်တိုင်အမှတ်(၁၇၆/၄)မှ (၁၇၇/၀)အကြား ဂျာမန်ရုက္ခဗေဒပညာရှင် ဒေါက်တာဘရန်းဒစ်က ၁၈၅၇ ပြည့်နှစ်တွင် စတင်စိုက်ပျိုးခဲ့သည့် နှစ်ပေါင်း ၁၆၀ ကျော်သက်တမ်းရှိ ကျွန်းစိုက်ခင်းအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခုအခါ ၎င်းနေရာရှိ ၇၈ ဧကပေါ်တွင် ၁၈၅၇ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အတွင်း စိုက်ပျိုးခဲ့သည့် ကျွန်းပင်ပေါင်း ၃၅၀၃ ပင် စိုက်ပျိုးထားကြောင်း စစ်ဆေးတွေ့ရှိရသည်။

(သတင်းစဉ်)

Junction city တွင် အသံစနစ်ပိုင်းကောင်းမွန်သည့် JCGV ရုပ်ရှင်ရုံသစ်ဖွင့်

ရန်ကုန် ဧပြီ ၉

ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းမပေါ်၌ အသစ်ဖွင့်လှစ်လိုက်သည့် Junction city Shopping Centre ရှိ JCGV ရုပ်ရှင်ရုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ Junction City, JCGV Cinema Hall 1 ၌ ကျင်းပသည်။

အခမ်းအနားတွင် JCGV CEO Mr.Ryu က နှုတ်ခွန်းဆက်စကားပြောကြားပြီး Mr.Eddie Tan က Barco immersive sound နှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြရာ Multiplex ရုပ်ရှင်ရုံများ ဖွင့်လှစ်နေသော JCVG မှ မြန်မာနိုင်ငံ၌ Barco immersive sound စနစ်ကို ပထမဆုံးအဖြစ် Junction city multiplex တွင် တပ်ဆင်ဖွင့်လှစ်လိုက်ကြောင်း၊ ယင်းအသံစနစ်တွင် Auro 11.1 နှင့် Auro Max 26.1 စနစ်အထိပါဝင်ကာ ရုပ်ရှင်အသံစနစ်ကို ပိုမိုကောင်းမွန်စေကြောင်း၊ အသံလာရာလမ်းကြောင်းများမှာ ပြင်ပတွင်ကြားနေရသောအသံအဖြစ် ကြားနိုင်စေရန် Speaker နေရာများအား အလွှာလိုက်တပ်ဆင်ထားပြီး 3D sound စနစ်အဖြစ် နားဆင်နိုင်မည်ဖြစ်ရာ လက်ရှိပြသနေသော Boss Baby ဇာတ်ကားမှာ Auro 11.1 စနစ်အသုံးပြုထားကြောင်း ပြောကြားသည်။

"ရုပ်ရှင်ရုံကို လာရောက်ကြည့်ရှုကြမယ့် ပရိသတ်တွေအတွက်လည်း ရုပ်ရှင်ရသကို အပြည့်အဝခံစားနိုင်ဖို့အတွက် ရုပ်ရှင်ပိတ်ကား၊ အသံစနစ်အပြင် ထိုင်ခုံနေရာက အစ သက်သောင့်သက်သာရှိအောင် ဝန်ဆောင်မှုပေးထားပါတယ်။ ရုပ်ရှင်ပြသမယ့်ရုံကတော့ Starium ရုံကြီး အပါအဝင် ငါးရုံရှိပါတယ်။ Starium ရုံဆိုရင် လူ ၃၀၀ ကျော်နဲ့ Hall-1 ဆိုရင်တော့ ၂၀၀ ကျော်ဆုံပါတယ်။ ပွဲချိန်အနေနဲ့ကတော့ တစ်ရုံနဲ့တစ်ရုံ မတူပါဘူး။ အခုလောလောဆယ် တစ်ရုံကို တစ်ကားနှုန်းနဲ့ပဲပြသထားပါတယ်။ 3D sound စနစ်ကို JCGV မှာ လာရောက်ခံစားနိုင်ပါတယ်"ဟု Clover Solutions Co.,Ltd. မှ မန်နေးဂျင်းဒါရိုက်တာ ကိုဇင်အောင်စိုးက ပြောသည်။

သတင်း-အေးမင်းသူ၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ကျောင်းကုန်းမြို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြံပြုသုံးသပ်ဆွေးနွေး

ကျောင်းကုန်း ဧပြီ ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြံပြုသုံးသပ်ဆွေးနွေးပွဲကို အထွေထွေအုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်းရှိ အေးချမ်းသာယာခန်းမ၌ ဧပြီ ၆ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောင်းကုန်းမြို့နယ် ကျေးလက်ဦးစီးမှူး ဦးခင်ဇော်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းနှင့် ပတ်သက်၍ မြစိမ်းရောင်ကျေးရွာ အားလုံး ၄၆ ရွာရှိသွားပြီဖြစ်ကြောင်း၊ မြစိမ်းရောင်စီမံကိန်းကြီး စတင်လည်ပတ်ခဲ့သော ကျေးရွာ ခုနစ်ရွာ၊ နောက်နှစ်မှာ ၂၁ ရွာ၊ နောက်တစ်နှစ်မှာ ၁၈ ရွာရှိလာပြီဖြစ်ရာ အားနည်းချက်၊ အားသာချက်များ ရှိမည်ဖြစ်ကြောင်း၊ ယင်းအကြံပြုချက်များကို ပိုင်းဝန်းဆွေးနွေးကြမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာ ခုနစ်ရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာ ၂၁ ရွာနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာ ၁၈ ရွာတို့မှ အားနည်းချက်များ၊ အားသာချက်များ တင်ပြလာမှုအပေါ် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးခင်ဇော်က ကျေးလက်နေပြည်သူများအနေဖြင့် မြစိမ်းရောင်စီမံကိန်းမှ ထုတ်ပေးသည့် လည်ပတ်ရန်ပုံငွေကို အကျိုးရှိရှိ သုံးစွဲကြမည်ဆိုလျှင် အမှန်တကယ်အကျိုးရှိစေမည်ဖြစ်ကြောင်း၊ အရင်းပြန်မဆပ်နိုင်သည့်သူများကို ကျေးရွာကော်မတီက ဆက်လက်ထုတ်ချေးနေဦးမည်ဆိုလျှင် နောင်လည်း ပြန်ဆပ်နိုင်မည်မဟုတ်ကြောင်း၊ အဖွဲ့၏ဆုံးဖြတ်ချက်ဖြင့် ထုတ်ပယ်နိုင်ကြောင်းတို့ကို အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

ဟုမ္မလင်းမြို့နယ် ထိန်ကုန်းဒေသရှိ တစ်ပိုင်တစ်နိုင်ရွှေမျှောလုပ်ကိုင်သူများအနေဖြင့် တရားဝင်ရွှေမျှောလုပ်ကိုင်သူများ ဖြစ်ရန် သက်ဆိုင်ရာက အမြန်ဆုံးဆောင်ရွက်ပေးစေလို

ဟုမ္မလင်း ဧပြီ ၉

ဟုမ္မလင်းမြို့နယ် ထိန်ကုန်းဒေသရှိ တစ်ပိုင်တစ်နိုင်ရွှေမျှောမောင်းသူများ အနေဖြင့် တရားဝင်ရွှေမျှောလုပ်ကိုင်သူများဖြစ်ရန် သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးဆောင်ရွက်ပေးမှသာ ရွှေမျှောလုပ်ကိုင်သူများ၏စားဝတ်နေရေးပြေလည်စေမည်ဖြစ်ကြောင်း မုံရွာမြို့တွင်ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ဟုမ္မလင်းမြို့နယ် ထိန်ကုန်းဒေသခံရွှေမျှောလုပ်ကိုင်နေသူ ဦးခင်မောင်ဝင်းက ပြောသည်။ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ထိန်ကုန်းဒေသရှိ ပြောင်းလဲမှုကိုမခံစားရသော လက်လုပ်လက်စားရွှေမျှောလုပ်ကိုင်သူများ၏ သတင်းစာရှင်းလင်းပွဲကို မုံရွာကွန်ပျူတာတက္ကသိုလ်အနီးရှိ Chindwin Institute ရုံး၌ ဧပြီ ၈ ရက် နံနက် ၁၀ နာရီခွဲ၌ ကျင်းပခဲ့သည်။

"လက်လုပ်လက်စားတွေအနေနဲ့ ရွှေမျှောလုပ်တာပဲ လုပ်တတ်တော့ စားဝတ်နေရေးအတွက် တရားဝင်ဆက်မောင်းချင်ပါတယ်။ တရားမဝင်လုပ်နေရာက တရားဝင်လုပ်ကိုင်မှုတွေရအောင် ဘယ်လိုလုပ်ရမယ်ဆိုတာ စုံစမ်းမေးမြန်းလုပ်ကိုင်နေကြပါတယ်။ မြို့နယ်တာဝန်ရှိသူတွေကို လုပ်ပေးဖို့ သွားရောက်ပြောကြားထားပေမယ့် လက်မခံဘဲ ကုမ္ပဏီဘက်ကိုသာ ဦးစားပေးနေတာ လက်တွေ့ကြုံနေကြရပါတယ်"ဟု ထိန်ကုန်းဒေသခံ ဦးခင်မောင်ဝင်းက ပြောသည်။

၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ရွှေမျှောလုပ်ကိုင်သူ တစ်မျှောလျှင် တစ်လ ကျပ်သုံးသိန်းဖြင့် ရွှေမျှောလုပ်ငန်းကို လုပ်ကိုင်ခဲ့ကြရာ ၂၀၁၇-၂၀၁၈ အတွက် ကုမ္ပဏီမှ ဝင်ကြေးငွေကျပ် သိန်း ၂၀ နှင့် တစ်လလျှင် လေးသိန်းကျပ် စျေးတိုးမြှင့်ကောက်ခံရာ ရွှေမရသဖြင့် မပေးနိုင်ကြကြောင်း၊ ကုမ္ပဏီမှ ဝင်ကြေးရှစ်သိန်းနှင့် တစ်လ လေးသိန်းနှုန်းဖြင့် ရွှေ ၃၅ မျှောခန့်လုပ်ကိုင်နေကြသော်လည်း ၁၅ မျှောမှာ မပေးနိုင်သည့်အတွက် ထွက်ခဲ့ကြောင်း သိရသည်။ မတ် ၂၈ ရက်က တစ်ပိုင်တစ်နိုင် မျှောလုပ်သူ ၁၅ ဦးပိုင် မျှောလုပ်ငန်းသုံးပစ္စည်းစုံအား ကုမ္ပဏီပိုင် တရားမဝင်ချိန်းများဖြင့် ဖျက်ဆီးကာ အင်အားသုံးအနိုင်ကျင့်ခဲ့ကြောင်း ဒေသခံများက သတင်းစာရှင်းလင်းပွဲတွင် ချပြရှင်းလင်းခဲ့ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ပျောင်းကျဆင်းရေး အသိပညာပေး

မိုးမောက် ဧပြီ ၉

ကချင်ပြည်နယ် မိုးမောက်မြို့နယ်တွင် ဒေသခံပြည်သူများ သင်္ကြန်အကြိုမှုခင်းကျဆင်းရေးနှင့် ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးအတွက် ဗန်းမော်ခရိုင် ရဲတပ်ဖွဲ့ကွပ်ကဲမှုဖြင့် မိုးမောက်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဖြူဝင်း၊ စခန်းမှူး ဒု-ရဲမှူး ခင်မောင်ထွေးနှင့် ရဲတပ်ဖွဲ့ဝင်များသည် ပြည်နယ် ရဲတပ်ဖွဲ့ မှူခင်းပညာပေးပြခန်းယာဉ်ဖြင့် ဧပြီ ၅ ရက်နံနက်က မြို့မဈေး၌ အသိပညာပေးလုပ်ငန်းများ ဆောင် ရွက်ခြင်းနှင့် ဆောင်ရွက်မှုမှတ်တမ်း ဓာတ်ပုံ၊ နံ ရံကပ်စာစောင်များ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ခြင်းများ ပြုလုပ်ရာ လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။**လွန်းနန်းထွေး(ပြန်/ဆက်)**

ဟင်္သာတမြို့နယ် ကိုင်းချောင်းကျေးရွာ၌ ကျောက်ချောလမ်းသစ်ဖွင့်

ဟင်္သာတ ဧပြီ ၉

ဟင်္သာတမြို့နယ် ကိုင်းချောင်းကျေးရွာအုပ်စု ဆည်မြောင်းတာလမ်းမကြီးပေါ်၌ သွားလာမှုအဆင်ပြေစေရန်အတွက် ပြည်ထောင်စုလွှတ်တော်ဖွဲ့ဖြိုးရေးရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် စုပေါင်းခင်းသည့်ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဧပြီ ၈ ရက် နံနက် ၈ နာရီကကျင်းပခဲ့ရာ လမ်းသစ်မုခ်ဦးအား ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကျော်စိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး လမ်းသစ်ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ပြည်ထောင်စုလွှတ်တော်ဖွဲ့ဖြိုးရေးရန်ပုံငွေ ကျပ် ၃၉ သိန်းနှင့် ဒေသခံပြည်သူများ ထည့်ဝင်လျှာဒါန်းငွေ ကျပ် ၅၈ သိန်းကျော်တို့ဖြင့် လမ်းမကြီးပြီးစီးအောင် ခင်းကျင်းနိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရပြီး ရဟန်းရှင်လူ၊ ပြည်သူ၊ ကျောင်းသားများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ ကုန်စည်ရောင်းဝယ်ရေးလွယ်ကူပြီး အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်းကို လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းနိုင်ဦးက ပြောသည်။

အဆိုပါလမ်းသစ်သည် ကိုင်းချောင်းကျေးရွာအုပ်စုမှ ဟင်္သာတမြို့သို့ဆက်သွယ်သွားထားသည့် ဆည်မြောင်းတာလမ်းမကြီးပေါ်၌တည်ရှိပြီး လမ်းအရှည်ပေ ၁၃၀၀၀ ကျော်နှင့် လမ်းအကျယ် ခြောက်ပေရှိ ကျောက်ချောလမ်းသစ်ဖြစ်ကာ လမ်းမကြီးအား ကျောက်ချောလမ်းခင်းကာ ဖွင့်လှစ်နိုင်ခဲ့မှုကြောင့် ကိုင်းချောင်းကျေးရွာအုပ်စုနှင့် အခြားကျေးရွာများမှ ဒေသခံတို့၏ သွားလာမှုနှင့် ကုန်စည်ရောင်းဝယ်မှုတို့အတွက် ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

ပြည်စံအောင်ရပ်ကွက်အတွင်း စည်းကမ်းမဲ့ဆိုင်ကယ်များအား စစ်ဆေး

ဇေယျာသီရိ ဧပြီ ၉

နေပြည်တော်ပြည်ထောင်စုနယ်မြေ ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း ပြည်စံအောင်ရပ်ကွက်အတွင်း စည်းကမ်းမဲ့ဆိုင်ကယ်များအား စစ်ဆေးဆောင်ရွက်ရန် ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်သောင်း၊ ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးကြီး သိန်းဝင်းတို့၏ လမ်းညွှန်မှုနှင့်အတူ ဇေယျာသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ကျော်ညွှန့်၏ အနီးကပ်ကြီးကြပ်မှုဖြင့် ရွှေတွင်းကုန်းမြို့မရဲစခန်းမှူး ဒု-ရဲမှူးအောင်ကျော်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ပြည်စံအောင်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မြနှင့် နယ်မြေမှူးများ ပူးပေါင်းအဖွဲ့သည် မော်တော်ဆိုင်ကယ်များအား ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်အိပ်ဇော ဖြုတ်မောင်းနှင်မှု လေးမှု ဖမ်းဆီးအရေးယူခဲ့ပြီး ဧပြီ ၁၂ ရက်အထိ စစ်ဆေးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ဝန်မြစ်အတွင်းရေယာဉ်နစ်မြုပ်မှုမှ သေဆုံးသူ ဆယ်ဦးထပ်မံတွေ့ရှိ

ပုသိမ် ဧပြီ ၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ဝန်မြစ်အတွင်း ဧပြီ ၇ ရက်ညက ကျောက်တင်စီဘီတွဲနှင့်တိုက်မိမှုကြောင့် နစ်မြုပ်ခဲ့သော မင်္ဂလာဆောင်ပြန်ငွေကြေယ်ပွင့်သင်္ဘောမှ သေဆုံးသူခရီးသွား ၁၀ ဦးကို ထပ်မံရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

သင်္ဘောတိုက်မှုဖြစ်ပွားခဲ့သည့်ညမတိုင်မီ ဧပြီ ၇ ရက် မွန်းလွဲ ၁ နာရီခွဲက ငပုတောမြို့နယ် ရခိုင်ကုန်းကျေးရွာနေ ဦးဝင်းခိုင်(ခေါ်)ဦးမွေးခိုင် ဦးဆောင်သော ရွာသူ ရွာသား ၆၀ တို့သည် ကျေးရွာမှ ငွေကြေယ်ပွင့်တစ်ထပ်ရေယာဉ်ကို စင်းလုံးငှားပြီး ပုသိမ်မြို့တွင်ကျင်းပသော မင်္ဂလာပွဲသို့တက်ရောက်ပြီး ည ၇ နာရီခန့်တွင် ပုသိမ်ဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာခဲ့ရာ နာရီဝက်ခန့်အကြာတွင် ပုသိမ်ဆိပ်ကမ်းမှ ထွက်ခွာလာသော ကျောက်တင်ရေယာဉ်နှင့်တိုက်မိပြီး တိမ်မှောက်ခဲ့ခြင်းဖြစ်သည်။

ရေယာဉ်တိမ်းမှောက်မှုကြောင့် ငွေကြေယ်ပွင့်ရေယာဉ်ပေါ်မှ ခရီးသည် ၆၀ ဝန်မြစ်အတွင်းနစ်မြုပ်ခဲ့ရာ ပုသိမ်ဆိပ်ကမ်းရေကြောင်းရဲတပ်ဖွဲ့ဝင်များက ရေယာဉ်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးနှင့်တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့ဝင်များက ရေယာဉ်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုကြောင့် ခရီးသည် ၃၀ အား ကယ်ဆယ်နိုင်ခဲ့သည်။ ထို့နောက် ငွေကြေယ်ပွင့်ရေယာဉ်အတွင်း သေဆုံးနေသည့် ခရီးသည် ၂၀ ကိုရှာဖွေတွေ့ရှိခဲ့ပြီး ဧပြီ ၉ ရက်တွင် ငွေကြေယ်ပွင့်ရေယာဉ်ရေယာဉ်မောင်းသူ ကိုလင်းထိုက်(၃၁)နှစ်နှင့် သေဆုံးသူ ကိုးဦးတို့၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့သည်။

သေဆုံးသူခရီးသည် ၂၀ ကို ဧပြီ ၈ ရက်က သင်ကြိတ်ခဲ့ပြီး ထပ်မံရှာဖွေတွေ့ရှိသည့် ရုပ်အလောင်းများနှင့် ၎င်းတို့၏ပစ္စည်းများကို ချိပ်ပိတ်သိမ်းဆည်းထားပြီး ရေယာဉ်နစ်မြုပ်မှုနှင့်ပတ်သက်၍ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ပုသိမ်လှကြည်)

သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့၌ လျှပ်စစ်မီးလုံးဝပြတ်တောက်ခြင်းမရှိ ဓာတ်အားပေးသွားမည်

ရန်ကုန် ဧပြီ ၉

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ရတနာသဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ Partial Shut-down လုပ်ငန်းဆောင်ရွက်မှုများအား ဧပြီ ၁၀ ရက်မှ ၁၄ ရက်အထိ မူလကြေညာထားသော်လည်း ထို Shut down ကာလအတွင်း ပြည်သူများအား လျှပ်စစ်ဓာတ်အား လုံးဝ(လုံးဝ)ပြတ်တောက်ခြင်းမရှိဘဲ ဓာတ်အားပေးသွားမည်ဟု ပြန်လည်အသိပေးပန်ကြားထားကြောင်း သိရသည်။

ထိုသို့ Shut down လုပ်ငန်းဆောင်ရွက်စဉ် ရတနာသဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ ဓာတ်ငွေ့ကုဗပေသိန်း ၁၂၀ ပေးပို့ထားမည်ဖြစ်ပြီး ကုန်းတွင်းသဘာဝဓာတ်ငွေ့နှင့် ဇေတိက သဘာဝဓာတ်ငွေ့ပိုက်လိုင်းများအား ထပ်မံတိုးမြှင့်ဖြန့်ဖြူးပေးထားမည်ဖြစ်သောကြောင့် သဘာဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ တစ်နိုင်ငံလုံး ၆၀ မဂ္ဂါဝပ်မှ ၇၀ မဂ္ဂါဝပ်ခန့်သာ လျှပ်စစ်ဓာတ်အား ပမာဏလျော့နည်းသွားမည်ဖြစ်သည်။

ထို့အပြင် သင်္ကြန်ကာလအတွင်း စက်ရုံ၊ အလုပ်ရုံများပိတ်ထားသဖြင့် ရန်ကုန်တိုင်းဒေသကြီး တစ်ခုတည်းမှာပင် ဓာတ်အားအသုံးပြုမှု လျော့နည်းသွားမည့် ဓာတ်အားပမာဏမှာ အနည်းဆုံး မဂ္ဂါဝပ် ၂၅၀ ရှိသောကြောင့် Shut down ကာလအတွင်း ပြည်သူများအား လျှပ်စစ်ဓာတ်အားလုံး၀(လုံး၀) ပြတ်တောက်ခြင်းမရှိဘဲ ဓာတ်အားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဌေး(ဒလ)

ဘားအံနှင့် လှိုင်းဘွဲ့မြို့တို့တွင် သဘာဝဘေးဖြစ်ပေါ်လာပါက အရေးပေါ်ခိုလှုံရာအဆောက်အအုံ တည်ဆောက်မည်

ဘားအံ ဧပြီ ၉

ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်များတွင် နှစ်စဉ်ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသဖြင့် ရေဘေးသင့်ပြည်သူများ၊ အခြားသဘာဝဘေးများ ဖြစ်ပေါ်လာပါက အရေးပေါ်ခိုလှုံနိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ သင်တန်းများနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများအတွက် အဆောက်အအုံ (Cyclone Shelter)တည်ဆောက်မည်ဖြစ်ရာ ဧပြီ ၈ ရက် နံနက် ၉ နာရီက လှိုင်းဘွဲ့မြို့နယ် ကမော့ကချူးကျေးရွာ အဆောက်အအုံတည်ဆောက်မည့်မြေနေရာတွင် ပန္နက်တင်ကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ်အတွင်း ဇွန်၊ ဇူလိုင်နှင့် သြဂုတ်လတို့တွင် မိုးသည်းထန်စွာရွာသွန်းပါက တောင်ကျရေများ အင်းအိုင် မြစ်ချောင်းများ မှတစ်ဆင့် ရေကြီးရေလျှံမှုများ နှစ်စဉ်ကြုံတွေ့နေရပြီး အိမ်ထောင်စုဝင်များအတွက် ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးနေရသဖြင့် ထိုသို့ရေဘေးသင့်ပြည်သူများ အပါအဝင် အခြား သဘာဝဘေးဖြစ်ပေါ်လာပါက အရေးပေါ်ခိုလှုံနိုင်ရန် အဆောက်အအုံ (Cyclone Shelter တည်ဆောက်ပေးရခြင်းဖြစ်ကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ် သဘာဝဘေးဖြစ်ပေါ်လာပါက အရေးပေါ်ခိုလှုံနိုင်ရန် Cyclone Shelter အဆောက်အအုံပန္နက်တိုင်အား ကရင်ပြည်နယ် ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေး၊ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်မှူး ဦးလင်းထွဋ်နှင့် လှိုင်းဘွဲ့မြို့နယ် အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်တို့က စိုက်ထူပေးကြပြီး ဘားအံမြို့ အမှတ်(၁)ရပ်ကွက် ကြာအင်းအလယ်လမ်းတွင် တည်ဆောက်မည့်မြေနေရာအား သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါ Cyclone Shelter အဆောက်အအုံနှစ်ခုအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေများဖြင့် လှိုင်းဘွဲ့မြို့နယ်အတွက် ၁၁၈ သန်း ဖြင့် (၆၀ × ၆၀ × ၂၈)ပေရှိ လူဦးရေ ၄၀၀ ကျော်ဆံ့ကိုလည်းကောင်း၊ ဘားအံမြို့နယ်အတွက် သန်း ၁၁၆ ဒသမ ၈၀၀ ဖြင့် လူဦးရေ ၄၀၀ ဆံ့ကိုလည်းကောင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရန် ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့်အချက်များ

၁။ သင်္ကြန်ပွဲတော်အတွင်း အရက်သေစာလွန်ကဲစွာ သောက်စားမူးယစ်ခြင်း၊
၂။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊
၃။ တုတ်၊ ဓားလက်နက်များ ဗုက်သိမ်းကိုင်ဆောင်ခြင်း၊
၄။ ကာမရာဂကို နိုးထစေသော ဆေးများရောင်းချခြင်းနှင့် ဝယ်ယူသုံးစွဲခြင်း၊
၅။ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည့် ဝတ်စားဆင်ယင်ခြင်း၊
၆။ မိန်းကလေးများ ဆွေမျိုးသားချင်းမဟုတ်သူများနှင့်အတူ လည်ပတ်ခြင်း၊ ၎င်းတို့မှကျွေးသော အစားအသောက်များကို မချင့်မချိန်စားသောက်ခြင်း၊
၇။ အချိန်လွန်ရေပက်ကစားခြင်းနှင့် လည်ပတ်ခြင်း၊
၈။ ရေပက်ကစားပြီး နားသည့်အချိန်၌ စိတ်ကွယ်ရာ၌ အနားယူခြင်း၊
၉။ အရက်သေစာ၊ မူးယစ်ဆေးဝါးသောက်စားခြင်း၊ ဝန်ပိုများ တင်ဆောင်၍ မော်တော်ယာဉ်များမောင်းနှင်ခြင်း၊
၁၀။ ရေပက်ကစားသူအချင်းချင်း နောက်ပြောင်ကျီစယ်လွန်ခြင်း၊
၁၁။ သင်္ကြန်ကာလအတွင်း အရက်မူးပြီး ရေကန်၊ ချောင်းများ၌ ရေကူးခြင်းနှင့် ရေချိုးခြင်း၊
၁၂။ ရေကစားရာတွင် ယဉ်ကျေးမှုနှင့်ဆန့်ကျင်ပြီး အများအမြင်တွင် မတင့်တယ်သော မဖွယ်မရာပုံစံပြုလုပ်ထားသည့် ရေပက်ကိရိယာများနှင့် ရေပက်ကစားခြင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့

ဗူခင်းပြခန်းယာဉ်ဖြင့် အသိပညာပေးဆောင်ရွက်

ပေါင် ဧပြီ ၉

မွန်ပြည်နယ် ပေါင်မြို့နယ် ကျခတ်ဝူကျေးရွာ ဘောလုံးကွင်းအနီး ရန်ကုန်-မော်လမြိုင် ကားလမ်းမဘေးတွင် မွန်ပြည်နယ်ရဲမှူးကြီး ဘိုဘိုဦး၏ လမ်းညွှန်မှုအရ ပြည်သူများအနေဖြင့် မှုခင်းကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာများရရှိစေရန်အတွက် မှုခင်းပညာပေးယာဉ်ဖြင့် အသိပညာပေးမှုကို ပေါင်မြို့မရဲစခန်းမှ ဒု-ရဲမှူး ဝင်းထိန်၊ မုတ္တမနယ်မြေစခန်းမှ ရဲအုပ်အောင်မင်းကြည်နှင့် ရဲတပ်ဖွဲ့ဝင်များက ဧပြီလပထမပတ်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

မြို့ပေါ်ရပ်ကွက်များနှင့် ကျေးလက်ဒေသများအထိ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာတွင် မှုခင်းအသိပညာပေးယာဉ်ဖြင့် လှည့်လည်ပြသခြင်း၊ လက်ကမ်းစာစောင်များဝေဌခြင်း၊ ဟောပြောပွဲများ လူထုအတွင်း ကွင်းဆင်းဆောင်ရွက်ခြင်းကို သထုံခရိုင် ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးလှမြင့်နှင့် ပေါင်မြို့မရဲစခန်းမှ ယာယီရဲမှူး အေးဆွေတို့ ဦးဆောင်သောတပ်ဖွဲ့ဝင်များသည် ကျခတ်ဝူကျေးရွာအတွင်းရှိ ကျေးရွာနေပြည်သူများအား အသိပညာပေးရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

ချောင်းဆုံ ဧပြီ ၉

မွန်ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဦးထွန်းဌေး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးကြည်တို့သည် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧပြီ ၆ ရက်က ချောင်းဆုံမြို့နယ်အတွင်း ဆောင်ရွက်ပြီးစီးသည့် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

မြို့အုပ်ချုပ်ရေးမှူးရုံးသစ်ဖွင့်

ကျောက်တံခါး ဧပြီ ၉

ကျောက်တံခါးမြို့နယ် ဖဒိုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူးရုံးသစ်ဖွင့်ပွဲကို ဧပြီ ၇ ရက်က ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမောင်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါရုံးသစ်သည် အလျား ၄၅ ပေ၊ အနံ ပေ ၃၀ ရှိပြီး ခွင့်ပြုရန်ပုံငွေ ၂၄၃ သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

မြို့နယ်(ပြန်/ဆက်)

မဟာသင်္ကြန်ကာလမတိုင်မီ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် စည်းကမ်းပျက်ဆိုင်ကယ်များအား ဖမ်းဆီးအရေးယူမည်

ညောင်ဦး ဧပြီ ၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် မဟာသင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ပြည်သူများ စိတ်အေးချမ်းသာစွာ အတာပွဲခွဲပျော်နိုင်ရန် ရည်ရွယ်၍ စည်းကမ်းပျက် ဆူညံအိတ်ဇောများနှင့် ပါဝါပြောင်းများကို ဖမ်းဆီးအရေးယူသွားမည်ဖြစ်ရာ ကြိုတင်အသိပညာပေးသည့်အနေဖြင့် ယခင် ဖမ်းဆီးသိမ်းဆည်းထားသော ဆူညံအိတ်ဇောများနှင့် ပါဝါပြောင်းများကို ဘူဒိုဇာနှင့်ကြိတ်၍ ဖျက်ဆီးခြင်းအခမ်းအနားကို ဧပြီ ၈ ရက် နံနက်ပိုင်းက ညောင်ဦးခရိုင်ရဲတပ်ဖွဲ့အနီး မြေကွက်လပ်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မဟာသင်္ကြန်ပွဲစည်းကမ်းထိန်းသိမ်းရေးနှင့် လုံခြုံရေးကော်မတီမှတာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူများ၊ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့နောက် ပူးပေါင်းအဖွဲ့သည် သင်္ကြန်ပွဲတော်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေးအတွက် ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများ လိုက်နာရန် သတိပေးဆိုင်းဘုတ်များကို ညောင်ဦးမြို့နယ် မဏိစည်သူစျေးအပိုင်းအနီးနှင့် ဝိုလ်ချုပ်ပန်းခြံရှေ့တို့၌ စိုက်ထူခဲ့ကြသည်။ ထို့ပြင် ပူးပေါင်းအဖွဲ့သည် မဟာသင်္ကြန် အကြိုကာလအတွင်း မော်တော်ဆိုင်ကယ်များ အိတ်ဇောပိုက်ဖြုတ်၍စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍စီးခြင်း၊ ရှေ့၊ နောက် နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍ စီးခြင်း၊ ဆိုင်ကယ်ဦးထုပ်မပါဘဲ စီးခြင်းများကို ဧပြီ ၈ ရက်နေ့မှစတင်၍ စစ်ဆေးအရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ရဲသူရအောင်(ညောင်ဦး)

ယခင်သိမ်းဆည်းထားသော ဆူညံအိတ်ဇောများအား ဘူဒိုဇာနှင့်ကြိတ်၍ ဖျက်ဆီးပညာပေးသရုပ်ပြစဉ်။

ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၉

တရားမဝင် ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၈ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၀၃ စီး၊ သွင်းကုန် ၈၁၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅ စီး၊ သွင်းကုန် အစီး ၁၇၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုဆောင်ရွက်လျက်ရှိရာ ဧပြီ ၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု(ခန့်မှန်းတန်ဖိုး ကျပ် ၁၈ ဒသမ ၇၁၆၄ သန်းခန့်)နှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု(ခန့်မှန်းတန်ဖိုးကျပ် ၃၄ ဒသမ ၅၆၇၇ သန်းခန့်)စုစုပေါင်း ၁၃ မှ (ခန့်မှန်းတန်ဖိုးကျပ် ၅၃ ဒသမ ၂၈၄၁ သန်းခန့်) သိမ်းဆည်းရမိကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဧပြီ ၇ ရက်တွင် မူဆယ်မြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် Toyota Wish အမျိုးအစား မော်တော်ယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးရန် တားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံတားဆီးပြီး စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ယာဉ်နှင့်ပတ်သက်သည့် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ ယာဉ်၏ ထိုင်ခုံအောက် ကြမ်းခင်းအတွင်း၌လည်း အံဝှက်များပြုလုပ်ထားသည့် ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးကျပ် နှစ်သန်း)ခန့်အား သိမ်းဆည်းခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

စေတီကွင်းကျေးရွာအနီး ဝေလငါးတစ်ကောင်သေဆုံးလျက်တွေ့ရှိ

ကျိုင်္ကလီ ဧပြီ ၉

ရခိုင်ပြည်နယ် သံတွဲခရိုင် ကျိုင်္ကလီမြို့ စေတီကွင်းကျေးရွာအနီး ပင်လယ်ကမ်းစပ်တွင် ဧပြီ ၉ ရက်နံနက် ၁၀ နာရီက သေဆုံးနေသော ဝေလငါးတစ်ကောင် တွေ့ရှိရကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး၊ ငါးလုပ်ငန်းဦးစီးမှူးနှင့် ဌာနဆိုင်ရာများ၊ စေတီကွင်းအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများပါဝင်သောအဖွဲ့က သွားရောက်စစ်ဆေးရာ အဆိုပါ ဝေလငါးမှာ သေဆုံးနေပြီး ကမ်းစပ်တွင် တင်နေကြောင်း တွေ့ရှိရသည်။ ငါးလုပ်ငန်းဦးစီးဌာနက ဝေလငါးအရိုးရရှိရေး လုပ်ထုံးလုပ်နည်းနှင့်အညီ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ်မြန်/ဆက်)

ဂွမြို့၌ မီးလောင်မှုဖြစ်ပွား၊ လူနေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံး

ဂွ ဧပြီ ၉

သံတွဲခရိုင် ဂွမြို့ မြို့မရပ်ကွက် ဇလပ်ဖြူလမ်းနှင့် ခွာညိုလမ်းထောင့်တွင် ဆီထမင်းချက်သည့် မီးကြွင်းမီးကျန်များမှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ရာ လူနေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၉ ရက် နံနက် ၇ နာရီခွဲတွင် ဂွမြို့ မြို့မရပ်ကွက် ဇလပ်ဖြူလမ်းနှင့် ခွာညိုလမ်းထောင့်နေ မုန့်လုပ်ငန်းလုပ်ကိုင်သူ ဦးစိုးဝင်း(ခ) ဦးပိုက်ကြီးနေအိမ်၌ ဆီထမင်းချက်သည့် မီးကြွင်းမီးကျန်များမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး ထိုမှတစ်ဆင့် ၎င်း၏ ဘေးအိမ်ဖြစ်သော ဒေါ်ခင်သန်း၏နေအိမ်သို့ မီးကူးစက်လောင်ကျွမ်းခဲ့သည်။ အဆိုပါ မီးလောင်ကျွမ်းရာနေရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်များ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့ဝင်များ၊ အနီးပတ်ဝန်းကျင်ရှိဒေသခံပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြရာ နံနက် ၇ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါ လောင်ကျွမ်းမှုကြောင့် ဦးစိုးဝင်း(ခ) ဦးပိုက်ကြီး၏ နေအိမ်သွပ်မိုး၊ ပျဉ်ကာ တစ်ထပ်အိမ်နှင့် ဒေါ်ခင်သန်း၏ နေအိမ် ဓနိမိုး၊ ထရံကာအိမ်တို့မှာ မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့် တိရစ္ဆာန်ထိခိုက်ဒဏ်ရာ ရရှိ မှုမရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဘူးသီးတောင်မြို့နယ် ဘိုကြီးချောင်းကျေးရွာ၌ လူသေအလောင်းတစ်လောင်း တူးဖော်တွေ့ရှိ

နေပြည်တော် ဧပြီ ၉

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ဘိုကြီးချောင်း(၃)ရပ်ကွက်နေ အဏ္ဏဝါရှား၏ အာလူးခင်းအတွင်းမှ ဧပြီ ၈ ရက် နံနက် ၇ နာရီတွင် လူသေအလောင်းတစ်လောင်း တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ဘူးသီးတောင်မြို့နယ် ဘိုကြီးချောင်းကျေးရွာနေ ရော်ဖီးသည် တစ်ရွာတည်းနေ အာယာစ်နှင့်အတူ ထွက်သွားရာမှ ပြန်ရောက်မလာ၍ ၎င်း၏ဇနီး ဟာပ်ဆာက တောင်ဘဏာနယ်မြေ ရဲစခန်းသို့ တိုင်တန်းခဲ့သဖြင့် စုံစမ်းရှာဖွေခဲ့သည်။

ရော်ဖီးအား ဘိုကြီးချောင်းကျေးရွာနေ ဂူရာဆူတင်ပါ သုံးဦးက ရဲတင်းဖြင့် ခုတ်၊ ဓားဖြင့်လှီးဖြတ်သတ်ပြီး ဘိုကြီးချောင်း (၃)ရပ်ကွက်နေ အဏ္ဏဝါရှား၏ အာလူးခင်း၌ မြေမြှုပ်ထားကြောင်း အာယာစ်မှ ရော်ဖီး၏ဇနီးထံ ဧပြီ ၇ ရက်တွင် ဖုန်းဆက်ပြောကြားသဖြင့် တူးကြည့်ရာ ခင်ပွန်း၏အကျီအား တွေ့ရှိခဲ့ရသည်။

ရော်ဖီး၏ဇနီးသည် ရဲစခန်းသို့ လာရောက်အကြောင်းကြားသဖြင့် ဧပြီ ၈ ရက် နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုက်နယ်ဆရာဝန်တို့ပါဝင်သောအဖွဲ့က သွားရောက်တူးဖော်ရာ ရော်ဖီး၏ အလောင်းအား တူးဖော်တွေ့ရှိခဲ့သည်။

အာယာစ်ပါ လေးဦးတို့အား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တောင်ဘဏာနယ်မြေရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ပင်လယ်ပြင်ငါးဖမ်းစက်လှေတစ်စင်း ဆေးလိပ်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

ရေး ဧပြီ ၉

မွန်ပြည်နယ် ရေးမြို့နယ် အဘော်ကျေးရွာအုပ်စု အဘော်ကျားတန်းရှိ ချောင်းထဲတွင် အဘော်ကျားတန်းနေ ဦးသိန်းစိုးပိုင်ဆိုင်သော ပင်လယ်ငါးဖမ်းငါးသယ်လှေသည် ဧပြီ ၈ ရက် နံနက်ပိုင်းက ငါးဖမ်းငါးသယ်လှေ၏ ပေါင်းမိုးခေါင်မိုးတွင် မီးညှိထားသော ဆေးလိပ်ကိုထားရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုတွင် ငါးဖမ်းငါးသယ်လှေအား ပြန်လည်ပြင်ဆင်ရန်လှေပေါ်တွင် ညစောင့်အဖြစ်ထားရှိသည့် ရေလုပ်သား သန့်ဇင်သည် လှေပေါ်၌ ဖက်ကြမ်းဆေးလိပ်သောက်ပြီး လှေ၏ ပေါင်းမိုးခေါင်မိုးတွင် မီးညှိထားသော ဆေးလိပ်ကိုထားရာမှ မီးလောင်ကျွမ်းခဲ့ပြီး လူတစ်ဦးတစ်ယောက်မှ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

"မီးကို အနီးပတ်ဝန်းကျင်က ဝိုင်းဝန်းငြိမ်းသတ်မှုဖြင့် မီးစတင်လောင်ကျွမ်းချိန်မှ မိနစ်အနည်းအတွင်း ငြိမ်းသတ်နိုင်ကြောင်း သိရသည်။ မီးကိုပေါ့ဆစွာအသုံးပြုသူ သန့်ဇင်အား ဒုရဲအုပ် ဒါးရှင်းခိုက်က တရားလိုပြုလုပ်တိုင်တန်းကာ ရေးမြို့မရဲစခန်းက (ပ)၁၀၃/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ထွန်ထွန်(ရေး)

အနီကတ်ပြသခံရတဲ့နေမာ ဂလက်စီကို ပွဲစဉ်ကို လွဲချော်ရန် ရှိနေ

ဘာစီလိုနာ စူပါစတားနေမာဟာ မာလာဂါအသင်းနဲ့ ပွဲစဉ်မှာ အနီကတ်ပြသ ထုတ်ပယ်ခံခဲ့ရတာကြောင့် ရီးယဲလ်ကို ရင်ဆိုင်ရမယ့် အယ်လ်ဂလက်စီကို ပွဲစဉ်ကိုပါ လွဲချော်နိုင်မယ့် အခြေအနေကြုံတွေ့နေရပြီဖြစ်သည်။ နေမာအနေနဲ့ အနီကတ်ပြသခဲ့ရတဲ့အတွက် အလိုလျောက်တစ်ပွဲပယ်ပြစ်ဒဏ်ကျခံရမည်ဖြစ်ရာ ဧပြီ ၁၅ ရက်ဆိုစီဒက်ကိုရင်ဆိုင်မယ့် ပွဲစဉ်ကိုလွဲချော်ရန် သေချာနေပြီဖြစ်သည်။

သို့သော် အရန်ခုံပေါ်သွားသည့်လမ်းတွင် နေမာက လက်ထောက်ဒိုင်အနီးတွင် အံ့အားသင့်ဖွယ် လက်ခုတ်တီးခဲ့ရာ ဒိုင်ဖြစ်သူ၏ ပွဲပြီးအစီရင်ခံစာက ဘာစီလိုနာအသင်းအတွက် အင်မတန်အရေးကြီးသည့် အနေအထားပင်ဖြစ်သည်။

ဘာစီလိုနာ နည်းပြအင်းနရစ်ကနေမာ၏ ပထမ အဝါကတ်ပြစ်ဒဏ်မှာ မမျှတကြောင်း တုံ့ပြန်ထားပြီး ဒိုင်လူကြီးမန်ဇာနိ၏ ကိုင်တွယ်ပုံကို မေးခွန်းထုတ်ခဲ့သည်။ အင်းနရစ်က မာလာဂါအသင်းအလွတ်တည်ကန်ဘော ကန်ခွင့်ရချိန်တွင် နေမာမှာ ဘောလုံးရှေ့တွင် ဖိနပ်ကြိုးချည်နေမိသည့်အတွက် ဒိုင်က အဝါကတ်ပြသခဲ့ခြင်းဖြစ်သည်။ သို့သော် ဒီယေဂို လော်ရန်တီကို ကြမ်းတမ်းသည့် ဖျက်ထုတ်မှုကြောင့် ပြသခံရသည့် ဒုတိယအဝါကတ်မှာမူ ထိုက်တန်ကြောင်း အင်းနရစ်က ဝန်ခံခဲ့သည်။

ဘာစီလိုနာအသင်းသည် မာလာဂါကို အနိုင်ရမည်ဆိုပါက ဂိုးကွာခြားချက်အရ လာလီဂါအမှတ်ပေးဇယားကို ဦးဆောင်နိုင်မည်ဖြစ်သော်လည်း ရှုံးပွဲကြုံခဲ့ရသဖြင့် ချန်ပီယံဆုဖလား စိန်ခေါ်ရေးအတွက် အကြီးအကျယ်ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။ ဘာစီလိုနာနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့၏ အယ်လ်ဂလက်စီကို ပွဲစဉ်ကို ဧပြီ ၂၃ ရက်တွင် ယှဉ်ပြိုင်မည်ဖြစ်ပြီး အဆိုပါပွဲစဉ်မှာ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပေးနိုင်သည့် အရေးကြီးပွဲစဉ်လည်းဖြစ်သည်။

ကစားသမားအင်အားတောင့်တင်းရေးကို အာဆင်နယ်လုပ်ဆောင်ရမည်ကို ဝင်းဂါးလည်း သိရှိပြီးဖြစ်ဟု အိုဇေးလ်ပြောကြား

အာဆင်နယ်ကွင်းလယ်လူ မီဆပ်အိုဇေးလ်က အာဆင်နယ်တွင် တောင်းတင်းသည့် ကစားသမားအင်အားမရှိသဖြင့် ချန်ပီယံဆုကို စိန်ခေါ်နိုင်ရန် ခက်ခဲပြီး နည်းပြဝင်းဂါးကလည်း ယင်းကိစ္စရပ်ကို သိရှိကြောင်း ဒေးလီးမေးနှင့်ပြုလုပ်သော အင်တာဗျူးတွင် ထည့်သွင်းဖြေကြားခဲ့သည်။ အာဆင်နယ်အနေဖြင့် အသင်းလူအင်အားပြည့်စုံအောင် မဖန်တီးနိုင်သမျှ ရလဒ်ကောင်းများ ရရှိရန် မလွယ်ကြောင်း အိုဇေးလ်က ထောက်ပြခဲ့သည်။

အိုဇေးလ်က "ကျွန်တော်တို့အသင်းလူအင်အားကိုကြည့်ရင် ရီးယဲလ်၊ ဘိုင်ယန်တို့လို မတောင့်တင်းတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီလူအင်အားနဲ့ ချန်ပီယံလိဂ်လို ပြိုင်ပွဲတွေ အထူးသဖြင့် အသင်းကြီးတွေကို ရင်ဆိုင်တဲ့အခါ မလုံလောက်ပါဘူး။ ကျွန်တော်အနေနဲ့ ချန်ပီယံလိဂ်နဲ့ အခြားဆုဖလားတွေကို လိုချင်ပါတယ်။ ဒီကလပ်အသင်းက ဒီလိုဖလားတွေကို အမြတမ်းစိန်ခေါ်နိုင်တဲ့ အသင်းဖြစ်နေတာကို အလိုရှိပါတယ်" ဟု ဆိုခဲ့သည်။

အာဆင်နယ်အသင်းသည် ရာသီအစများပွဲစဉ်များတွင် ရလဒ်ပိုင်းကောင်းအောင် ကစားနိုင်လေ့ရှိသော်လည်း ရာသီဝက်တွင် ခြေပျက်ကာ ရလဒ်များ ကမောက်ကမထွက်ပေါ်ကာ ထိပ်ဆုံးလေးသင်းဝင်ရန်ပင် ရာသီသိမ်းအထိ ခက်ခက်ခဲခဲ တိုက်ပွဲဝင်ရလေ့ရှိသည်။

အာဆင်နယ်ပရိသတ်အတော်များများကလည်း ဝင်းဂါးနှင့် အာဆင်နယ်ဘုတ်အဖွဲ့ဝင်များ၏ အပြောင်းအရွှေ့ပေါ်လစီအပေါ် မကျေနပ်ကြသလို နွေဈေးကွက်တွင် နာမည်ကျော် ကစားသမားများလာရောက်ကစားရန် စည်းရုံးမှုမပြုနိုင်ခြင်းအပေါ် အကြီးအကျယ် စိတ်ပျက်နေကြသည်။ အိုဇေးလ်သည် ဒရက်ဇ်လာ၊ ဂန်ဒိုဂန်တို့ကို ခေါ်ယူရန် တိုက်တွန်းဖူးသော်လည်း တကယ်တမ်းတွင်မူ ယင်းသို့သော ထိပ်တန်းကစားသမားများကို အသင်းနှင့်လာရောက်ပူးပေါင်းရန် အာဆင်နယ်မစွမ်းဆောင်နိုင်ခဲ့ပေ။ သို့သော် အိုဇေးလ်ကသူ၏ ကစားသမားဘဝသက်တမ်းတစ်လျှောက် ကလပ်အသင်းတစ်ခုကိုရွေးချယ်ပါက အသင်းကို တာဝန်ယူထားသည့် မန်နေဂျာကို ကြည့်၍သာ ရွေးချယ်ခဲ့သဖြင့် ကလပ်အသင်းတစ်ခုတွင်ဆက်နေခြင်း၊ ဆက်မနေခြင်းက မန်နေဂျာအပေါ်တွင်သာ မူတည်ကြောင်း တုံ့ပြန်ခဲ့သည်။

ယခုထိ ချန်ပီယံဆုဖလားအနုံပင် မရသေးဟု ကွန်တီပြောကြား

ချယ်လ်ဆီးအသင်းသည် ဘုန်းမောက်အသင်းကို အနိုင်ရရှိခဲ့သော်လည်းယခုထိ ချန်ပီယံဖလား အနုံကိုပင် မရသေးဘဲ တစ်ပွဲထက်တစ်ပွဲရလဒ် ကောင်းမွန်အောင် ကြိုးပမ်းရမည်ဖြစ်ကြောင်း နည်းပြကွန်တီက ပြောကြားခဲ့သည်။

ပရီမီယာလီဂ် လက်ကျန် ခုနစ်ပွဲကစားရန် ကျန်ရှိတော့ချိန်တွင် ဒုတိယနေရာမှ စပါးကို ခုနစ်မှတ်ဖြတ်ကာ ဦးဆောင်နေပြီး ယခုနှစ် ပရီမီယာလီဂ် ချန်ပီယံအဖြစ်အောင်ပွဲခံရန် အကောင်းဆုံးအလားကို ပိုင်ဆိုင်ခဲ့ပြီဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် စနေနေ့က ကစားခဲ့သည့် ဘုန်းမောက်နှင့် ပွဲစဉ်တွင် အဒမ်စမစ်၏ ကိုယ့်ဂိုး ကိုယ်သွင်းယူမှု၊ အလွန်ဆိုနှင့် ဟာဇက်တို့၏ သွင်းဂိုးများဖြင့် သုံးဂိုး-တစ်ဂိုးရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။ လက်ကျန်ခုနစ်ပွဲတွင် ချယ်လ်ဆီးအတွက် ခက်ခဲသည့် ပြိုင်ဘက်ဆို၍ မန်ယူနှင့် ရင်ဆိုင်ရမည့် ပွဲစဉ်လောက်သာရှိပြီး မန်ယူကလည်း အက်ဖ်အေဖလား၊ ပရီမီယာလီဂ်ပွဲစဉ်တို့တွင် ချယ်လ်ဆီးကို ရှုံးနိမ့်ထားသည့် အသင်းဖြစ်သည်။

မန်ယူကို မပြောင်းမိခဲ့လို့ နောင်တမရှိဘူးဆိုတဲ့ ရော်နယ်လ်ဒင်ဟို

တစ်ချိန်က ဘောလုံးစူပါစတားဖြစ်ခဲ့တဲ့ ရော်နယ်လ်ဒင်ဟိုက သူ ပီအက်စ်ဂျီအသင်းမှာ ရှိနေစဉ် ၂၀၀၃ ခုနှစ်မှာ မန်ယူအသင်းက ချိတ်ဆက်ခဲ့တာကို ငြင်းပယ်ပြီး ဘာစီလိုနာကို ရွေးချယ်ခဲ့ခြင်း အပေါ် ဘယ်တုန်းကမှ နောင်တမရခဲ့ကြောင်း ဖွင့်ဟခဲ့သည်။

ရော်နယ်လ်ဒင်ဟိုက အားကစားမီဒီယာတစ်ခုနှင့် အင်တာဗျူးတွင် သူအနေနဲ့ ပရီမီယာလီဂ်ဟာ ထူးခြားတဲ့ ဝိသေသလက္ခဏာတွေရှိနေတဲ့ လီဂ်ဖြစ်တယ်ဆိုတာ အသိအမှတ်ပြုပေမယ့် မပြောင်းရွှေ့မိတဲ့ အပေါ် နောင်တရခြင်းမရှိကြောင်း ဆိုခဲ့သည်။

ဘရာဇီးအသင်းနဲ့အတူ ကမ္ဘာ့ဖလား ချန်ပီယံဖြစ်ခဲ့ပြီးနောက် ရော်နယ်ဒင်ဟိုအနေနဲ့ ပီအက်စ်ဂျီ အသင်းကနေ အသင်းသစ်တစ်ခုကို ပြောင်းရွှေ့ဖို့ စဉ်းစားခဲ့ချိန်မှာ မန်ယူ၊ ဘာစီလိုနာအသင်းတွေက အပြိုင်ကမ်းလှမ်းခဲ့တာဖြစ်ပြီး အဲဒီအချိန်က ဘာကာဥက္ကဋ္ဌဖြစ်တဲ့ ရော့ဆဲလ်နဲ့ သူအကြားရင်းနှီးမှုကြောင့် ဘာစီလိုနာကို ရွေးချယ်ဖြစ်ခဲ့တာလို့ ဆိုခဲ့သည်။

မေလုံသင်း
ဂုစည်းသည်

ဘာစီလိုနာအသင်းကို အနိုင်ရသည့် မာလာဂါအသင်းကို ဂုဏ်ပြုကြောင်း အစ္စကို ရေးသား

ဘာစီလိုနာအသင်းက အလိုရှိနေတဲ့ ရီးယဲလ်ကွင်းလယ်လူ အစ္စကိုက ဘာစီလိုနာကို အနိုင်ကစားနိုင်တဲ့ အသင်းဟောင်း မာလာဂါအတွက် ဂုဏ်ယူပါကြောင်း တွစ်တာစာမျက်နှာပေါ်ကတစ်ဆင့် ရေးသားခဲ့ရာ ယခုရေးသားချက်က ဘာစီလိုနာကို သူမပြောင်းရွှေ့ဘူးဆိုတာ ရီးယဲလ်ပရိသတ်တွေကို ထပ်လောင်းအသိပေးလိုက်တာ ဖြစ်ကြောင်း ဂိုးလ်ဒေါ့ကွန်းကဖော်ပြသည်။

အစ္စကိုက "မာလာဂါက ဘောလုံးကစားနည်း ဘာဆိုတာလဲဆိုတာကို ပြသနိုင်ခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်"ဟု ရေးသားခဲ့ခြင်းဖြစ်သည်။ အစ္စကိုသည် ၂၀၁၃ ခုနှစ်တွင် မာလာဂါမှ ရီးယဲလ်သို့ ပြောင်းရွှေ့ကြောပေါင်သန်း ၃၀ နီးပါးဖြင့် ရောက်ရှိလာသူဖြစ်ပြီး နောင်လာမယ့်နှစ်တွင် ရီးယဲလ်နှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည် ဖြစ်သည်။ ဘာစီလိုနာ နည်းပြ အင်းနရစ်ကအစ္စကိုမှာ သူ့လိုပင် ရီးယဲလ်မက်ဒရစ်မှ ခါးသီးသည့် ပြိုင်ဘက် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့လာမယ့် နောက်ထပ်ကစားသမားတစ်ဦး အဖြစ် မျှော်လင့်ထားပြီး အစ္စကိုသည် ဘာကာ၏ နွေဈေးကွက်အဓိက ပစ်မှတ်ဖြစ်နေသည်။

အစ္စကိုနဲ့ မိတ်ဆွေများ စားပွဲသောက်ပွဲကျင်းပရာတွင် ဘာစီလိုနာ အသင်းတံဆိပ်ပါ အကြော်စုံထုတ် ဝယ်ယူစားခဲ့မိတဲ့အတွက် အစ္စကိုဘာကာကို ပြောင်းတော့မယ်လို့ ကောက်ချက်ချရေးသားမှုတွေလည်း မီဒီယာစာမျက်နှာများထက်မြင်တွေ့လာရသည်။

သို့သော် အစ္စကိုက သူ့အနေနဲ့ ရီးယဲလ်အပေါ် သစ္စာစောင့်သိတာကို ပြသတဲ့အနေနဲ့ ဘာစီလိုနာ အသင်းကိုတော့ ပြောင်းမှာ မဟုတ်ကြောင်း အစောပိုင်းကတည်းက ငြင်းဆန်ထားသလို ယခုလည်း ဘာစီလိုနာကို အနိုင်ကစားခဲ့တဲ့ မာလာဂါအသင်းကို ဂုဏ်ပြုကြောင်း သူ့တွစ်တာစာမျက်နှာပေါ်ရေးသားခဲ့ခြင်းဖြစ်သည်။

အစ္စကိုသည် မာလာဂါမြို့ ဇာတိဖြစ်သော်လည်း ကစားသမားဘဝကို ဗလင်စီယာအသင်းတွင် စတင်ခဲ့ပြီးနောက် ၂၀၁၁ ခုနှစ်ရောက်မှသာ မာလာဂါအသင်းသို့ ပြောင်းရွှေ့လာခဲ့ပြီး နှစ်နှစ်အကြာတွင် နည်းပြ အန်စလော့တီ၏ ခေါ်ယူမှုကြောင့် ရီးယဲလ်သို့ ရောက်ရှိလာသူဖြစ်သည်။ သို့သော် နည်းပြ ဇီဒန်းလက်ထက်တွင် ပုံမှန်ပွဲထွက်ခွင့် ပျောက်ဆုံးနေပြီး လာမယ့်နွေဈေးကွက်အတွင်း အယ်လ်ဂလက်စီကို ပြိုင်ဘက် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့တော့မည်ဟု သတင်းထွက်နေသူဖြစ်သည်။

မကွေးတိုင်းဒေသကြီးအတွင်း ဆိုင်ကယ်မြို့ဝင်ကြေး ဘီးခွန်ကောက်ခံမှု သက်သာမတိုင်မီရပ်ဆိုင်းမည်

မကွေး ဧပြီ ၉

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၅ မြို့နယ်တွင် ဆိုင်ကယ်မြို့ဝင်ကြေးဘီးခွန်ကောက်ခံနေမှုကို မြန်မာ့နှစ်သစ်ကူး အတာသက်သာ မတိုင်မီ ရပ်ဆိုင်းပေးတော့မည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းထံမှ သိရသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက မြို့ဝင်ကြေး ကောက်ခံသည့် ဂိတ်များတွင် ဆိုင်ကယ်ဘီးခွန် ကောက်ခံနေခြင်းကို ရပ်ဆိုင်းပေးရန် တိုင်းဒေသကြီးအစိုးရ အဖွဲ့ထံ ဖေဖော်ဝါရီ ၂၀ ရက်က တင်ပြခဲ့ပြီးနောက်ပိုင်း အများပြည်သူ လိုလားနေသော ဆုံးဖြတ်ချက်တစ်ရပ် ထွက်ပေါ်လာခြင်းဖြစ်သည်။

"ဧပြီ ၈ ရက်က မြို့ဝင်ကြေး ကောက်ခံတဲ့ဂိတ်တွေမှာ ဆိုင်ကယ်တစ်စီးကို ကျပ် ၁၀၀ ကောက်ခံနေတာကိုရပ်ဆိုင်းဖို့ တိုင်းစည်ပင်ကို ညွှန်ကြားချက်ထုတ်လိုက်ပါပြီ"ဟု ဝန်ကြီး ဦးဇော်မင်းက အတည်ပြုပြောကြားသည်။

ဘီးခွန်ကောက်ခံနေမှု ရပ်ဆိုင်းလိုက်သော်လည်း တစ်နှစ်စာ ဆိုင်ကယ်ဘီးခွန်အဖြစ် ကျပ် ၂၀၀၀ ကောက်ခံခြင်းကို ဆက်လက်ပေးဆောင်ကြရန်နှင့် ရရှိလာသည့်အခွန်ငွေများအား အလေအလွင့်နည်းရန် ကြိုးစားဆောင်ရွက်သွားမည်ဟု မကွေးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအေးကျော်က ဆိုသည်။

"ကိုယ့်မြို့ထဲ ကိုယ်ပြန်ဝင်တာတောင် မြို့ဝင်ကြေးပေးရပါတယ်။ ပြောလည်း မထူးပါဘူးဆိုပြီး နေလာခဲ့ရတာ။ ခုလိုဆောင်ရွက်ချက်အပေါ်မှာတော့ လွှတ်တော်ကိုယ်စားလှယ်တွေကိုရော၊အစိုးရအဖွဲ့ကိုပါ ကျေးဇူးတင်ပါတယ်။ အခွင့်အရေးကို လက်တစ်ဆုံးနှိုက်တယ်လို့တော့ မထင်စေချင်ဘူး။ နေ့စဉ်နဲ့အမျှ အများပြည်သူဝင်ထွက်သွားလာနေတဲ့ ကားကြီးဝင်းအပေါက်ဝတွေမှာ ဆိုင်ကယ်ဝင်ကြေး ကောက်တဲ့အပေါ်မှာလည်း စဉ်းစားပေးစေချင်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ဧပြီ ၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ ရဲမှူးဌေးဝင်းက တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ရဲချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်မှာကြားချက်များ၊ သက်ဿ်ကာလအတွင်း တပ်ဖွဲ့ဝင်များစည်းကမ်းတကျရှိစေရေး၊ အရက်သေစာသောက်စားမှု မပြုရေး၊ မူးယစ်ဆေးဝါးများသုံးစွဲမှု မရှိစေရေး၊ အုပ်ချုပ်မှုလျော့နည်းဖြစ်စဉ်များ မဖြစ်စေရေး၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ထုတ်ပေးထားသော မော်တော်ဆိုင်ကယ်များအား သတ်မှတ်စည်းကမ်းများနှင့် အညီ စီးနင်းအသုံးပြုရေး မှာကြားစဉ်။

(ကြေးမုံ)

ဒေသခံတစ်ဦးက ပြောသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုကျော်က အခြေခံလူတန်းစား အသုံးပြုသည့်ယာဉ်မှာ စက်ဘီးဖြစ်ခဲ့ပြီး လက်ရှိတွင် ဆိုင်ကယ်ကို ပြောင်းလဲအသုံးပြုနေပြီ ဖြစ်သည့် အတွက် ဆိုင်ကယ်နှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာ ဖြေလျှော့မှုများ ပြုလုပ်ခြင်းက အစိုးရ၏ပြည်သူနှင့်အတူဆိုသည့် ပြယုဂ်ကို ပိုမိုထင်ရှားစေမည်ဟု ယုံကြည်ကြောင်း ဒေသခံများထံမှ သိရသည်။

ဇေယျတု(မကွေး)

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
စက္ကူ၊မင်နှင့်ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါစက္ကူ၊ မင်နှင့်ပုံနှိပ်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို နိုင်ငံခြားငွေ/မြန်မာကျပ်ငွေ ဖြင့်ဝယ်ယူလိုပါသည်-

(က)	နိုင်ငံခြားစက္ကူ ၃၀" 45 Gsm (High Bright)	-	၈၀၀၀	တန် (နိုင်ငံခြားငွေ)
		-	၂၀၀၀	တန် (မြန်မာငွေ)
(ခ)	Web Ink			
	- Black	-	၁၁၀၀၀၀	ကီလို (နိုင်ငံခြားငွေ)
	- Cyan	-	၉၈၁၀၀	ကီလို (နိုင်ငံခြားငွေ)
	- Magenta	-	၈၈၀၀၀	ကီလို (နိုင်ငံခြားငွေ)
	- Yellow	-	၉၈၀၀၀	ကီလို (နိုင်ငံခြားငွေ)
	- Fountain Solution	-	၁၁၀၀၀	လီတာ (နိုင်ငံခြားငွေ)
(ဂ)	CTP Plate (Fuji System) (889x609x0.3)mm	-	၂၅၀၀၀	ချပ် (နိုင်ငံခြားငွေ)
(ဃ)	CTP Plate(Kodak System)(889x577x0.3)mm	-	၃၀၀၀၀	ချပ် (မြန်မာငွေ)
(င)	CTP Plate(Kodak System)(889x609x0.3)mm	-	၉၅၀၀၀	ချပ် (မြန်မာငွေ)
(စ)	Developer (Fuji System)	-	၂၅၀၀	လီတာ (နိုင်ငံခြားငွေ)
(ဆ)	Developer (Kodak System)	-	၁၃၀၀၀	လီတာ (မြန်မာငွေ)
(ဇ)	Replenisher	-	၁၁၈၀၀	လီတာ (နိုင်ငံခြားငွေ)
(စျ)	Gum Arabic	-	၂၅၀၀	လီတာ (မြန်မာငွေ)
(ည)	Plate Cleaner	-	၁၀၀၀	လီတာ (မြန်မာငွေ)
(ဋ)	Sponge	-	၆၈၀	ခု (မြန်မာငွေ)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ၉-၄-၂၀၁၇ ရက်နေ့မှ ၂-၅-၂၀၁၇ ရက်နေ့အထိ နေ့စဉ်နံနက် ၉း၀၀နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂-၅-၂၀၁၇ရက်နေ့ နံနက် ၉း၀၀ နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၇)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၂၃၊ ၀၆၇-၄၁၂၀၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၂၃၊ ၀၆၇-၄၁၂၀၂၈

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၃၀

တစ်ဦးတည်းဖြစ်ပါကြောင်း

အထက(၃) အင်းစိန်မှ အထက်တန်းပြ ဆရာမဒေါ်ခင်အုန်းမြင့်နှင့် ဒေါ်ခင်ဘုံမြင့် [၁၀/မဒန(နိုင်)၀၈၈ ၈၈၁]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ခင်အုန်းမြင့်(ခ) ဒေါ်ခင်ဘုံမြင့်

အမည်မှန်

ပညာနန်းတော် ဒုတိယတန်းတွင် ပညာသင်ကြားနေသော မောင်ဝင်းခန့်လွင်၏ အမည်မှန်မှာ မောင်ဝင်းလွင်(ခ)မောင်ဝင်းခန့်လွင်ဖြစ်ပါကြောင်း။

မောင်ဝင်းလွင်(ခ)မောင်ဝင်းခန့်လွင်

ASIA KING Apr 11,12,13,17,21,23 အိမ်အရောက်လက်မှတ်ပို့

သီးစဉ်တိုင်း အာဆင့်ပြင့်ကနေ့ကားဆုံးထပ် Yutong/Higer Bus အာဆင့်ပြင့် Hotel/တည်းခိုဌာန်းတည်း ထပင်းကျွေး၊တစ်ဆင့်သွားပြီပ်

+ ရွှေစက်တော်၊ ပုဂံ-ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ-သီဟိုဠ်ရှင် (၅)ရက်။
+ ရွှေစက်တော်၊ အလောင်းတော်ကသပ၊ ပုံရွာ၊ စစ်ကိုင်း၊ မန္တလေး၊ ကျောက်စိမ်း (၅)ရက်။
+ ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း၊ ကုံလုံ၊ ကတ္တာ (၇)ရက်။
+ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း၊ ပုံရွာ၊ ဝေရောစနကျောက်စိမ်းစေတီ (၅)ရက်။
+ အလောင်းတော်ကသပ၊ ပုံရွာ၊ စစ်ကိုင်း၊ မန္တလေး၊ ဝေရောစနကျောက်စိမ်းစေတီ (၃)ရက်။
+ ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ (၃)ရက်။ + ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း (၅)ရက်။
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း၊ ကတ္တာ (၅)ရက်။ + လွှင်ကော်ပါ (၆)ရက်။
+ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ မျှော်ရစ်၊ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်ခဲ ... (၅)ရက်။
+ အင်းတော်ကြီး၊ ရွှေမဉ္ဇာ၊ မြစ်ကြီးနား၊ မိုးကုတ်၊ ဇလုံတောင်၊ ရွှေဘို၊ ပုံရွာ၊ အလောင်းတော်(၈)ရက်။

အမှတ်-၁၁၈(ငြိမ်ညီ)၊သမိုင်ဝင်ရပ်လမ်း၊ တာကမွေအိုင်းထိပ် 09-420051117,09-420221257,09-43114301

ရွှေထီပ်တန်း ✣ **မဟာသက်ဦးခရီးစဉ်များ**

+ ရွှေစက်တော်၊ ပုဂံ-ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ-သီဟိုဠ်ရှင်
+ အလောင်းတော်ကသပ၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
+ ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက္ကမီ၊ စက်ခဲ
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း၊ လွှင်ကော်
+ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်ခဲကမ်းခြေ၊ ဧွားလဘို့ဆံတော်ရှင်

01-701015, 09-5403844, 09-5044830 ကားမျိုးစုံစီးလုံးဌားစီးခပ်ပေးသည်

ထာဝရ [illegible]

(ပုဂံ-ပုပ္ပါး) (မန္တလေးပြင်ဦးလွင်) (မုံရွာ) (အလောင်းတော်ကသပ) (မိုးကုတ်) (တောင်ကြီး အင်းလေး ပင်းတယ (လွှင်ကော်) (ကျိုင်းတုံ-ကျိုင်းတံတား-ရွှေကြီ-ကိုင်ဆိုင်-ရန်ကုန်-မြန်မာလားရှိုးထိပ်) (ကျောက်ကမ်းခြေ) (ကားတပ်ထိုးကြီး) (မောင်မကန်-ရွှေမြန်မာ-ပြည်-ကိုင်ဆိုင်-ရန်ကုန်-ကားနောက်ပို့) (ဘေးဆောင်-ဘုရားကျောင်း-ရေကန်ကြီး-ရေနောင်) (ရန်ကုန်-ကိုးစစ်ကွေ့-ပေခေါ်) ကျောင်းကားငွေးဆောင်-ဆက်ခဲ-ကျိုက္ကမီ(ပေါ်ကတ်ရွန်း-ပေါ်ခမ်ကျိုက်ရွန်း) (မုဆယ်ရွှေလှီ) Ph:09-260360066, 09-260360006

အမှတ်(၄၄၄)ဒဏ္ဍတိုးသာအထက်လမ်း-ဧရာဝတီလမ်း 09-250570004

တော်ဝင်ထွန်းစတား 09-252466655, 09-252466633

+ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်ခဲ (ဘားပြင်မ)80000
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း၊ မွေတော်ကတ္တာ၊ လွှင်ကော်
+ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကသပ

အိမ်အဝရောက်လက်မှတ်မို့ အခမဲ့ခရီးသွား (12-4-2017) ထွက်မည်

ညှိုနှိုင်းစျေးနှုန်းဖြင့် မြေကွက်ကျယ်အမြန်ရောင်းမည်

စီးပွားရေးလုပ်ငန်းတိုးချဲ့လုပ်ကိုင်ရန်အကောင်းဆုံး

လှိုင်သာယာ၊ အရေှ့ရထားစက်မှုရုံ၊ မြစိမ်းရောင်အိမ်ယာစီမံကိန်း
ရန်ကုန်-ပုသိမ်လမ်းမကြီးအနီး၊ အနောက်ဝိုင်းနည်းပညာ
တက္ကသိုလ်အဝင်လမ်းဘေး၊ မြေအကျယ် ၁၃၀၀ပေ x ၁၂၀ပေ အုတ်တံတိုင်း
ကာရံပြီး အာစီ(၂)ထပ်တိုက်သစ်(၁)လုံး ရေ၊ မီးအစုံ ပါမစ် ရရှိပြီး
ချိသာသောစျေးနှုန်းဖြင့် အမြန်ရောင်းမည်။ ဦးရာလူရမည်။

စုံစမ်းရန် - ၀၉၅၁၀၀၀၆၇၃၊ ၀၉၅၁၁၅၁၅၅၁၊ ၀၉၅၁၁၅၁၄၁၆

ရွှေစံမှီ ဘုရားလုံးလုပ်ငန်း ✣ **သက်ကြီးအထူးအစီအစဉ်**

ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်၊ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်ခဲ 80000
ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်၊ မြိတ်ကျွန်းစု၊ ကျိုက္ကမီ၊ စက်ခဲ 100000
ရွှေစက်တော်၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကသပ 75000

09-420420761, 09-420420762,09-420420763 ကားမီးတည့်ပြီး

ဖခင်အမည်မှန်

ဂန့်ဂေါမြို့ မြို့မ အထက အဋ္ဌမတန်းမှ မကလိုရီယာ၏ ဖခင်အမည်မှန်မှာ [၈/ဂဂန(နိုင်)၀၁၀၉၂၂] အရ ဦးဟရမ်လွန်းဖြစ်ပါကြောင်း။

ဦးဟရမ်လွန်း

ဗလ ငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ချင်းပြည်နယ်လွှတ်တော်
တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ တင်ဒါခေါ်ယူခြင်း

ချင်းပြည်နယ်လွှတ်တော်၊ ဟားခါးမြို့မှ ၆-၂-၂၀၁၇ရက် ကြေးမုံသတင်းစာတွင် ဆောက်လုပ်ရေးလုပ်ငန်း(၂)ခုအား တင်ဒါလျှောက်ထားရန်အတွက် ကြေညာခဲ့ရာတင်ဒါနောက်ဆုံးနေ့ အဖြစ် ၃-၃-၂၀၁၇ရက် ညနေ(၁၆း၃၀)နာရီ သတ်မှတ်ထားပြီး ဆောင်ရွက်လိုသည့် ကုမ္ပဏီများမှ လျှောက်လွှာများတင်ပြခဲ့ပါသည်။ ကုမ္ပဏီမှတင်ပြခဲ့သော လျှောက်လွှာများအား ပြင်ဆင်လိုသူများ ရှိပါက ၁၇-၄-၂၀၁၇ရက်(၁၆း၃၀)နာရီအတွင်း ပြင်ဆင်နိုင်ကြောင်းနှင့် အသစ်ထပ်မံလျှောက်ထားလိုသော ကုမ္ပဏီများရှိပါက ၁၇-၄-၂၀၁၇ရက် ညနေ(၁၆း၃၀)နာရီ နောက်ဆုံးထားလျှောက်ထားသွားရန်ဖြစ်ပြီး အဆိုပြုလျှောက်လွှာများအား ၁၈-၄-၂၀၁၇ရက် ဖွင့်ဖောက်ကြေညာသွားမည်ဖြစ်ပါသည်။ သိရှိလိုသည်များအား ၀၇၀၂၂၃၆၄၊ ၀၉၄၅၅၃၃၀၅၅၅၉၊ ၀၉၂၆၁၂၅၀၁၁၇သို့ ရုံးချိန်တွင် သော်လည်းကောင်း၊ ရုံးပိတ်ရက်များတွင်သော်လည်းကောင်း ဖုန်းဖြင့်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ချင်းပြည်နယ်လွှတ်တော်၊ ဟားခါးမြို့

မူး ယစ် ဆန့် ကျင် အောင် ပွဲ ဆင်

ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် အခမ်းအနား ကယားပြည်နယ်၌ ကျင်းပ

လွိုင်ကော် ဧပြီ ၉

ကယားပြည်နယ် ၂၀၁၇ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၇ ရက် နံနက် ၁၀ နာရီခွဲက လွိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကယားပြည်နယ် စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေး၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအသင်းဝင်များ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကယားပြည်နယ် စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးက ၂၀၁၇ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ဆောင်ပုဒ်မှာ "Depression; Let's talk" စိတ်ကျဝေဒနာ၊ ပြောဆိုတိုင်ပင်ဆွေးနွေးဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးနေ့ဆောင်ပုဒ်အတိုင်း ကယားပြည်နယ်အတွင်းရှိ လူတိုင်းသည် စိတ်ကျရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်အတွက် ကျေးရွာအခြေပြုအဆင့်အထိ ကာကွယ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ခရိုင်(ဖြန်/ဆက်)

ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

ပုသိမ် ဧပြီ ၉

ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ၀၀နှ်မြစ်အတွင်း ကျောက်ဂူဆိပ်ကမ်းအနီးတွင် ဧပြီ ၇ ရက် ညပိုင်းက CB တွဲသင်္ဘောနှင့် ခရီးသည်တင်သင်္ဘောနှစ်စင်း တိုက်မှုဖြစ်ပွားခဲ့သည်။

ယခုအခါ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ အသက်ရှင်လျက် အမျိုးသား ၂၆ ဦးနှင့် အမျိုးသမီး လေးဦး ကယ်ဆယ်နိုင်ခဲ့ပြီး အမျိုးသား ခုနစ်ဦး အမျိုးသမီး ၂၃ ဦး၏ ရုပ်အလောင်းများကို ဆယ်ယူရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ ထောက်ပံ့ငွေများကိုလည်း ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်မြင့်(ဖြန်/ဆက်)

ခေါင်းလောင်းတီး အမှိုက်သိမ်းယာဉ်များ စီစဉ်ဆောင်ရွက်ပေးသော်လည်း စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ ရှိနေ

မြစ်ကြီးနား ဧပြီ ၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်း ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်ဖြင့် မြို့ပေါ်ရပ်ကွက်အသီးသီးတွင် အမှိုက်များလိုက်လံသိမ်းဆည်းပေးမှုရှိနေသော်လည်း စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများမှာ ယနေ့အထိရှိနေသေးကြောင်း မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဌာနစိတ်မှဒုတိယဦးစီးမှူး ဦးသန်းနိုင်ဝင်းက ပြောကြားသည်။

"မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေနဲ့ ခေါင်းလောင်းတီးနိုးဆော် အမှိုက်သိမ်းစနစ်နဲ့ မြို့ပေါ်ရှိ ပြည်ထောင်စုလမ်းမကြီး၊ ဆွမ်ပရာဘွမ်လမ်းမကြီးနဲ့ သခင်နက်ဖေလမ်းမတို့မှာရှိတဲ့ ရပ်ကွက်ရှိ (၁၂)ရပ်ကွက်အတွင်း ခြောက်ဘီးယာဉ် ကားအကြီး ၁၂ ခေါက်၊ သုံးဘီးယာဉ် ဆိုင်ကယ် ၁၂ ခေါက်နဲ့ နေ့စဉ်စွန့်ပစ်အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ တစ်ရက်ခြားနဲ့ နှစ်ရက်ခြား အမှိုက်စွန့်ပစ်မှုနည်းပါးတဲ့ ရပ်ကွက်များမှာလည်း အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းတွေကို အလျင်မီအောင် ဆောင်ရွက်ပေးလျက်ရှိသလို နေရပ်စွန့်ခွာ ပြောင်းရွှေ့ပြည်သူများ စခန်းအတွင်းမှာလည်း အပတ်စဉ် အမှိုက်သိမ်းဆည်းစွန့်ပစ်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အချို့ပြည်သူတွေက အမှိုက်သိမ်းဆည်းမှုများကို သတ်မှတ်နေရာများမှာ လာရောက်စွန့်ပစ်သော်လည်း ပြည်သူအချို့ကတော့ စည်းကမ်းလိုက်နာမှုမရှိဘဲ လူနေရပ်ကွက်အချို့မှာ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများရှိနေခြင်းကြောင့် ပတ်ဝန်းကျင်ကို အနှောင့်အယှက်ပေးရာ ရောက်ပါတယ်" ဟု ဒုတိယဦးစီးမှူး ဦးသန်းနိုင်ဝင်းက ရှင်းလင်းပြောကြားသည်။

မြစ်ကြီးနားမြို့ပေါ်တွင် အမှိုက်သိမ်းဆည်းမှုလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ခြောက်ဘီးယာဉ် အကြီး ၁၃ စီး၊ သုံးဘီးဆိုင်ကယ်ယာဉ် သုံးစီးတို့ဖြင့် နေ့စဉ် သတ်မှတ်လမ်းကြောင်းများအတိုင်း အမှိုက်သိမ်းဆည်းမှုများ ဆောင်ရွက်ပေးလျက်ရှိသော်လည်း တပ်ကုန်းရပ်ကွက်၊ ဂျပန်လမ်းနံဘေးတွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သန့်ရှင်းရေးဝန်ထမ်းများက မြို့တော်တစ်ခွင် သန့်ရှင်းသာယာလှပရေးအတွက် စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်ပေးရှိရာ ဒေသခံပြည်သူများကလည်း စည်းကမ်းလိုက်နာရန်လိုအပ်ကြောင်း ဒုတိယဦးစီးမှူး ဦးသန်းနိုင်ဝင်းထံမှ သိရသည်။

သူရိန်စိုး(ကချင်မြေ)

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) မဟာသင်္ကြန်ကြိုဆိုပွဲကျင်းပ

မန္တလေး ဧပြီ ၉

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) တတိယအကြိမ် မဟာသင်္ကြန်ကြိုဆိုပွဲကို ဧပြီ ၈ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၁လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) ရတနာပုံခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီးဒေါက်တာယုယုမေ၊ မန္တလေးမြို့တော်ဝန်စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာရဲလွင်နှင့် ဇနီး၊ တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းနှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးနှင့် ဇနီး၊ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်မြင့်၊ ဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဒေါက်တာခင်မောင်လွင်တို့ တက်ရောက်အားပေးပြီး သင်္ကြန်ပွဲတော်ကို ဖွင့်လှစ်ပေးကာ ဆရာဝန်မိသားစုများ၊ ဆေးနီးနွယ်တက္ကသိုလ်ကျောင်းသားကျောင်းသူများ၏ အဆိုအကများဖြင့် ပျော်ရွှင်စွာဆင်နွဲကြသည်။

မဟာသင်္ကြန်ကြိုဆိုပွဲနှင့်အတူ ဆေးကုမ္ပဏီများကလည်း မြန်မာ့ရိုးရာအစားအစာများ၊ ရွှေရင်အေးတို့ဖြင့် စတုဒိသာကျွေးမွေးဧည့်ခံခြင်းများ တပျော်တပါးဆင်နွဲကြကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

မန္တလေးမြို့ လုံခြုံရေး CCTV ကင်မရာများ တပ်ဆင်

မန္တလေး ဧပြီ ၉

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မန္တလေးမြို့လုံခြုံရေးအတွက် မန္တလေးမြို့ အောင်ဓြေသာစံမြို့နယ် (၂၆) လမ်း၊ (၆၆) လမ်း၊ လမ်း (၈၀) တို့တွင် လုံခြုံရေးကင်မရာ (CCTV) များ သင်္ကြန်မတိုင်မီအပြီးအသုံးပြုနိုင်ရန် ဧပြီလဆန်းမှစတင်၍ တပ်ဆင်လျက်ရှိသည်။

မန္တလေးမြို့အတွင်း အဓိကလမ်းမကြီးများ၊ ဘဏ်များ၊ ဘုတာရုံ၊ စျေးများနှင့် အခြေခံပညာကျောင်းများတည်ရှိရာနေရာများတွင် အဓိကထားတပ်ဆင်သွားမည်ဖြစ်ပြီး ဘဏ္ဍာငွေပေါ်မူတည်၍ မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ရပ်ကွက်ကြီးများ၊ လမ်းသွယ်များတွင် တပ်ဆင်သွားရန် အစီအစဉ်ရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့် ကုန်ရုံဌာနတာဝန်ရှိသူတစ်ဦးထံမှ စုံစမ်းသိရသည်။

မန္တလေးမြို့တွင် နေ့အချိန်နှင့် ညပိုင်းတို့တွင် အမျိုးသမီးဆိုင်ကယ်စီးသူများထံမှ ပိုက်ဆံအိတ်လုယက်မှု၊ ဆွဲကြိုးဖြတ်မှုများနှင့် ဆင်ခြေဖုံးရပ်ကွက်လမ်းများတွင် ညအချိန်သွားလာသောဆိုင်ကယ်စီးသူများအား ရိုက်နှက်၍ ဆိုင်ကယ်လုယက်မှုများ နေ့စဉ်ဖြစ်ပေါ်လျက်ရှိရာ CCTV ကင်မရာများတပ်ဆင်ခြင်းဖြင့် ခိုး၊ ဆိုး၊ နှိုက်၊ လုယက်သူများအား ရဲတပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးရာတွင် လုယက်မှုများ နေ့စဉ်ဖြစ်ပေါ်လျက်ရှိရာ CCTV ကင်မရာများတပ်ဆင်ခြင်းဖြင့် ခိုး၊ ဆိုး၊ နှိုက်၊ လုယက်သူများအား ရဲတပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးရာတွင် အထောက်အကူဖြစ်စေကြောင်း မန္တလေးမြို့ခံ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မောင်ပြည်သူ

မြိတ်မြို့၌ အများပြည်သူအနှောင့်အယှက်ဖြစ်စေသည့် ပါဝါအိတ်ဇောများကို သိမ်းဆည်းပြီး လမ်းကြိတ်စက်ဖြင့် ဖျက်ဆီး

မြိတ် ဧပြီ ၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တောင်ကျေးရွာ ကုန်းဖောက်ရပ်ကွက် မြိတ်အဝေးပြေးကားဝင်းအသစ် ကွန်ကရစ်လမ်းပေါ်၌ ဧပြီ ၇ ရက် နံနက် ၉ နာရီ က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဥပဒေအရ အရေးယူပြီး သိမ်းဆည်းရမိခဲ့သော ပါဝါအိတ်ဇော ၁၀၈ ခုအား လမ်းကြိတ်စက်ဖြင့် ဖျက်ဆီးခဲ့ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ဖျက်ဆီးသည့်အခမ်းအနားကို မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမင်း၊ အမှတ်(၇၆)ယာဉ်ထိန်းရဲတပ်ဖွဲ့ စုမှူးရုံး (မြိတ်)မှ ဒုရဲမှူးနေဝင်း၊ မြိတ်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ကို၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ မြိတ်မြို့နယ်အတွင်း မော်တော်ယာဉ်စီးသူများ မော်တော်ယာဉ်အင်္ဂါရပ်နှင့်မညီညွတ်ဘဲ စီးသူများ၊ စည်းကမ်းမဲ့ ဆိုင်ကယ်မောင်းနှင်သူများ၊ ယာဉ်မောင်းလိုင်စင်မပါဘဲ မောင်းနှင်သူများ၊ ပါဝါအိပ်ဇောတပ်ဆိုင်ကယ်မောင်းနှင်သူများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် သင်္ကြန်ကာလအတွင်း အထူးကြပ်မတ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှတ် (၇၆) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှ သိရသည်။

မြင့်ဦး(မြိတ်)

သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်

၂၀၁၆ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၃၅၉ မှုဖြစ်ပွားခဲ့ကာ ဒဏ်ရာရ ၈၃၈ ဦး၊ သေဆုံး ၁၃၂ ဦးရှိခဲ့ပြီး ရောဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက် များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်းမပြုရ။
၂။ အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်းမပြုရ။
၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်းမပြုရ။
၄။ ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
၅။ ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအား မောင်းနှင်ခြင်းမပြုရ။
၆။ ယာဉ်ကြောပြောင်းပြန် စီးနင်းမောင်းနှင်ခြင်းမပြုရ။
၇။ ထော်လာဂျီကဲ့သို့ အနေးယာဉ်များကိုအသုံးပြု၍ ရေကစားခြင်းမပြုရ။
၈။ မော်တော်ဆိုင်ကယ်များ အိတ်ဇောပိုက်ဖြုတ်၍စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍စီးခြင်း၊ ရှေ့/နောက် နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲ စီးခြင်းများ မပြုရ။
၉။ သံစုံဟွန်းများ တပ်ဆင်ကာအသုံးမပြုရ။
၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြားမသင့်လျော်သောပစ္စည်းများ ရေးသားချိတ်ဆွဲ၍ မောင်းနှင်ခြင်းမပြုရ။

မြန်မာနိုင်ငံရဲတပ်ဖွဲ့

အတုမြင် အတတ်သင်

ဒေါက်တာကျော်စွာမြင့် (ကလေးအထူးကု)

"ဖေဖေ ဒီမှာကြည့်၊ သားသားမိုက်လား"

ကျွန်တော့်သားကြီးက သူ့လက်ကိုမြှောက်ပြတယ်။ သူက အခုမှ သူငယ်တန်းပဲရှိသေးတာ။ ကျောင်းက ပြန်ရောက်ရောက်ချင်း ကျွန်တော့်ဆီလာပြီး သူ့လက်ကို ပြတယ်။ မိုက်လားဖေဖေတဲ့။ ကြည့်လိုက်တော့ သူ့လက်မှာ စူပါမင်းပုံ ရောင်စုံပုံလေးကပ်ထားတယ်။ အရေပြားမှာ ခဏပဲစွဲထင်တဲ့ ကပ်ခွာတက်တူးလေး သုံးထားတယ်ထင်တယ်။

"အေး မိုက်တော့မိုက်တယ်၊ ဒါပေမယ့် အဲဒါတွေက မကောင်းဘူးသားရဲ့"

"ဘာလို့လဲ ဖေဖေ"

"မကောင်းလို့ပေါ့သားရယ်"

"ကလေးက သူ့ဘာသာအလှဆော့တာကို ဘာလို့တားနေတာလဲ အဖေကြီးရဲ့"

သူ့အမေပါဝင်ပါလာပြီ။ သားဘက်က ရှေ့နေလိုက်ပေးတဲ့ မေမေပေါ့။

"ဒီလိုမိန်းမရဲ့၊ အခုကတည်းကပြောပြမထားရင် ဒီလိုဆေးခြယ်တာ ဘာမှမဖြစ်ဘူးလို့ သားတို့စိတ်စွဲသွားလိမ့်မယ်။ နည်းနည်းကြီးလာရင် တက်တူးထိုးချင်တယ်ပြောလာရင် မခက်ပေဘူးလား"

"အခုခေတ်ကြီးမှာ မိန်းကလေးတွေတောင် တက်တူးအလှတွေထိုးနေတာပဲ အဖေကြီးရယ် ဘာမှမဖြစ်လောက်ပါဘူး"

"ဘာကိုမှပေါ့ပေါ့လေးမတွေးရဘူး မိန်းမရ သူများတွေမဖြစ်ပေမယ့် ကိုယ့်သားတွေဖြစ်သွားရင် ကိုယ်တွေပဲ ရင်ကျိုးရမှာ။ ပြီးရင်မင်းက စိတ်အထိခိုက်ကလွယ်သေး"

"ရင်ကျိုးမယ် ဟုတ်လား၊ တက်တူးထိုးရင်ဘာတွေဖြစ်တတ်လို့လဲ"

"ဆိုးကျိုးတွေက များမှများ မိန်းမရေ၊ များလွန်းလို့ အကုန်ပြောပြရရင် ပါးစပ်က အမြှုပ်တွေသာ တစီစီထွက်သွားမယ်ပြောလို့ ဆုံးမှာမဟုတ်ဘူး။ ကြောက်စရာအကောင်းဆုံးလေးခုလောက်ကိုပဲ ရွေးထုတ်ပြောရရင် အောဘီစီဒီပဲ မိန်းမရေ"

"ဘာလဲတော့ အောဘီစီဒီဆိုတာ ရှင်းရှင်းပြောစမ်းပါယောကျ်ားရယ်"

"အေးပါကွာ၊ အေ(A)ဆိုတာ အေအိုင်ဒီအက်စ်၊ ဘီ(B)ဆိုတာ အသည်းရောင်အသားဝါ ဘီပိုး၊ စီ(C)ကတော့ အသည်းရောင်အသားဝါ စီပိုးကိုပြောတာ။ တက်တူးထိုးရင် အဲဒီရောဂါတွေ ကူးစက်ခံရနိုင်ခြေရှိပါတယ်ဗျား"

"ဒီ(D) ဆိုတာကရော၊ စီထိပဲပါသေးတယ်။ ဒီဆိုတာရော ဘာအဓိပ္ပာယ်လဲ"

"ဒီ(D) ဆိုတာကတော့"

ကျွန်တော့်စကားမဆုံးခင် ကျွန်တော့်စိတ်က ဟိုးလွန်ခဲ့တဲ့လေးနှစ်လောက်က အတိတ်ဆီကို လွင့်မြောသွားပေါ့။

၂၀၁၃ ခုနှစ်လောက်ကပေါ့။

ကျွန်တော်က မန္တလေး ခုတင် ၅၅၀ ဆေးရုံမှာ ကလေးအထူးကု ဘွဲ့လွန်တက်ရောက်နေတဲ့အချိန်။ မှတ်မှတ်ရရပါပဲ။ ဖေဖော်ဝါရီလရဲ့ နေ့တစ်နေ့မှာ ခြောက်တန်းကျောင်းသားလေးတစ်ယောက်နှင့် တွေ့ဖို့အကြောင်းဖန်လာတယ်။ အဲဒီတုန်းက ကျွန်တော်က ကလေးဘဲ့လွန် တတိယနှစ်။ တာဝန်ကျနေတာက ခုတင် ၅၅၀ ဆံ့ကလေးအထူးကုဆေးရုံရဲ့ ဖျားနာကုသဆောင် (၂)မှာ တာဝန်ကျနေတဲ့ အချိန်။

တစ်ရက်သော နေ့လယ်ခင်းမှာ အသက် (၁၁) နှစ်၊ ခြောက်တန်းတက်နေတဲ့ ကျောင်းသားလေး ဆေးရုံလာတက်တယ်။ မတ္တရာမြို့နယ်ကနေ ဆေးရုံလာတက်တာ။ သူ့အမေရယ်၊ သူ့အဒေါ်ရယ် ဆေးရုံလိုက်ပို့တာ။ သူတို့လာတက်တဲ့အချိန်မှာ ကျွန်တော်က တာဝန်ကျဆရာဝန်။

ဆေးရုံလာတက်ရတဲ့ အကြောင်းအရင်းက ဖျားနေတာ တစ်ပတ်ရယ်။ ခြေထောက်တွေမှာ အနီစက်တွေထွက်လာလို့ မတ္တရာဆေးရုံမှာကုသတာ မသက်သာလို့ ကျွန်တော်တို့ကလေးဆေးရုံကို လာပြီးကုတာ။ ရောက်လာတော့ ကလေးက မေးသမျှကို ကောင်းကောင်းပြောနိုင်၊ ဖြေနိုင်တယ်။ ခြောက်တန်းဆိုပေမယ့် စကားပြောတာ လူရည်လည်တယ်။ ရောဂါရာဇဝင်မေး၊ စမ်းသပ် စစ်ဆေးမှုလုပ်ပေါ့။ သွေးပေါင်ချိန် ပုံမှန်၊ နှလုံးခုန်နှုန်း ပုံမှန်၊ အဆုတ်လည်းပုံမှန်။ အားနည်းပြီးတော့ နည်းနည်းတော့မောတယ်ပြောတယ်။ အောက်ဆီဂျင်ပေးရလောက်အောင်မဆိုးလှ။ သေချာတဲ့ ရောဂါအမည်တော့ မသိသေး။ သွေးစစ်၊ ဆီးစစ်၊ ဓာတ်မှန်ရိုက်ခိုင်းလိုက်ပြီး လိုအပ်တဲ့ပိုးသတ်ဆေးထိုးတာ၊ ဆလိုင်းချိတ်တာ၊ စားဆေးပေးထားတာ လုပ်ထားလိုက်တယ်။

နောက်နှစ်ရက်လောက်ကြာတော့ အဲဒီကလေးကို အရေးပေါ်အခန်းမှာ ရွှေ့လိုက်ရတယ်။ အဖျားမကျ၊ သွေးပေါင်ချိန်ပြုတ်ကျပြီး မောလာလို့။ အဲဒီအချိန်မှာ နှလုံးခုန်သံက မြန်နေတာကလွဲရင် ပုံမှန်သံပဲကြားနေရတယ်။ အဲဒီအချိန်မှာ သွေးဆိပ်သင့် (septicemia) လို့ သတ်မှတ်ကုသပေးထားတယ်။ သွေးဆိပ်သင့်တဲ့ အကြောင်းအရင်းကတော့ ရှာမတွေ့သေး။

နောက်နေ့မနက်ရောက်တော့ ကလေးက အမောဖောက်လာတယ်။ အဲဒီအချိန်မှာ ထူးခြားချက်က သူ့နှလုံးခုန်သံက ပုံမှန်မဟုတ်တော့။ ပုံမှန်ကြားနေကျ နှလုံးခုန်သံအပြင် နှလုံးအဆို့ရှင်တွေ ပျက်စီးရောင်ရမ်းတဲ့ လက္ခဏာ။ အသံပိုတွေပါကြားလာရတယ်။ ဒါတွေက နှလုံးအဆို့ရှင်ရောင်ရမ်းရောဂါ (endocarditis) ရဲ့ လက္ခဏာတွေ။ကံဆိုးတဲ့ ကလေးပေပဲ။ဒီရောဂါက ဖြစ်ပွားရင် သေဆုံးနှုန်းမြင့်မားလှတဲ့ ရောဂါ။

အုံ့သြစရာကောင်းတာက ဒီကလေးမှာ ဘာလို့ နှလုံးအဆို့ရှင်ရောင်ရမ်းရသလဲ။ ဒီရောဂါမျိုးဆိုတာ နှလုံးရောဂါအခံရှိတဲ့ ကလေးတွေမှာပဲ အဖြစ်များတယ်။ နှလုံးရောဂါမရှိဘဲနဲ့ ဒီရောဂါဖြစ်ရင်လည်း မူးယစ်ဆေးဝါး သွေးကြောထဲထိုးတဲ့လူတွေမှာပဲ အဖြစ်များတယ်။ မသန့်ရှင်းတဲ့ဆေးထိုးအပ်တွေကနေ သွေးကြောထဲပိုးဝင်၊ အဲဒီပိုးက နှလုံးကိုထိခိုက်ပြီး နှလုံးအဆို့ရှင်ရောင်ရမ်းရောဂါရတတ်တာ။ ကျန်တဲ့လူတွေမှာ သိပ်မဖြစ်တတ်။ ဒီကလေးမှာ ဘာ့ကြောင့်ဖြစ်ရလဲ။ ဆေးရုံရောက်တုန်းကတည်းက သူ့နှလုံးခုန်သံက ပုံမှန်၊ အရင်က နှလုံးရောဂါရှိခဲ့ဖူးတဲ့ရာဇဝင်လည်းမရှိ။ ဒီကလေး မကြံ့ကောင်းမစည်ရာ မူးယစ်ဆေးဝါးများ သုံးစွဲနေသလား။ သေချာမေးကြည့်တော့ အဲဒီလိုလုပ်မယ့် ကလေးမဟုတ်ဘူးဆိုတဲ့ အဖြေပဲရတယ်။ ဒီကလေးမှာ သွေးဆိပ်တက်ပြီး နှလုံးအဆို့ရှင်ရောင်ရမ်းရလောက်အောင် ရောဂါပိုးတွေ ဘယ်ကနေဝင်လာသလဲ။

"မေမေ" ဆိုပါလား။

နောက်နေ့မှာတော့ ကလေးရဲ့ ရောဂါဇာစ်မြစ်ရဲ့ လမ်းစကို တွေ့လာရတယ်။ တွေ့တဲ့ဆရာဝန်ကတော့ ကျွန်တော့်ထက်အတန်းကြီးတဲ့ ကလေးဆရာဝန် ဒေါက်တာစိုးသိန်းထိုက် (အခုတော့ မွေးကင်းစကလေးဆရာဝန်ကြီးပေါ့)။ ဆရာစိုးက အဲဒီကလေးကို ကြည့်ရင်း သူ့လက်ဖျံမှာရေးထားတဲ့ နက်ပြာရောင်စာလုံးလေးကို သတိထားမိလိုက်တယ်။

"မေမေ" ဆိုတဲ့ စာလုံးနှစ်လုံး။မင်ပြာဖြင့်ရေးထားပုံပေါ်တယ်။ စာလုံးအောက်က အရေပြားက နည်းနည်းရောင်နေပြီး အနာလေးတွေ တွေ့ရတယ်။ ဆရာစိုးက သူ့အမေကို အဲဒီစာလုံးလေးတွေဖျက်ပေးလိုက်ပါလို့ ပြောတော့ လူနာကလေးက ပြန်ပြောတယ်။

"ဖျက်မနေနဲ့ ဖျက်လို့ ရမှာမဟုတ်တော့ဘူး။ အဲဒါတက်တူးထိုးထားတာ" တဲ့။

အိပ်ရာပေါ်ကနေ မထနိုင်တော့ပေမယ့် ပြန်ပြောနိုင်သေးတယ်။

"စာလုံးတွေက မင်အရောင်တွေပါကွ။။ တက်တူးနဲ့ မတူပါဘူး။ ဖျက်လို့ရမှာပါ" လို့ဆရာစိုးကပြောတော့-

"မရပါဘူးဆို မယုံရင်ဖျက်ကြည့်"

ဟုတ်တယ်ဗျ။ တကယ်ဖျက်ကြည့်တော့ စာလုံးကပျက်မသွားဘူး။ အဲဒီစာလုံးကို ဘယ်မှာ ဘယ်သူရေးပေးတာတုန်းဆိုတော့ သူငယ်ချင်းတွေနှင့် ကျောင်းပြေးပြီးတောထဲမှာ ကိုယ့်ဘာသာကို ရေးထားတာဆိုပဲ။ဘယ်လိုရေးထားတုန်းဆိုတော့ သူပြန်ပြောပြတယ်။ ကြောက်ခမန်းလိလိ။

"တောထဲသွားတယ်၊ ဇီးပင်ကနေ ဆူးကိုချိုး၊ ဆူးထိပ်ကို မင်ပြာနဲ့တို့၊ အသားပေါ်ကို အဲဒီဆူးနဲ့ တစ်ပေါက်ချင်းဖောက်ပြီး မေမေဆိုတဲ့ စာလုံးကို ရေးထားတာ"

"မနာဘူးလား"

"နာတယ် သွေးတွေလည်း ထွက်တယ်"

"သွေးထွက်တော့ ဘာနဲ့သုတ်တုန်း"

"ဒီလိုပဲ လမ်းပေါ်ကဖုန်နှင့်သိပ်လိုက်တယ်"

ဒီအနာမျိုး ပိုးမဝင်ဘဲ ရှိပါ့မလား။ ရှိသမျှပိုးတွေ အကုန်ဝင်ပြီပေါ့။

"ဘာလို့ အဲလိုတက်တူးထိုးတာလဲ"

"အမေ့ကိုချစ်လို့။ ပြီးတော့ ဗီဒီယိုထဲက မင်းသားထိုးထားတဲ့ တက်တူးကို ကြိုက်လို့"

ဖြစ်မှဖြစ်ရလေ ကလေးရာ။

"ဒီ (D) ဆိုတာ ဘာအဓိပ္ပာယ်တုန်း မဖြေသေးဘူးနော် ယောကျ်ား"

ကျွန်တော် ဘယ်လောက်ကြာအောင် စိတ်လွတ်သွားတယ်မသိ။ မဟေသီက မေးတော့မှ အသိပြန်ဝင်လာတယ်။

"ဒီ (D) ဆိုတာ Die သေတတ်တယ်လို့ပြောတာ"

ဆေးရုံမှာ သေဆုံးသွားတဲ့ မတ္တရာက ခြောက်တန်းကလေးအကြောင်း ပြန်ပြောပြမိ။ သူတို့လည်း မျက်ရည်စတွေနဲ့။

"သားကြီး နောက်ဆို လက်ပေါ်မှာ ဘာစာလုံး ဘာပုံမှ ဆွဲမလာ၊ ကပ်မလာနဲ့နော် မေမေမကြိုက်ဘူး"

သူ့အမေက မေမေမကြိုက်ဘူး ဆိုပါလား။

ဟုတ်ကဲ့၊ ကျွန်တော်ကိုယ်တိုင်ပြောစရာမလိုတော့ပြီ။

ထိုင်း–မြန်မာကုန်စည်ပြပွဲနှင့် လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းများ ဈေးရောင်းပွဲတော်ဖွင့်

ထားဝယ် ဧပြီ ၉

ထိုင်း-မြန်မာကုန်စည်ပြပွဲနှင့် လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းများ ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၇ ရက် ညနေ ၆ နာရီက နသ်ာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကမ်းနားလမ်းရှိ ဆိပ်ကမ်းသာကလေးကစားကွင်း၌ ကျင်းပရာ ထိုင်းရိုးရာယဉ်ကျေးမှုအဖွဲ့မှ ရိုးရာယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ဆိပ်ကမ်းသာကလေးကစားကွင်းတွင် ကန်ချနာဘူရီမှ ဈေးရောင်းပွဲတော်ပြုလုပ်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ ယခုလိုဆောင်ရွက်ခြင်းအားဖြင့် မိမိတို့တနသ်ာရီတိုင်းနှင့် ထိုင်းနိုင်ငံ နှစ်နိုင်ငံချစ်ကြည်ရေးပိုမိုခိုင်မြဲလာမည်ဟုယုံကြည်မိကြောင်း ပြောကြားသည်။

ဆက်လက်၍ ကန်ချနာဘူရီမြို့တော်ဝန် Mr . Pothi က ထားဝယ်ခရိုင်ဆိပ်ကမ်းသာကစားကွင်း၌ ယခုလို ဈေးရောင်းပွဲတော်ကျင်းပရခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးအပြင် ကုန်စည်ကူးသန်းရောင်းဝယ်ရေးပါ အဆင်ပြေလာကြောင်းနှင့် ပွဲတော်အားခွင့်ပြုပေးသည့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးအား အထူးကျေးဇူးတင်ရှိကြောင်းပြောကြားပြီး အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကာ တက်ရောက်လာသူများနှင့် မှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများက ထိုင်း-မြန်မာကုန်စည်ပြပွဲနှင့် လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းများဈေးရောင်းပြခန်းအား လှည့်လည်ကြည့်ရှုခဲ့သည်။

ထိုင်း-မြန်မာကုန်စည်ပြပွဲနှင့် လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းများဈေးရောင်းပွဲတော်တွင် စိတ်ဝင်စားဖွယ် အမှတ်တရကုန်ပစ္စည်းများ၊ ဖျော်ဖြေပွဲနှင့်အလှမယ်ဖက်ရှင်ပြပွဲများ ပါဝင်ကြောင်း သိရသည်။ **ခရိုင်(မြန်/ဆက်)**

ပဲခူးမြို့မဇင်းရပ်ကွက်၌ အိမ်သာကျင်းတူးရာမှ စစ်ကျန်သံသေတ္တာနှစ်လုံးတွေ့ရှိ

ပဲခူး ဧပြီ ၉

ပဲခူးမြို့ မဇင်းရပ်ကွက် မဟာစေတီဘုရားလမ်းနေ ဦးသက်ဆွေနေအိမ်၌ ဧပြီ ၈ ရက် နံနက် ၁၀ နာရီခွဲက နောက်ဖေးအိမ်သာကျင်းတူးဖော်စဉ် အလျား ၁၉ လက်မ၊ အနံ ရှစ်လက်မ၊ အမြင့်ရှစ် လက်မ ရှိသော သေတ္တာတစ်လုံးတွေ့ရှိသဖြင့် တာဝန်ရှိသူများကို အကြောင်းကြားခဲ့ပြီး တာဝန်ရှိသူများက ဆက်လက်တူးဖော်စေခဲ့ရာ အလျား ၁၉ လက်မ၊ အနံရှစ်လက်မ၊ အမြင့်ရှစ်လက်မရှိ ဆွေးမြည့်နေသော သေတ္တာတစ်လုံးအား ထပ်မံတူးဖော်ရရှိခဲ့သဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ကြရာ ပထမတွေ့ရှိသေတ္တာအတွင်းမှ အမျိုးအစားခွဲခြား၍ မရသော စနက်အုံ ပျက်စီး ၄၁ လုံး၊ ဝရိမီးခွက်အုံ ပျက်စီး ၁၉ ခု၊ အရှည်ရှစ်လက်မခွဲ လုံးပတ်ကိုးလက်မ ခန့်ရှိ ယင်းတောင့်ပျက်စီးနှစ်တောင့်၊ ဒုတိယ သေတ္တာအတွင်းမှ အမျိုးအစားခွဲခြား မရသော စနက်အုံ ပျက်စီး ၂၄ လုံးတို့အား တွေ့ရှိခဲ့ကြောင်း သိရသည်။ **၅၈၇**

တာမွေ ဧပြီ ၉

တာမွေမြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တာဝန်ရှိသူများသည် ဧပြီ ၈ ရက် နံနက်က မြို့နယ်အတွင်း ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး အသိပညာပေးမှုများ ဆောင်ရွက်ခဲ့ကြသည်။

တိုင်းဒေသကြီးလွှတ်တော် တာမွေမြို့နယ်မဲဆန္ဒနယ်အမှတ် ၁ နှင့် အမှတ် ၂ လွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းနှင့်ဦးသိန်းမြင့်တို့ဦးဆောင်ကာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှဘုန်းကျော်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦးသန်းဦး၊ မြို့နယ်ရေသန့်တာဝန်ခံဌာနစုမှူးဒေါ်နီမာဇင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးစိုးမိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးကျော်လွင်ဦးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူတို့သည် မြို့နယ်အတွင်းရှိ Polo Club အဆောက်အအုံ၊ Super One Supermarket နှင့် မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင် ငါးဆိုင်တို့အား မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးစစ်ဆေးအကြံပြုခြင်း မြို့နယ်အတွင်းရှိ မီးသတ်ရေတိုင်ငုတ်များကောင်းမွန်မှုရှိ၊ မရှိနှင့် မီးဘေးအန္တရာယ်ကြုံတွေ့ပါက ရေကောင်းစွာရရှိအသုံးပြုနိုင်ရေး စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

"ဒီနှစ်ကအရင်နှစ်တွေနဲ့ယှဉ်ကြည့်ရင် ပို ပူပြင်းပါတယ်။ မီးကလည်း တစ်နိုင်ငံလုံးအနှံ့ နေ့စဉ်လိုလို မီးလောင်မှုတွေဖြစ်ပေါ်နေတဲ့အတွက် မီးကို ဝိရိယထားပြီး ဂရုစိုက်စေချင်ပါတယ်။ မဖြစ်ခင်ကကြိုတင်ပြီး ဂရုတစိုက်ရှိအောင် ပူးပေါင်းအဖွဲ့တွေနဲ့ ရှောင်တခင်စစ်ဆေးတာပါ။ ကြိုတင်ကာကွယ်ရေးအနေနဲ့ ဆောင်ရန်ရှောင်ရန်၊ လျှပ်စစ်သုံးစွဲမှုကအစ အသေးစိတ်စစ်ဆေး အကြံပြုပေးတာပါ" ဟု ဦးစီးအရာရှိ ဦးကျော်လွင်ဦးကပြောသည်။ **မောင်မောင်**

ကြော်ငြာ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဦးမျိုးမောင် (စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး)+
ဒေါ်ဌေးရီ(M.D of Apple Villa Co,Ltd.)တို့၏သား
မောင်မျိုးသော်
Bachelor of Technology (Civil)
Director of Apple Villa Co,Ltd.
(Apple Product Sales and Service, Sanchaung Township;Yangon)
နှင့်
ရန်ကုန်မြို့နေ
ဦးစိန်မြင့် + ဒေါ်သန်းသန်းအေး တို့၏သမီး
မဇင်နီစိန်မြင့်
Bachelor of Engineering (Electronic Communication)
(Apple Villa Co,Ltd.)
တို့သည် ၉-၄-၂၀၁၇ ရက်နေ့တွင် နှစ်ဖက်မိဘဆွေမျိုးများနှင့်
ဂုဏ်သရေရှိလူကြီးမင်းများ၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးသော်-မဇင်နီစိန်မြင့်

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)
ဂုဏ်ထူးဆောင်နာယကကြီး ဦးအုံ့ကျော် ကွယ်လွန်ခြင်းတစ်နှစ်ပြည့် အထိမ်းအမှတ် အလှူဒါနပြုလုပ်ခြင်း
(နှင့်)
ဇာတိမြေ- - -အလွမ်းပြေ ခရီးစဉ်အတွက် နှိုးဆော်ကြေညာခြင်း

ထွက်ခွာမည့်အချိန် - ၂၉-၄-၂၀၁၇ရက်၊ ညနေ ၄နာရီ
ထွက်ခွာမည့်ဆိပ်ကမး - စဉ်အိုးတန်းဆိပ်ကမး
ရေယာဉ်အမည် - နေလင်းထွန်း နှစ်ထပ်သင်္ဘော

၃၀-၄-၂၀၁၇ရက် - နံနက် ၉နာရီခွဲတွင် ဘုရားကြီး သံတန်ဆောင်ကြီးအတွင်း၌ သံယာတော်များအား နေ့ဆွမ်းဆက်ကပ်ခြင်းနှင့် တက်ရောက်လာသည့် ဧည့်သည်များကို နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံခြင်း (ဦးအောင်မင်းနှင့် ညီအစ်ကိုများ)
- ညနေ ၃ နာရီတွင် ဘုရားကြီးနတ်လမ်းအတွင်း ကလေးငယ်များအား ကြက်သားဆန်ပြုတ်ဖြင့် စတုဒိသာ ကျွေးမွေးခြင်း(ဝါးခယ်မမြို့နယ်အသင်း)
- ည ၇ နာရီခွဲတွင် ဘုရားကြီးသံတန်ဆောင်ကြီးအတွင်း၌ နိဗ္ဗာန်ရောက်ကြောင်း တရားကိုကြာနီကန် ဆရာတော်ဦးရေဝတ(ဝါးခယ်မ)က ဟောကြားခြင်း။

၁-၅-၂၀၁၇ - နံနက် ၅နာရီတွင် မြို့ပေါ်ရှိ ကျောင်းတိုက်ပေါင်းစုံမှ သံယာတော်များအား အရှေ့ဏ်ဆွမ်းနှင့် လျှုဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခြင်း (စုပေါင်းအလှူ)
- နံနက် စနာရီတွင် ဘုရားကြီးရှေ့ကွက်လပ်တွင် ဝါးခယ်မထွက်ကုန်နှင့် ဈေးရာအစားအစာများကို ရောင်းချခြင်း၊ မြို့ဖွံ့ဖြိုးတိုးတက်မှုများကို မိမိ အစီအစဉ်ဖြင့် လည်ပတ်ကြည့်ရှုခြင်း၊

မှတ်ချက် (၁) အသွားအပြန်လက်မှတ်တန်ဖိုး-၁၀၀၀ဝ/-(၅နှစ်အထက် ကလေးများအပါအဝင်)
(၂) လက်မှတ်ဝယ်ရန် - ဝါးခယ်မမြို့နယ်အသင်းတိုက်၊ အမှတ်(၁၂)၊ ပ-ထပ်၊ စဉ်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့ ၂၄-၄-၂၀၁၇ရက်၊ ညနေ ၅ နာရီနောက်ဆုံးထား၍ ဝယ်ယူခြင်းဖြင့် ကူညီကြပါ။
(၃) ရန်ကုန်မှထွက်ခွာမည့်နေ့- ရေယာဉ်ထမင်းဆိုင်တွင် ညနေစာသုံးဆောင်လိုသူများ လက်မှတ်ဝယ်ယူစဉ် စာရင်းပေးသွင်းထားကြပါရန်။

အမှူဆောင်အဖွဲ့

အမည်ပြောင်း

သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ(၁၀)လမ်းအရှေ့၊ အမှတ်(၁၃၇၀)၊ အဖဦးဝင်းအောင်[၁၂/ဥကတ(နိုင်)ဝ၇၆၅၅]၏သား အထက(၁) အဋ္ဌမတန်း(B)နန်းနေ မောင်ရှင်းသန့်အောင်အား မောင်လင်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်
အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)ရှိ Condensate များအား မျက်မြင်အခြေအနေအတိုင်း သံကန်ပြတ်(သံကန်အပြောင်ရှင်း)စနစ်ဖြင့် ရောင်းချနိုင်ရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)ရှိ Condensate များအား မျက်မြင်အခြေအနေအတိုင်း သံကန်ပြတ်(သံကန်အပြောင်ရှင်း)စနစ်ဖြင့် တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၀-၄-၂၀၁၇ရက်မှ ၂၃-၄-၂၀၁၇ ရက်အထိ

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်-၇(က)၊ သန်လျက်စွန်းလမ်း၊ ဝိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၄။ တင်ဒါတင်သွင်းရန် နောက်ဆုံး - ၂၃-၄-၂၀၁၇ရက်၊ ၁၂:၀၀နာရီ ရက်နှင့်အချိန်

၅။ တင်ဒါဖွင့်ပွဲပြုလုပ်မည့်နေ့ရက်၊ အချိန်နှင့်နေရာ - ၂၃-၄-၂၀၁၇ရက်၊ ၁၄:၀၀နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ၀၆၇-၄၁၁၃၄၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

လေလံတင်ဒါခေါ်ယူရေးကော်မတီ
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
နေပြည်တော်

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမြင့်အောင်[၁၂/အလန(နိုင်)၀၂၇၅၄] ကိုင်ဆောင်သည့် သက်သေသားမှတ်ပုံတင် (S.I.D)စာအုပ် (CDC 28137)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်

ဖုန်း-၀၉-၄၂၁၀၈၈၁၄

GZ Real Estate Company

လူကြီးမင်းတို့၏ ကွန်ဒို၊ တိုက်ခန်း၊ လုံးချင်းအိမ်ရာနှင့် မြေကွက် ရောင်း၊ ဝယ်၊ ငှားရမ်းခြင်းများကို အချိန်တိုအတွင်း ထိရောက်အောင်မြင်စေရန် ကျွန်ုပ်တို့၏ GZ@MOOM Real Estate Company (Japan Branch)မှ တာဝန်ယူပေးပါရစေ။

လှည်းတန်း၊ စမ်းချောင်း၊ အလုံ၊ ကြည့်မြင်တိုင်၊ ရန်ကင်း၊ ဒဂုံ၊ လသာ၊ လမ်းမတော်မြို့နယ်များရှိ
စားသောက်ဆိုင်ဖွင့်ရန် နေရာကောင်းများငှားရန်ရှိပါက
အမြန်ဆုံးဆက်သွယ်ပေးပါ
ဆက်သွယ်ရန်-09-458285095, 09-457751526
Facebook Page- MOOM Real Estate

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ အင်စိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ်(၆)၊ အမှတ်(၁၄၄)၊ ပေ(၃၉×၆၀)ရှိ မြေနှင့်အဆောက်အုံအပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူဟု ကတိပြုသူ ဦးဥာဏ်ဇော်ထွန်းထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန် စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်နေ့မစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်မာသည့်စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေနိုင်ကျော် (Diploma in Computerised) Accounting (UK),LL.B
အထက်တန်းရှေ့နေ(စဉ်-၂၇၇၂)
ဖုန်း-၀၉-၄၅၃၄၅၅၀

ဦးကျော်ဝင်း(LL.B)
တရားလွတ်တော်ရှေ့နေ
(စဉ်-၁၀၁၃၅)
ဖုန်း-၀၉-၅၁၃၄၂၀၈

အမှတ်(၅၈)၊ မဟာပန္ထလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂-C (ပေါက်တော)၊မြေကွက်အမှတ်-၇၇/ခ-၁၊ဧရိယာ-၀-၀၇၉၈၈၊မြေကွက်တည်နေရာအမှတ်-၁၃၇၊စီတွဲသုခလမ်း၊ပေါက်တောရပ်ကွက်အင်းစိန်မြို့နယ်မတင်မပေးသည့်ပေါက်၊B-အိမ်ယာမြေသတ်မှတ်မြေအားမိခင်ဖြစ်သူအမည်ပေါက်မတင်မပေးသည့်(၃၁-၃-၂၀၁၁)ခုနှစ်တွင်လည်းကောင်း၊ဖခင်ဖြစ်သူဦးကိုးထွန်းသည့်(၂၀-၁-၆၇)ခုနှစ်တွင်လည်းကောင်းကွယ်လွန်သွားကြပါသဖြင့်ဦးမြင့်ရွှေ(၁၂/အရန(နိုင်)၀၁၁၃၇၃)၊ဒေါ်လှရီ(၁၂/အရန(နိုင်)၁၃၇၁၀၈၅)၊ဒေါ်မြရည်(၁၂/အရန(နိုင်)၀၁၁၄၉၃)၊ဒေါ်ခင်ရန်းရီ(၁၂/အရန(နိုင်)၀၁၁၄၉၂)၊ဦးတင်မောင်ထွန်း(၁၂/အရန(နိုင်)၀၁၁၆၇၆)၊ဒေါ်တင်သန္တာထွန်း(၁၂/အရန(နိုင်)၀၁၀၉၂၅)တို့မှတရားဝင်သားသမီးများတော်စပ်ကြောင်းတရားရုံးကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ၊သေစာရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားရုံးပင်မိုင်ဝင်လုံသောအထောက်အထားများမပြင်ဆင်ကြောင်းပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဖြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်ဧည့်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃)၊ မြေကွက်အမှတ် (၈၄၇)၊ မြေကွက်တည်နေရာ အမှတ်(၈၄၇)၊ စံရိပ်ငြိမ်(၁)လမ်း ဒဂုံတောင်မြို့နယ်၊ ဦးတင်ရွှေ(၁/လမတ(နိုင်)၀၁ ၂၅၉၇)အမည်ပေါက် နစ်(၆၀)ရနှစ်မြေအား ဂရန်အမည်ပေါက် ဦးတင်ရွှေ(ဖခင်)ကွယ်လွန်သွားသောကြောင့် ရိုးဖြစ်သုသားဒေါ်သန်းမေ(၁/လမတ(နိုင်)၀ ၂၁၁၉)နှင့် ကွန်ယောသမီးများဖြစ်သော ၂ဒေါ်ခင်ချိုမင့်(၁/လမတ(နိုင်)၀ ၂ ၂၅၉)၊ ၃။ ဦးနေထွန်း(၁/လမတ(နိုင်)၀ ၂ ၂၅၉)၊ ၄။ ဒေါ်ခင်ကြင်(၁/လမတ(နိုင်)၀ ၂ ၂၅၉)၊ ၅။ ဒေါ်ခင်မာချို(၁/လမတ(နိုင်)၀ ၂ ၂၅ ၂)၊ ၆။ ဒေါ်လှလှမိုင်(၁/လမတ(နိုင်)၀ ၂ ၂ ၂)တို့မှ တရားဝင်ရိုးနှင့်သားသမီးများဖြစ်ကြောင်း ကတိသစ္စာပြုလွှာ (၁၅-၉-၁၆)၊ ထောက်ခံကတိသစ္စာပြုလွှာ (၁၅-၉-၁၆)၊ သေစာရင်း၊ သန်းခေါင်စာရင်းများ တပ်ပြဋ္ဌာန်းဆိပ်ကြောင်း စာချုပ်မန်/ စွန်လွှတ်စာချုပ်ရန် လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဖြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်ဧည့်ပင်သာယာရေးကော်မတီ

သန္တိသုခ ၏ သင်္ကြန်ခရီးစဉ်များ

* ထားဝယ်-ရှင်ကိုးရှင်-မြိတ်ကျွန်းစုများ Apr 12 ၃သိန်း
* တောင်ကြီး-အင်းလေး-ပင်းတယ Apr 12 ၁.၆၅သိန်း
* ဂေါ်ရန်ဂျီ(၁ည)+မော်တင်စွန်း(၁ည)+ဇွေဆောင် Apr 13 ၁.၄၅သိန်း
* ဂေါ်ရန်ဂျီ(၁ည)+မြိတ်မော်တင်သင်္ကြန်လွန်ခရီးစဉ် Apr 29 ၀.၉၅သိန်း

Ph: 09 4210 14 940 / 09 4210 680 50 / 09 420 90 70 90

GOLDEN CITY

09-450765726,09-454466958
09-781076743,09-457557040

* ဇဋ္ဌမက်တော်၊ ပုဂံ၊ ဧည့်ခင်ဦး၊ ပုဒ္ဓါ၊ စွယ်တော်လေးဆူ၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်၊
* မန္တလေး၊ ပြင်ဦးလွင် ၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်၊
* တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ တံလဲ့၊ ထန်းမင်း၊ ဓမ္မတော်ကတ္တူ၊ လွှဲင်ကော်
* ထားဝယ်ရှင်ကိုးရှင်၊ ဖောင်းမကန်တမ်းခြေနှင့် မော်လမြိုင်ဘုရားအစုံ
* ဈေးဘင်းသာ (စေး+ကား+တည်း-ဖြိန်း) ၂ ညတိုင် ၃ ရက် - ၁၃၀၀၀၀/-

သင်္ကြန်အတွက်ကြိုတင်လက်မှတ်များ ရောင်းချနေပေပြီ (Apr -12/17)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အာဆီယံပညာသင်ဆုလျှောက်ထားနိုင်ကြောင်း ကြေညာခြင်း

၁။ ၂၀၁၈ ခုနှစ်၊ ပညာသင်နှစ်အတွက် စင်ကာပူအစိုးရက ပညာရေးတွင် ထူးချွန်သော မြန်မာ ကျောင်းသား/ကျောင်းသူများကို အာဆီယံပညာသင်ဆု ရွေးချယ်ပေးအပ်ရန် မြန်မာနိုင်ငံသို့ ကမ်းလှမ်း လာပါသည်။ ရွေးချယ်ခံရသူများသည် စင်ကာပူအစိုးရကျောင်းများတွင် Secondary Three မှ Pre-University Two level အဆင့်အထိ (၄) နှစ်တာ ပညာသင်ကြားခွင့်ရရှိမည် ဖြစ်ပါသည်။

၂။ အာဆီယံပညာသင်ဆုအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသည့်ကျောင်းသား/ ကျောင်းသူများ လျှောက်ထားနိုင်ပါသည်။

(က) **မြန်မာနိုင်ငံသားဖြစ်ရမည်၊**
(နိုင်ငံသားကတ်ပြားမူရင်း မှန်/မမှန်စစ်ဆေး၍လျှောက်လွှာတွင် မိတ္တူ ပူးတွဲရမည်။)

(ခ) **၂၀၁၀ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း မွေးဖွားသူ ဖြစ်ရမည်။**
(မွေးစာရင်းမူရင်း/သန်းခေါင်စာရင်း/သက်ဆိုင်ရာကျောင်းအုပ်ကြီး အသက်ထောက်ခံချက် တစ်ခုခုနှင့် တိုက်ဆိုင် စိစစ်၍ မိတ္တူ ပူးတွဲတင်ပြရမည်။)

(ဂ) **တိုင်းဒေသကြီး/ပြည်နယ်ရှိ အခြေခံပညာအလယ်တန်း/အထက်တန်းကျောင်း/ဘုန်းတော်ကြီးသင်ပညာရေးကျောင်း/ပုဂ္ဂလိကကျောင်း (ပညာရေးသင်ရိုးညွှန်းတမ်း/ နိုင်ငံတကာသင်ရိုးညွှန်းတမ်းဖြင့် သင်သည့်ကျောင်းအားလုံး)တို့မှ အနိမ့်ဆုံး အဋ္ဌမတန်း (Grade-9) အောင်မြင်ပြီးသူ ဖြစ်ရမည်။**
(အဋ္ဌမတန်း (Grade-9) အောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်မူရင်းကို လျှောက်လွှာတွင်ပူးတွဲတင်ပြရမည်။)

(ဃ) **အင်္ဂလိပ်စာကောင်းမွန်ပြီး သန့်ရှင်း သိပ္ပံထူးချွန်သောသူဖြစ်ရမည်။**

၃။ အထက်ပါအရည်အချင်း သတ်မှတ်ချက်နှင့် ကိုက်ညီသူများသည် တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများသို့ (၂၆ .၄.၂၀၁၇) ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၄။ အာဆီယံပညာသင်ဆု ပဏာမရေးဖြေစာမေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်သည် -

နေ့ရက်	ဖြေဆိုချိန်	ဖြေဆိုရမည် ဘာသာရပ်များ	ဖြေဆိုရမည် စာစစ်ဌာန
၁၁ -၅-၂၀၁၇	၁၀:၀၀ - ၁၀:၃၀	English	သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးက သတ်မှတ်ပေးသည့် နေရာ
	၁၀:၄၀ - ၁၁:၁၀	Mathematics	
	၁၁: ၂၀ - ၁၁:၅၀	Science	

၅။ စာဖြေသူများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပညာရေးမှူးရုံးများက စီစဉ်ပေး ထားသော ကျောင်းရှိ စာစစ်ဌာနတွင် ဖြေဆိုကြရမည်။

၆။ အာဆီယံပညာသင်ဆု ပဏာမရေးဖြေစာမေးပွဲအောင်စာရင်းကို ၂၆ - ၅ - ၂၀၁၇ ရက်နေ့ တွင် ထုတ်ပြန် ပေးမည်။

၇။ အာဆီယံပညာသင်ဆု ပဏာမရေးဖြေစာမေးပွဲအောင်မြင်သူများကို ၂၈ - ၅ - ၂၀၁၇ ရက် မှ ၃၀- ၅ -၂၀၁၇ ရက် အတွင်း ပညာရေးသုတေသနစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန(သင်ရိုးဌာနခွဲ) အဆင့်မြင့်ပညာဦးစီးဌာနဝင်းအဆောင်အမှတ်(၃)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၌ အာဆီယံပညာသင်ဆုလျှောက်လွှာပုံစံများ ဖြည့်သွင်းရပါမည်။

၈။ ပဏာမရေးဖြေစာမေးပွဲအောင်မြင်သူများသည် ရန်ကုန်မြို့တွင် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွင်း စင်ကာပူနိုင်ငံမှ လာရောက်စစ်ဆေးမည့် ရေးဖြေစာမေးပွဲကိုလည်းကောင်း၊ ထပ်မံရွေးချယ်ခံရသူများသည် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် စစ်ဆေးမည့် လူတွေ့စစ်ဆေးခြင်းကိုလည်းကောင်း ထပ်မံဖြေဆိုကြရမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၂၀၁၈ ခုနှစ်၊ အာဆီယံပညာသင်ဆုရွေးချယ်ရေးလုပ်ငန်းအဖွဲ့

အောင်မြင်မှုများ နှင့်အတူ ကျေးဇူးအထူးတင်ရှိခြင်း

Stellar Seven Entertainment မှ ကြီးမှူးကျင်းပသော ရန်ကုန်မြို့၏ ပထမဆုံး Spring Festival နွေဦးပွဲတော်ကြီးကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားရုံတွင် ၁. ၄. ၂၀၁၇ မှ ၂. ၄. ၂၀၁၇ထိ (၂) ရက်တိုင်တိုင် အောင်မြင်စည်ကားစွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ပါသည်။ နွေဦးပွဲတော်ကြီးကို အများပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြပြီး စိတ်ကြည်နူးပျော်ရွှင်မှုများရရှိခဲ့ကြသည်ဟု ပွဲတော်၏ အထွေထွေစစ်တမ်း အချက်အလက်များအရ သိရှိရပါသည်။ ယခုကဲ့သို့ အောင်မြင်စွာ ပြီးစီးအောင်မြင်ရန်အတွက် အဘက်ဘက်မှ ပါဝင်ပူးပေါင်း ကူညီပံ့ပိုးခဲ့သူများကို လေးစား ကျေးဇူးတင်ဂုဏ်ယူစွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။ ပွဲတော်အခမ်းအနားကို ရင်းနှီးခင်မင်စွာဖြင့် ကြွရောက် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ဟိုတယ်နှင့်ခရီးသွားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရီမွန်၊ KBZ Bank မှ Managing Director ဦးဇော်လင်းအောင်၊ Stellar Seven Entertainment ၏ Managing Director ဒေါ်မျိုးရတနာထိုက်တို့ကို ကျေးဇူးအထူးတင်ရှိပါသည်။ ပူးပေါင်းကူညီပံ့ပိုးပေးပါသော Myanmar Tourism Federation၊ ပွဲတော်ကျင်းပရန် နေရာထိုင်ခင်းအတွက် အစစအရာရာ အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ခွင့်ပေးပါသော အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏမှ တာဝန်ရှိလူကြီးမင်းများနှင့်တကွ ဝန်ထမ်းများ၊ Main Sponsor အဖြစ် ကူညီပံ့ပိုးပေးပါသော KBZ Bank ၊ Co-Sponsors များအဖြစ်ကူညီပံ့ပိုးပေးပါသော Tha Htay Kyun Hotel & Resort၊ MDG Co.,Ltd. တို့ နှင့်အတူ ပူးပေါင်းပါဝင်ပေးကြပါသော Superior Clothing ،Amara Beauty Collection، Happy World، Turning Point Fashion School တို့ကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။ ပွဲတော်တွင် ပါဝင်ခင်းကျင်းပြသကြပါသော ပြခန်းများ၊ အစားသောက်ဆိုင်ခန်းများ၊စတိုးဆိုင်ခန်းများအားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း နှင့် လာရောက်ဆင်နွှဲကြသော မိဘပြည်သူ ပရိသတ်များအားလုံးကို Stellar Seven Entertainment မှ ကျေးဇူးအထူးတင်ရှိပါကြောင်းဖြင့် မှတ်တမ်းတင်အပ်ပါသည်။

Main Sponsor — KBZ BANK
Co-Sponsors — Tha Htay Kyun Hotel & Resort, MDG
Supported by — ကမ္ဘာ့ဂတဆ
Organized by — stellar seven

MMK မြင့်မြတ်ကျော်ကုမ္ပဏီမှ နိုင်ငံတကာအဆင့်မီ
(ကာလာသွပ်၊ ပါလင်မျှားတန်း၊ Deck Sheet) မျိုးစုံ နှင့် Steel Structure Fabrication
တို့ကို ဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီးများအား လိုအပ်သည့် တန်ချိန်အလိုက်
အသင့်အသုံးပြုနိုင်အောင်(ထုတ်လုပ်အပြီး) လက်ကားဈေးနှုန်း များဖြင့် ရောင်းချပေးနေပါသည်။
ကာလာသွပ် 55% အလျှင်(ကာလာ ၅နှစ် အာမခံ) (0.42)mm တစ်တန်-(13.70)သိန်း
Deck Sheet/ ပါလင်မျှားတန်း(Z 80 GI Coil) (0.8~2.0)mm တစ်တန်-(9.10)သိန်း/(9.20)သိန်း
Steel Structure - H-Beam(Rz)/ Steel(SS400) Fabrication တစ်တန်-(9.10)သိန်း/(11.50)သိန်း
နိုင်ငံတကာအဆင့်မီ (MMK) (10)ပေါက် စက်ကြီးအုတ်-(81/ks)အထိုင်ဈေး
MMK Head Office: No.(527/.529), 6th Floor, Lower Pazundaung Rd, Pazundaung Tsp.
Phone: 01-9000300, 9000301, 09-73201856, 09-73201857, 09-73098771, 09-965149148, 09-73238130
Fax: 01-299201 Website: www.mmkgroup.com Email: mmktrading999@gmail.com

---

C @ C Financial Education Center
A new age, cutting edge financial education provider, specialising in Market Analysis and Financial Advisory is looking for young dynamic individuals to join its new office.
Following position 10 Lakh ++ monthly in-come:-
Administration Senior Manager
Key requirements:
- *Minimum 3 years experienced in Administrative job.*
- *Must be able to read, write and speak fluent English.*
- *Ability of forming up a qualify administration team competent in managing independently.*
- *Able to support company daily operation in respect of education programs; events; courses etc.*

Interest applicants please send in your resume to:
cncedu.mgt@gmail.com
Only shortlisted candidates will be notified.
Address : No.(22),Rm(1-A),Royal Thazin Condo, Bo Yar Nyunt Street,Yaw Min Gyi Ward,Dagon Tsp, Yangon.

ပထမဦးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည့်

FOREVER RAY
လူကြီးမင်းတို့နေစဉ်အသုံးပြုနေသော အိတ်ကွန်းရေခဲသေတ္တာ၊အဝတ်လျှော်စက်များ အား ပေးကြောင်းခြင်း၊တပ်ဆင်ခြင်း၊ပြုပြင် ရောင်း ဝယ်ခြင်းများကို Forever Ray Group ကုမ္ပဏီတိုင်းကျသည်အထိန်းဆောင် မှုပေးနေပါပြီ။ Ph: 09-420166159

တိုက်သစ်ရောင်းမည်
- မြေ ပေ(၈၀×၈၀)
- 2 RCအဆောက်အအုံ၊ ဂရန်အမည်ပေါက်
- FMI CITY ပဒေသာပင်ပြို့တော်၊ လှိုင်သာယာ
- ဈေးနှုန်း(ကျပ်သိန်း ၄၉၅၀)
- အကျိုးဆောင်များ ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၀၉-၉၆၅၁၇၀၇၉၀၊ ၀၉-၇၉၅၃၆၅၉

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
တင်ဒါပိတ်ရက် ပြင်ဆင်ခြင်း

၁။ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် ခေါ်ယူထားသော အောက်ဖော်ပြပါ တင်ဒါများ၏ ပိတ်ရက်ကို (၁၉.၆.၂၀၁၇)(တနင်္လာနေ့) အစား (၂၀.၆.၂၀၁၇)(အင်္ဂါနေ့) (၁၄:၀၀)နာရီသို့ ပြောင်းလဲပြင်ဆင်သတ်မှတ် ပါသည်

စဉ်	တင်ဒါအမှတ်	လုပ်ငန်း အမျိုးအမည်	ပုံစံဈေးနှုန်း
၁	MR/ YCR/UG/CP101 (T) 2017-2018	ဘုရားလမ်း-ကြည့်မြင်တိုင် - အင်းစိန် တည်းကုန်းရထားလမ်းပိုင်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်း (မြို့ပတ်လမ်းပိုင်း၏ အနောက်ဖက်ခြမ်း)	ကျပ် သိန်း(၂၀)
၂	MR/ YCR/UG/CP102 (T) 2017-2018	တည်း:ကုန်း-မင်္ဂလာဒုံ - ပုဇွန်တောင် ရထားလမ်းပိုင်း အား အဆင့်မြှင့်တင်ခြင်းလုပ်ငန်း (မြို့ပတ်လမ်းပိုင်း၏ အရှေ့ဖက်ခြမ်း)	ကျပ် သိန်း(၂၀)

တင်ဒါတင်သွင်းရမည့်နေရာ - မြန်မာ့မီးရထား၊ ဦးဆောင်ညွှန်ကြားရေးမှူးရုံး၊ နေပြည်တော်ဘူတာကြီး ပုဇွသီရိမြို့နယ်၊ နေပြည်တော်။

၂။ တင်ဒါပုံစံများ ကို အောက်ဖော်ပြပါ ဌာနများ တွင် (၃.၄.၂၀၁၇) ရက်နေ့မှ (၃၀.၄.၂၀၁၇)ရက်နေ့ အထိ စနေ၊တနင်္ဂနွေ နှင့် အစိုးရ ရုံးပိတ်ရက်များမှ အပ ကျန်ရက်များတွင် နံနက် (၀၉:၃၀)နာရီမှ (၁၆:၃၀) နာရီ အထိ ရုံးချိန် အတွင်း ဝယ်ယူနိုင် ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနများသို့ မေးမြန်းနိုင် ပါသည်။

(က) မြန်မာ့မီးရထား၊ ဦးဆောင်ညွှန်ကြားရေးမှူးရုံး၊ နေပြည်တော်ဘူတာကြီး ပုဇွသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း ၊067-77016

(ခ) ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေ အရ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၃ ရက်မှ ၁၇ရက်ထိ ၅ရက် တိတိ "မြန်မာနှစ်သစ်ကူးနေ့များ"သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းရက်များတွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အစိုးရတရားဝင် ကိုရီးယားအလုပ်ဝင် Professional
ကျွမ်းကျင်သင်တန်းကျောင်း Better Tomorrow
SEOUL-Korea Language School
EPS - TOPIK
(Korea ဘာသာစကားအရည်အချင်းစစ် စာမေးပွဲ)
ပညာအရည်အချင်းမလိုဘဲ သင်လည်း Korea မှာ ဝိုက်ဆရာဖို့.သွားကြဖို့ ။
♣ လစာ (18) သိန်းဝန်းကျင် ရရှိနိုင်သော အာမခံချက် ။
♣ မြန်မာစကား ကျွမ်းကျင်စွာပြောနိုင်သော Koreaလူမျိုး ဆရာKim ကိုယ်တိုင်ရဲ့ သင်ကြားပို့ချချက်များ ။
♣ Korea ဘာသာစကားကို လုံးဝမတတ်သူများအတွက် အခြေခံမှစ၍ စာမေးပွဲ အောင်မြင်သည်အထိ တာဝန်ယူသင်ကြား ပေးနေပါသည်။
♣ EPS ကိုတစ်ကြိမ်တည်းနဲ့ အောင်မြင်ခြင်းရင် ဒီသင်တန်းကို လုပ်းလာခဲ့ပါ။ ရုံးချိန်လွတ် အတန်းများရှိသည် ။ လုပ်ငန်းရေ ကန့်သတ်ထားပါသည်။

တန်းခွဲသစ် 21 - 4 - 2017 ရက် နောက်ဆုံးထား၍ လက်ခံနေပါသည်။
"တွေ့ဝေမနေဘဲ အရင်ဆုံးဖုန်းဆက်ပြီး တိုင်ပင်ဆွေးနွေးကြည့်ပါ။"
လိပ်စာ -အမှတ် (B/30)၊ ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း။
Ph: -09-770-79-79-79, 09-7958 32100, -09-3292-8585, 09-25982 8585.

500ml PET Plastic Bottle with Cap (White)
(အဖြူအကြည်) (၄၆၀၀၀၀)စုံ အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့်အရေအတွက်
ပစ္စည်းအမည် — အရေအတွက်
500ml PET Plastic Bottle with Cap (White) (အဖြူအကြည်) — ၄၆၀၀၀၀စုံ
၂။ တင်ဒါပိတ်ရက်နှင့်အချိန် - ၅-၅-၂၀၁၇ရက်၊ ညနေ ၄း၀၀နာရီ
၃။ ပစ္စည်းပေးသွင်းရမည့်စက်ရုံ - ဆေးဝါးစက်ရုံ(အင်းစိန်)
၄။ တင်ဒါပေးသွင်းရမည့်နေရာ - ဥက္ကဋ္ဌ၊ စျေးနှုန်းစိစစ်ရေးကော်မတီ၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

တယ်လီဖုန်းအမှတ်
မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်) — ၀၆၇-၄၀၈၃၃၈
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၁၂-၂၀၁၆ ရက်နေ့ ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၁)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၅)ခေါ်မြင့်မြင့်ဦး(ခ)ဂေါ်ဆေးဟုံ၏ဂရန်သစ်တွင်မြေအမည်ပေါက်ခေါ်ဒေစီရိန်အစားခေါ်ဒေစီရိန်းဟုအမှန်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံ(သိပ်ကမ်း)မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် (L.၁၇/ ၆၀)၊ မြေကွက်အမှတ် (၂၀၃၅)၊ မြေကွက်တည်နေရာ အမှတ်(၂၀၃၅)၊ (L.၁၇/ ၆၀)ရပ်ကွက်၊ ဒဂုံမြို့သစ် (သိပ်ကမ်း) (ဦး၊တင်မောင်ဝင်း)အပည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးဆာမောင်သန်း(၁၂/လေမန (နိုင်) ၀၀၃၃၀)ကိုယ်တိုင်မှ ပါမစ်ပျောက်ဆုံးကြောင်း ရဲပင်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကုမ္ပဏီကိုရှင်လူ၊ ဌာနတွင် ကိုယ်တိုင်ထန်းချက်တိုတပ်ပြု၍ ပါမစ်ပျောက်ရရန်လျှောက်ထားခြင်းအား ပြေပြင်ကွင်း ဆင်းစစ်ဆေးရာ ထင်ရှားသွင်ပြီ။ အထောက်အပံ့ရှိပါသည်။ သို့မဟုတ်၍ ဦးဆာမောင်ဝင်း၏ ပါမစ်ပျောက်ခြင်း နှစ်(၆၀)ကြေးငြားချေပ်ဝရန်လျှောက်ထားခြင်းအား ဘရာဝင်း ၄ဝင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်ပါသကြောင်းနှင့် ကန့်ကွက်သမျှပါက လက်ထပ်လက်နှင်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်မြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဖြိုမြဲပိမ်ကိန်းနှင့် မြေဓိမ်ခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၁၇ (သိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၈)၊ မြေကွက်အမှတ် (၆၇၀)၊ မြေကွက်တည်နေရာအမှတ် (၆၇၀)၊ (၇၈)ရပ်ကွက်၊ ၁၇ မြို့သစ် (သိပ်ကမ်း)မြို့နယ် နေ ဦးကိုကိုခိုင် (၁/ကထတ (နိုင်) ၀၁၉၅၇၇) အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဦးကိုကိုခိုင်ထံမှ အရောင်းအ၀ယ်စာချုပ် အမှတ် (၃၁၈/၂၀၁၇)၊ (၁၆-၂-၂၀၁၇)ဖြင့် ၀ယ်ယူထားသူ ဦးဌေးဝင်း (၁၂/သခန (နိုင်) ၀၇၃၈၉၁) မှ ဦးကိုကိုခိုင် အမည်ပေါက် ပါမစ်ပျောက်ဖြင့် ထုတ်ယူထားသော နှစ် (၆၀)ဂရန်၊ စာချုပ်စာတမ်းရုံး မှတ်ပုံတင် စာချုပ်၊ ပြည်တွင်းအခွန်ပြေစာတို့ တင်ပြ၍ အမည်ပြောင်းလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်မြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဖြိုမြဲပိမ်ကိန်းနှင့် မြေဓိမ်ခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(၄၄)ကြိမ်မြောက် မြေဇင်းသမထဝိပဿနာ (၄၅)ရက် တရားစခန်းဖွင့်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြို့ကြီးကုန်းရိပ်သာရပ်ကွက်၊ အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ ဆရာတော်အရှင်ကေလာသ၊ အရှင်ပညာဒီပ အရှင်သူမြတ်နှစ်ပါးတို့မှ မြေဇင်းဆရာတော်ကြီး၏ နည်းနာနိသယ အတိုင်း သမထဝိပဿနာ (၄၅)ရက်တရားစခန်းကို (၁၃၇၉ခုနှစ်၊ ကဆုန်လဆန်း ၁ရက်) ၂၆-၄-၂၀၁၇ ရက်(ပုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတိတိတွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ တရားစခန်းဝင်ရောက်လိုသော ယောဂီများသည် မည်သည့်ဝင်ကြေး စရိတ်စက မည်သည့်အလျှုမှ ထည့်ဝင်လျှုဒါန်းစရာမလိုဘဲ ကြိုတင်စာရင်းပေး ဝင်ရောက်နိုင်ပါသည်။

ဆက်သွယ်ရန်-
အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ
မြို့ကြီးကုန်းရိပ်သာရပ်ကွက်၊ ရုံးဟောင်းလမ်း၊
ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့။
ဖုန်း-၀၉-၂၀၃၃၄၄၊ ၀၉-၇၉၅၃၁၀၆၀၈၊ ၀၉-၇၃၀၃၅၅

အကယ်ဒမီ
အဆင့်မြင့်တည်းခိုခန်းမှ
အထူးသက်သာသော နှုန်းထားများဖြင့် ညည်းသည်တော်ကြီးများကို ကြိုဆိုလျက် ရှိပါသည်။
ရန်ကုန်မြို့၏ အချက်အခြာကျသော ရွှေတိုဝုံဘုရား၊ Happy World ၊ကန်တော်ကြီးဥယျာဉ်၊ တိရိစ္ဆာန်ရုံ ပြည်သူ့ရင်ပြင် ၊ SSC ဆေးရုံ ၊ နင်းဆီကုန်းဆေးရုံ တို့၏အနီး၊ ရွှေဂုံတိုင်လမ်းဆုံ မီးပွိုင့်အနီးတွင်တည်ရှိသော **အကယ်ဒမီ** အဆင့်မြင့်တည်းခိုခန်း မှ အကောင်းဆုံး ဝန်ဆောင်မှုများနှင့် ကြိုဆိုလျှက်ရှိပါသည်။ ကျယ်ဝန်းသော အခန်းတိုင်းတွင် ပြတင်းပေါက်ပါရှိခြင်း၊ 32"/42" LED TV, Aircon, ရေခဲသေတ္တာ၊ ရေပူရေအေးစက်၊ 24 Hour Free Wifi , နံနက်စာ Breakfast Free, မြေအောက်ကားပါကင်ထိ ဓါတ်လှေကား နှစ်စင်းပါရှိ၍ လူကြီးမင်းများ၏ကားကို လုံခြုံစိတ်ချစွာ ထားချိပြီး စိတ်အေးချမ်းသာစွာ တည်းခိုနိုင်ပါသည်။ **အကယ်ဒမီ** မှ ဧည့်သည်တော်များအား နွေးထွေးစွာဖြင့် ဝန်ဆောင်မှုပေးနေပါသည်။
No.(208/D), Shwe Gon Dine Street, Bahan Township, Yangon, Myanmar.
☎ 01 558282, 01 549108, 01 707960 📱 09 861 7966
အမှတ် (၂၀၈/ဒီ)၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁ ၅၅၈၂၈၂၊ ၀၁ ၅၄၉၁၀၈၊ ၀၁ ၇၀၇၉၆၀ 📱 ၀၉ ၈၆၁ ၇၉၆၆

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏
ဝါးခယ်မမြို့သို့ သွားရောက် မျက်စိခွဲစိတ်ကုသမှုအစီအစဉ် ပါဝင်ကုသိုလ်ယူ လှူဒါန်းနိုင်ပါရန် နှိုးဆော်ခြင်း

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)နှင့် မျက်စိခွဲစိတ်ကုသမှု အထူးကုအဖွဲ့သည် ၂၁-၄-၂၀၁၇ ရက်မှ ၂၃-၄-၂၀၁၇ ရက်အထိ ဝါးခယ်မမြို့သို့ သွားရောက်ပြီး နယ်သူ/နယ်သား မျက်စိဝေဒနာရှင်များကို စက္ခုပါလဆေးခန်း၌ (၁၁)ကြိမ်မြောက် အခမဲ့မျက်စိကုသပေးခြင်းနှင့် ဒီဂရီမျက်မှန် တပ်ဆင်ပေးမည် ဖြစ်ပါသည်။ သို့ပါ၍ ဝါးခယ်မနွယ်ဖွားများအနေဖြင့် မျက်စိခွဲစိတ်ကုသမှုအတွက် ကုန်ကျငွေ လူနာတစ်ဦးလျှင်(၄၅၀၀၀/) ကျပ်နှုန်းဖြင့် အောက်ပါနေရာများ၌ လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အသိပေးအပ်ပါသည်။

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)
အမှတ်(၁၂)ပထမထပ်၊ စဉ်ဆိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၆၅၉၀
ဦးသန်းဌေး ဖုန်း-၀၉-၅၁၃၇၁၉၂ Dr.ခင်မောင်ကြိုင် ဖုန်း-၀၉-၅၀၄၉၀၂၂

